www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**Light publishing house**

**15, Awba street, Tarmwe.**

နေဩယျာ ကိုယ်စားမှတဆင့်

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၈၁၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၁၃၀၆၀၁

ပထမအကြိမ်၊ အုပ်ရေ (၅၀၀)
တန်ဖိုး (၆၅၀) ကျပ်
၂၀၀၆၊ ဖေဖော်ဝါရီလ။

အတွင်းပုံနှိပ်သူ
ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက်)
၉၆/ခ၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်ရင်(ရွှေခြေသံ့ပုံနှိပ်တိုက်)
၁၂ သရဖီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမောင်ကလေး (သောကြာ စာအုပ်တိုက်)
၁၅၊ ဩဘာလမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။

နေဝေး (တာပေ) မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်
ဖုန်း ၃၈၇၆၀၆

www.burmeseclassic.com

www.burmeseclassic.com

LIGHT

BURMESE CLASSIC

# နေဦးယျာ

# ကိုယ်စားမှတာခင့်

Light publishing house

www.burmeseclassic.com

www.burmeseclassic.com



" သားမပေါက်တာကမှ တော်ပါသေးတယ်၊ တချို့ဆို မယားတစ်ယောက်တောင်ရအောင် မရှာနိုင်တဲ့သူက ရှိသေး "

" အဟဲ အပူမရှာချင်လို့ပါဗျာ "

ကိုကျော်ဝေက ရှက်ရယ်ရယ်ရင်း သူ့ကိုယ်သူကာကွယ်လိုက်သည်။ ပင်စင်စားကြီး ဦးရန်ဝေးက ခွေးဝါသနာအိုး၊ သူ့အိမ်မှာဆို တယ်ရီယာတို့ ဒိုဘာမင်တို့အစရှိတဲ့ ခွေးမျိုးစုံကို ဈေးကြီးပေးဝယ်ပြီး ထည်လဲမွေးတတ်တဲ့သူ၊ လမ်းဘေးဆိုက္ကားဂိတ်က ခွေးပိန်မသားပေါက်တဲ့ကိစ္စကို ဦးရန်ဝေးက စိတ်ဝင်တစား ထပ်မေးလိုက်သည်။

" ကိုလူကလေး ခွေးကဘယ်နှစ်ကောင်ပေါက်တာလဲဗျ "

" သုံးကောင်လို့ ပြောတာဘဲ "

" အထီးဘယ်နှစ်ကောင် အစ်မဘယ်နှစ်ကောင်လဲဗျ "

ဦးရန်ဝေးက သွေးရိုးသားရိုး သိချင်လို့မေးတာပါ၊ ဦးလူကလေးက သူ့ကိုတမင်ဖွဲ့ပြီးမေးတာပဲဟု ထင်သွားပုံရသည်။ စကားတစ်ခွန်းထည့်သွားပြီး ဦးလူကလေး ထထွက်သွားသည်။

" ကျုပ်သေချာမသိဘူး ဦးသက်မောင်ကိုမေးကြည့် "

တစ်ဝိုင်းကျော်မှာထိုင်နေသော ရပ်ကွက်လူကြီး ဦးသက်မောင်က သူ့နာမည်ကိုပြောသံကြားလိုက်ရသည်မို့ လည်ပြန်လှည့်ကြည့်သည်။ ဦးသက်မောင် မိန်းမမီးဖွားထားသည်က တစ်ပတ်ပင်မပြည့်သေး၊ ဒါကို ဦးရန်ဝေးက မသိ။

" ဗျို့ ကိုသက်မောင် အထီးဘယ်နှစ်ကောင် အစ်မဘယ်
နှစ်ကောင် ပေါက်တာလဲဗျ "

www.burmeseclassic.com

www.burmeseclassic.com



" ကိုရန်ဝေး ခင်ဗျား ရှိင်းလှချည်လား "
" ကျုပ်က သိချင်လို့မေးတာဘဲ ဘာရှိင်းတာပါလို့လဲ "
ဦးလူကလေး ချောက်ချသည်ကို ရိပ်စားမိသော ကျောင်းဆရာလေးကိုကျော်ဝေက အခြေအနေကို အချိန်မီဝင်ထိန်းပေးလေသည်။
" ဦးလေး ဦးရန်ဝေးမေးတာက လမ်းထိပ်ဆိုက္ကားဂိတ်မှာ ခွေးပိန်မ သားပေါက်တာကိုမေးတာပါ "
" လမ်းဘေးက ခွေးသားပေါက်တာကို ငါကမွေးစားရင်းလုပ်ပေးနေရဦးမှာလား "
" ခင်ဗျားက ရပ်ကွက်လူကြီးပဲ ဘာမဆိုသိထားသင့်တာပေါ့ "
ဦးရန်ဝေးက မဆီမဆိုင်စကားကို ကပ်ပြောလိုက်သေးသည်။ ဦးသက်မောင်မှာ ရှူးရှူးရှားရှားဖြင့် ဆိုင်ထဲမှထွက်ရင်းပြောသွားသည်။
" တော်ပြီ တော်ပြီ စကားဆက်ပြောနေရင် ဒေါသတွေပါလာတော့မယ် "
ဦးရန်ဝေးက ကျောင်းဆရာလေးကိုကျော်ဝေနှင့် လက်သမားဆရာကိုပေါကို အဖော်စပ်သည်။
" ခွေးသားပေါက်ထားတာကို သွားကြည့်ကြရအောင် "
" အားအားယားယားဗျာ. . . ကျုပ်ကတော့ မလိုက်နိုင်ဘူး၊ အလုပ်သွားရဦးမယ် "
" ဦးလေးသွားကြည့်ချင်ကြည့်လေ. . . ကျွန်တော်အဖော်လိုက်ပေးပါ့မယ် "

www.burmeseclassic.com

www.burmeseclassic.com



ကိုပေါ်ရှောင်ထွက်သွားသည်။ ဦးရန်ဝေးနှင့် ကိုကျော်ဝေတို့ ဈေးတည့်သွားသည်။ လက်ဖက်ရည်ဖိုးရှင်ပြီး ဦးရန်ဝေးနှင့်ကိုကျော်ဝေတို့ ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။

ဆိုက္ကားဂိတ်ကို ဦးရန်ဝေးနှင့် ကိုကျော်ဝေတို့ရောက်တော့ ဆိုက္ကားဆရာရွှေဂဲရဲ့ ဆိုက္ကားတစ်စီးပဲ ဂိတ်ထိုးထားသည်ကို တွေ့ရသည်။ ဦးရန်ဝေးက ရွှေဂဲကို အလောတကြီးမေးသည်။

" ဟေ့ ရွှေဂဲ၊ ခွေးပိန်မ သားပေါက်တယ်ဆို "

" ဟုတ်တယ် ဦးလေး၊ ဘာလဲ ဦးလေးအိမ်မှာ ခွေးလေးတွေကိုခေါ် မွေးပြီး ရောင်းစားမလို့လား "

ရွှေဂဲက အပြောင်အပြက်ပြောခြင်းဖြစ်သည်။ ဒါပေမယ့် ကြုံရင်ကြုံသလို ခွေးအရောင်းအဝယ်လုပ်တတ်သော ဦးရန်ဝေးမှာ အရှိက်ထိသွားသည်။

" ဟေ့ကောင် မင်းငါ့ကိုစော်ကားတာလား၊ လမ်းဘေးက ခွေးကို ဘယ်သူက ဝယ်မှာတဲ့လဲ "

" ကျွန်တော်က နောက်တာပါ ဦးလေးရယ် "

" ရွှေဂဲ ခွေးပိန်မက ခွေးထီးဘယ်နှစ်ကောင် ခွေးမဘယ်နှစ်ကောင်ပေါက်တာလဲ "

" အဲ. . . ကျွန်တော်တောင် ခွေးပိန်မကို မီးနေမမေးရသေးဘူး၊ သိချင်ရင်တော့ ဆရာလေးကိုကျော်ဝေဖာသာ သေချာသွားကြည့်လိုက်ဗျာ. . . ဟို ကျင်းထဲမှာ "

ကိုကျော်ဝေနှင့် ရွှေဂဲတို့ အပြန်အလှန်ပြောနေကြစဉ်မှာပဲ ဦးရန်ဝေးက သိချင်စောဖြင့် ခွေးပိန်မဝပ်နေသော တစ်ထွာလောက်နက်သည့် ကျင်းလေးရှိရာကို လှမ်းသွားလိုက်သည်။ ခွေး

www.burmeseclassic.com

www.burmeseclassic.com



ကလေးများက ခွေးပိန်မရဲ့ နို့ကိုအလုအယက်စို့နေကြ၏။ ကျင်း အနီးကို ဦးရန်ဝေး ရုတ်တရက်လာရပ်သည်မို့ ခွေးပိန်မကလန့်ပြီး ခြေထောက်ကို ဟပ်လိုက်သည်။

" အောင်မလေးဗျ ကိုက် ကိုက်တယ် "

" ဟာ ဦးလေး ဦးရန်ဝေး အကိုက်ခံလိုက်ရပြီ၊ ရွှေဂဲလုပ်ပါဦးဟ "

ကိုကျော်ဝေနှင့် ရွှေဂဲတို့ ဦးရန်ဝေးအနီးကို ကပ်သွားလိုက်ကြသည်။ ငထွားဆိုက္ကားလဲ ဂိတ်ထိုးလာသည်။ မဲပြုတ်ရောင်းရင်းဆိုက္ကားဂိတ်အနီးကိုရောက်လာသော မိပိုက ငထွားကို စပ်စုလိုက်၏။

" ဟဲ့ ငထွား ဘာဖြစ်နေကြတာလဲ "

" ဦးရန်ဝေးကို ခွေးပိန်မက ကိုက်လိုက်လို့တဲ့ "

" ခွေးပိန်မက အလွန်သဘောကောင်းတဲ့ခွေးပါ၊ ဦးရန်ဝေးက ဘာသွားလုပ်လို့ကိုက်တာလဲ "

" အနားကပ်သွားတော့ သူ့နို့ကို လုစို့မယ်ထင်ပြီးကိုက်လိုက်တာနေမှာပေါ့ "

ငထွားက နောက်တီးနောက်တောက်ပြောလိုက်သည်။ မိပိုက ငထွားကို ကျိန်ဆဲရင်းထွက်သွားလေသည်။ ရွှေဂဲဆိုက္ကားဖြင့် ဦးရန်ဝေးကို ဆေးခန်းလိုက်ပို့ကြသည်။ အလုပ်သွားရန် ထွက်လာသော ကိုပေါ်နှင့်မိပိုတို့ လမ်းမှာဆုံသည်။ မိပိုက သတင်းအမိအရ ပေးလိုက်သေးသည်။

" ဦးရန်ဝေးကို ခွေးပိန်မက ကိုက်လွှတ်လိုက်တာ သေမလား ရှင်မလားတောင် မပြောနိုင်ဘူး ကိုပေါ်ရဲ့ "

www.burmeseclassic.com

www.burmeseclassic.com



" လည်ပင်းကို ကိုက်လွှတ်လိုက်လို့လား "

သေနိုင်မည့်နေရာကို အပြေးအလွှားထပ်စဉ်းစားကြည့်မိတော့ ကိုပေါသူ့ဖာသာပြုံးမိသည်။ ဒါကို မိပိုက တမျိုးထင်သွားပုံရသည်။

" ခြေထောက်ကို အကိုက်ခံရတာပါတော်၊ နေပါဦး တော်က ဦးရန်ဝေး ခွေးကိုက်ခံရတာကို ဝမ်းသာလို့ပြုံးတာလား "

" ဟာ ဘယ်က ဝမ်းသာလို့ပြုံးရမှာလဲ၊ နင်ပဲသေမလား ရှင်မလားမသိဘူးဆိုလို့ သေလောက်မယ့်နေ့ာက်တစ်နေရာကို စဉ်းစားမိလို့ပါ၊ အစောကြီးကတည်းက ကျောင်းဆရာလေး ကိုကျော်ဝေ၊ ဦးရန်ဝေးတို့ ခွေးပိန်မလည်ပင်းကို ဦးရန်ဝေးတက်နင်းရဲ မနင်းရဲ လောင်းကြေးစားကြေး စိန်ခေါ်နေကြတာဟ၊ ငါတောင် ဦးရန်ဝေးကို စိုးရိမ်လို့တားပါသေးတယ်၊ သွားမယ်ဟာ ငါအလုပ်သွားဖို့နောက်ကျနေပြီ "

မိပိုအကြောကိုသိသောကြောင့် ကိုပေါက အညှောင့်ထောင်လွှတ်လိုက်သည်။ ကျောင်းဆရာလေး ကိုကျော်ဝေတော့ ခံပေဦးရော့ပဲ။ မိပိုရဲ့ကောင်းမှုကြောင့် သတင်းမှားကြီးတစ်ခုက ရပ်ကွက်အတွင်းမှာ တောမီးပမာ တမဟုတ်ခြင်း ပျံ့နှံ့သွားလေတော့သည်။

" ကိုသက်မောင် တော်ကြားပြီးပလား ကျောင်းဆရာလေး ကိုကျော်ဝေနဲ့ ဦးရန်ဝေးတို့ လောင်းကြေးစားကြေး ခွေးပိန်မလည်ပင်းကို ဦးရန်ဝေးသွားနင်းလို့ အကိုက်ခံလိုက်ရသတဲ့ "

" ဟော. . . နင့်ကို ဘယ်သူပြောတာလဲ "

" စောစောကပဲ ပဲပြုတ်သည် မိပိုပြောသွားတာ၊ သူကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင် မြင်ခဲ့တွေ့ခဲ့ရတာတဲ့ "

" တော့်တော်မိုက်တဲ့ လူတွေပဲ၊ မိပိုပြောသွားတာ ဖြစ်နိုင်တယ်၊ မနက်က လက်ဖက်ရည်ဆိုင်မှာ သူတို့နှစ်ယောက် ခွေးပိန်မအကြောင်းပြောနေတာ၊ ငါကိုတောင်မဆီမဆိုင် ဆွဲထည့်နေလို့ စိတ်တိုခဲ့ရသေးတယ် "

ရပ်ကွက်လူကြီး ဦးသက်မောင်က အတည်ပြုချက်ပေးလိုက်သည်။ ကျော်မကောင်းကြားမကောင်း ကိစ္စကြီးမို့ ဦးရန်ဝေးမိန်းမ ဒေါ်မြနှစ်က ထမီကိုစုံမပြီး ကျောင်းဆရာလေးကိုကျော်ဝေရဲ့ အိမ်ကိုမောင်းတင်ပြီးသွားသည်။

မေတ္တာရှင်ဆေးခန်းမှာ ဆေးထည့်ပြီး၊ ဆေးထိုးပြီး ဦးရန်ဝေးကို ရွှေဂဲဆိုက္ကားဖြင့် အိမ်လိုက်ပို့ပေးသည်။ အိမ်ရောက်လို့ အောက်ကိုမင်မဆင်းရသေး၊ ဦးရန်ဝေးသမီးမိုးသီတာဝေးက ဆီးပြီး အပြစ်တင်ရင်း သတင်းပေးသည်။

" အဖေရယ် လူကြားလို့မှ မကောင်းနော်၊ အမေကတော့ ကိုကျော်ဝေကို ရန်ထောင်ဖို့ထွက်သွားလေရဲ့ သမီးကတားမိလို့ သမီးကိုတောင် ဆူပွက်သွားသေးတယ် "

" ဘယ်လို သမီးအမေက ဘာကိစ္စ မောင်ကျော်ဝေကို ရန်သွားထောင်ရတာလဲ "

ရပ်ကွက်ထဲမှာ ဖြစ်ပေါ်နေသော သတင်းကို မိုးသီတာဝေးက ပြန်ပြောလိုက်တော့ ဦးရန်ဝေးမျက်လုံးကြီးပြူးသွားသည်။

" ဟာ. . . မဟုတ်တာတွေ၊ ရွှေဂဲ ငါ့ကို မောင်ကျော်ဝေတို့ အိမ်လိုက်ပို့ပေးဦး၊ မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့မယ် "

ဦးရန်ဝေးက စိုးရိမ်၍ အလောတကောလိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ဝေး မိန်းမဒေါ်မြနှစ်နှင့်ကိုကျော်ဝေရဲ့ အမေဒေါ်အေးစိန်တို့ ပါးစပ်ချင်း စစ်ခင်းနေသော အရှိန်ကတော်တော်ရနေလေပြီ။

" တော့်သား ကျောင်းဆရာကောင်က ကျုပ်ယောက်ျားကို ဒုက္ခမရောက်ရောက်အောင်တမင်လုပ်တာကို တော်က ကာဆည်း ကာဆည်း မပြောပါနဲ့ "

" ပြောရမယ်ဟဲ့ ပြောရမယ် နင့်ယောက်ျားက ကလေးမှ မဟုတ်ဘဲ သူ့ဖာသာစဉ်းစားပေါ့. . . ခွေးသားအုပ်မလည်ပင်း ကို သွားနင်းရင် ကိုက်မယ်ဆိုတာ ကလေးက အစသိတယ် "

" ဘာပဲဖြစ်ဖြစ် တော့်သား အညှော်ငဲ့ထောင်လို့ ဖြစ်ရ တာ "

" နင့်ယောက်ျား ရှူးလို့ဖြစ်တာကို ထည့်ပြောဦးလေ "

ရပ်ကွက်လူကြီး ဦးသက်မောင်ရောက်လာပြီးဖြန်ဖြေ သည်။ လုံးဝမရ။ မတတ်သာသည့် အဆုံးရပ်ကွက်ရုံးကိုပဲ ခေါ်ရ တော့သည်။

" ကဲ ကဲ. . . ဒီလောက်တောင် ဖြစ်နေကြရင်လည်း နှစ်ယောက်စလုံး ရပ်ကွက်ရုံးကိုသာလိုက်ခဲ့ကြပေတော့ ဟော ကို ရန်ဝေး၊ ခင်ဗျားပါ ရပ်ကွက်ရုံးကိုလိုက်ခဲ့ပါ "

ဆိုင်ကားဖြင့် ဝင်လာသော ဦးရန်ဝေးကိုပါ ဦးသက်မောင် က တဆက်တည်းပြောလိုက်သည်။ ဦးရန်ဝေးခမျာ အီလည်လည် ကြီးဖြစ်သွားရ၏။ ဦးသက်မောင်က ပြောရင်းဆိုရင်းထွက်သွား သည်။

" ဟေ့ကောင် ရွှေဂဲ၊ ဆရာလေး မောင်ကျော်ဝေကို လိုက် ရှာပြီး ရပ်ကွက်ရုံးကို လိုက်လာခဲ့ဖို့ သွားပြောပေးစမ်းပါကွာ "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးလေး၊ ဆိုက္ကားဂိတ်မှာ ဆရာလေးထိုင်နေရစ်ခဲ့တာပဲ၊ သွားခေါ်ခဲ့ပါ့မယ်"

*

www.burmeseclassic.com

www.burmeseclassic.com



ဆိုက္ကားဆရာများ နားနေရန် ဆောက်လုပ်ထားသော ဓနိမိုးတဲလေးထဲမှာ ဝါးကွပ်ပျစ်လေးများရှိသည်။ တဲလေးအနီးမှာ စိန်ပန်းပင်ကြီးက အရိပ်ထက်ပေးထားသည်မို့ အေးအေးချမ်းချမ်းထိုင်လို့ကောင်းသည်။ ဆိုက္ကားမာစတာများဖြစ်ကြသော ရွှေဂဲ၊ ငထွား၊ ဖိုးဆောင်း၊ ကြက်ဖတို့နှင့် ကိုကျော်ဝေက အဖွဲ့ကျသည်။ ရိုးရိုးအေးအေး နေတတ်သော ကိုကျော်ဝေကို ဆိုက္ကားဆရာများကလေးစားခင်မင်ကြ၏။

" ခွေးပိန်မက တော်တော်သဘောကောင်းတဲ့ ခွေးပါဗျာ၊ ဒီနေ့မှာ ဘာဗွေဖောက်တယ်မသိပါဘူး "

" အေးပေါ့ဗျာ ခွေးသားအုပ်မ ဆိုတော့လဲ သားသမီးဖော နဲ့လှမ်းဟန့်ရင်း ဟပ်လိုက်မိရှာတာပဲ ဖြစ်မှာပေါ့ "

ငထွားစကားကို ကိုကျော်ဝေက နားလည်ပေးလိုက်သည်။ ဖိုးဆောင်းက ဘာမပြောညာမပြော ခွေးပိန်မအနီးကိုထသွားသည်။ ခွေးပေါက်လေးကို အသာအယာမယူလာ၏။

" တွေ့လား ကျွန်တော်တို့ကျတော့ ဘာလို့မကိုက်လဲ ဆရာလေးရဲ့ "

" အင်း တိရစ္ဆာန်ဆိုပေမယ့် မင်းတို့က နေ့တိုင်းစားကြွင်းစားကျန်တွေကို ကျွေးနေကြတာဆိုတော့ သခင်တွေလို ဖြစ်နေတာကိုး "

ဖိုးဆောင်း လက်တွေ့သက်သေပြသည်ကို ကိုကျော်ဝေက နားလည်သလို ပြောလိုက်သည်။ ကိုကျော်ဝေရဲ့စကားကို ကြက်ဖ

www.burmeseclassic.com

www.burmeseclassic.com



က အတွန့်ပြန်တက်၏။

" ကျွန်တော်ကတော့ အဲဒီလို မထင်ဘူး၊ ဦးရန်ဝေးဆိုက နိုင်ငံခြားခွေးနဲ့ရလို့ အမြင်ကပ်ပြီးဆော်ထည့်လိုက်တယ် ထင်တာပဲ "

" ဟာကွာ ပေါက်ပေါက်ရှာရှာ ကြက်ဖရာ "

ကိုကျော်ဝေနှင့် ဆိုက္ကားမာစတာများ စကားဝိုင်းဖွဲ့နေကြစဉ်မှာပဲ ကုန်စုံဆိုင်ပိုင်ရှင် ဦးလူကလေးက ကျွပ်ကျွပ်အိတ်ထုတ်လေးကို ဆွဲပြီးလှမ်းလာသည်။ ဖိုးဆောင်းက လှမ်းမေး၏။

" ဘာတွေတုန်းဗျ ဦးလူကလေး "

" ခွေးပိန်မကို ဂုဏ်ပြုတဲ့အနေနဲ့ ထမင်းလာပို့တာပါကွာ"

ဖိုးဆောင်းက အိတ်ကလေးကို လက်ပြောင်းယူလိုက်ရင်း ဖွင့်ကြည့်လိုက်သည်။ ဖိုးဆောင်းမျက်လုံးများ အရောင်ပြောင်းသွား၏။ လျှာကိုနှုတ်ခမ်းမှာ သပ်ရင်းပြောသည်။

" ဟာ ပွတာပဲ ကြက်သားဟင်းတွေအများကြီး၊ ကျွန်တော့်ထမင်းချိုင့်ရောက်လာရင် ပိန်မကို ကျွေးလိုက်မယ်. . . ဒါတွေကိုတော့ အဟဲ "

" မင်းကွာ မကြံကောင်းမစည်ရာ ခွေးပိန်မအပေါ်က ခေါင်းပုံမဖြတ်ပါနဲ့ ပြစမ်း နည်းနည်းလောက်မြည်းကြည့်စမ်းမယ်"

ငထွားက ဖိုးဆောင်းကို ရှုတ်ချသလိုလိုပြောရင်း ကြက်သားတဖတ်ကို နှိုက်စားလိုက်သည်။ ဦးလူကလေးက ဖိုးဆောင်းလက်ထဲက အိတ်ကိုပြန်လုယူလိုက်သည်။

" မင်းတို့နဲ့တော့ ခက်နေပြီ ငါက ခွေးပိန်မကို ကျွေးချင်လွန်းလို့ ငါ့မိန်းမကို ဈေးတစ်ခေါက်ပြန်သွားခိုင်းပြီး ဟင်းကူးတက

www.burmeseclassic.com



လုပ်လာရတာ၊ ဘယ်သူမှ မစားရဘူး ”

ဦးလူကလေးက ခွေးပိန်မရှေ့မှာ အထုပ်ကိုဖြေချပြီး ကျွေးလိုက်သည်။ ငါးပိရည်လူးထားသော စားကြွင်းစားကျန်များဖြင့်သာ နေ့စဉ်အသားကျလာခဲ့သော ခွေးပိန်မက ချက်ချင်းမစား၊ နမ်းကြည့်နေသေးသည်။ စားမယ့် စားတော့လဲ ကျွပ်ကျွပ်အိတ်ကိုပါ ဝါးစားတော့မတတ်ပင်၊ ခွေးပိန်မ မြိန်ရည်ယှက်ရည်စားနေသည်ကို ကြည့်နေကြရင်း ဖိုးဆောင်းက ဦးလူကလေးကိုမေးသည်။

“ ဦးလေး ခွေးပိန်မကို အခုလိုနေ့တိုင်းလာကျွေးမှာလား ”

“ ဟေ ဘာဖြစ်လို့လဲ ”

“ ဘာမှတော့ မဖြစ်ပါဘူး၊ ကျွန်တော့်ဆိုက္ကားဂိတ် ပြောင်းထိုးရမလားလို့ပါ . . . တော်ကြာ ခွေးပိန်မ စားတာကို ကြည့်ပြီး နေ့တိုင်းမနာလို ဖြစ်နေရရင်မကောင်းဘူးလေ ”

ဖိုးဆောင်းစကားကြောင့် အားလုံးမသက်မသာ ရယ်မောလိုက်ကြရသည်။ ရယ်မောလို့ပင် မဆုံးသေး ဆိုက္ကားဆရာရွှေဂဲ မောကြီးပန်းကြီးဖြင့်ရောက်လာ၏။

“ ဆရာလေးကိုကျော်ဝေကို ဦးသက်မောင်က ရပ်ကွက်ရုံးကို အခုချက်ချင်းလာခဲ့ပါလို့ မှာလိုက်တယ် ”

“ ဟေ. . . ငါက ဘာကိစ္စရပ်ကွက်ရုံးကို သွားရမှာလဲ ”

ရွှေဂဲက အဖြစ်အပျက်အစုံအလင်ကို ရှင်းပြလိုက်သော့မှ ကိုကျော်ဝေခမျာ သူ့နဖူးကိုသူ လက်ဝါးဖြင့်ရိုက်လိုက်မိလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ငြိမ်း ဘယ်သွားမလို့လဲ "

ရဲစွမ်းနိုင်က အေးအေးငြိမ်းအနီးကို ရုတ်တရက်ကြီးဝင်ကပ်ပြီးမေးလိုက်သည်။ အေးအေးငြိမ်းမှာ ရင်အခုန်မြန်သွားမိသည်။ အေးအေးငြိမ်းကို ရဲစွမ်းနိုင်ချဉ်းကပ်နေသည်မှာ တော်တော်ပင်ကြာနေပြီ။ အေးအေးငြိမ်းက မထုံတတ်တေး လုပ်နေခဲ့သည်။

" ငြိမ်း ဘယ်သွားမလို့လဲလို့ ကိုယ်မေးနေတယ်လေ "

ရဲစွမ်းနိုင်က အားမလိုအားမရ ထပ်မေးသည်။ အေးအေးငြိမ်းမှာ ကြောက်သလိုရွံ့သလို ဖြစ်လာသည်။

" ဟို ဟိုလေ၊ သီတာခိုင်တို့အိမ်မှာ ဘောလုံးပွဲသွားကြည့်မလို့ "

" ဟာကွာ "

ရဲစွမ်းနိုင် ဘာပြောရမှန်းမသိ ဖြစ်သွားရသည်။ ဒီလောက်ထုံပေပေ အေးစက်စက်ကောင်မလေးက ကမ္ဘာ့ဖလားဘောလုံးပွဲသွားကြည့်မည်ဆိုတော့ နားလည်ရတော်တော်ခက်သွားပါသည်။ သူ့ဖာသာ ဘောလုံးပွဲကြည့်ကြည့်၊ လက်ဝှေ့ပွဲကြည့်ကြည့် မဆိုင်ပါဘူးလေဟု သဘောထားလိုက်ရသည်။

" ကိုယ် ငြိမ်းကို အဖော်လိုက်ခဲ့ပေးမယ်နော် "

" လူတွေက တမျိုးထင်ကုန်လိမ့်မယ်၊ မလိုက်ခဲ့ပါနဲ့ "

www.burmeseclassic.com

www.burmeseclassic.com



" လူတွေတမျိုးထင်ကုန်တာက အရေးမကြီးဘူး၊ ဦးရန်ဝေးမနက်က ခွေးကိုက်ခံလိုက်ရတဲ့သတင်းကိုကြားတယ် မဟုတ်လား၊ ရပ်ကွက်ထဲမှာ ခွေးအန္တရာယ်ရှိတယ် "

မဆီမဆိုင် ခွေးပိန်မနှင့်လှည့်ခြောက်ကြည့်လိုက်သည်။ အေးအေးငြိမ်းက ခပ်တွေတွေလေးစဉ်းစားပြီး ပြန်ပြောသည်။

" ဦးရန်ဝေးက ခွေးလည်ပတ်ကို သွားဖြုတ်လို့ အကိုက်ခံရာတာဆို "

" ဟာ မဟုတ်ပါဘူး "

အေးအေးငြိမ်းပြောလိုက်မှ သတင်းအခြေအနေက ပိုဆိုးသွားသည်။ ဒီကောင်မလေးက သူကြားချင်သလို ကြားတတ်တာအကျင့်။

" ငြိမ်း ကိုယ်ပေးထားတဲ့စာကို မပြန်သေးဘူးနော်၊ ဖတ်ကြည့်ပြီးပြီ မဟုတ်လား "

" အင်း ဖတ်တော့ ဖတ်ကြည့်တယ်၊ သိပ်နားမလည်တာနဲ့ အမေ့ကိုပါ ကူဖတ်ခိုင်းရသေးတယ်၊ အမေကလဲ နားမလည်ဘူးတဲ့ "

" ဟိုက်. . . သေပါတော့ကွာ "

အေးအေးငြိမ်းစကားကြောင့် ရဲစွမ်းနိုင်ခမျာ ဓါတ်တိုင်တိုခေါင်းနှင့်ပင် ပြေးဆောင့်ချင်စိတ်ပေါက်သွားမိတော့သည်။

" ကိုယ် ငြိမ်းကိုသိပ်ချစ်မိနေပြီဆိုတဲ့ အကြောင်းကိုမော်ဒန်နည်းနဲ့ရေးထားတာ "

" ဩော် "

ရဲစွမ်းနိုင်က အားတက်သရောပြောနေသလောက် အေး

www.burmeseclassic.com

www.burmeseclassic.com



အေးငြိမ်းက ဩော်တစ်လုံးတည်းဖြင့် အေးတိအေးစက်။

" ငြိမ်းကိုယ့်ကို အဖြေပေးဦးလေ "

" ဘာကို ဘယ်လိုဖြေရမှာလဲ "

" ချစ်ပါတယ်လို့ ပြန်ဖြေပေါ့ "

အေးအေးငြိမ်းက မျက်မှောင်လေးတစ်ချက် ကုတ်ပြီးစဉ်းစားလိုက်သည်။ ဤမျှအလေးအနက်ထားသည်ကိုပင် ရဲစွမ်းနိုင်ကျေနပ်လှပြီ။ အေးအေးငြိမ်းအမူအရာကြောင့် ရင်တွေတဒိန်းဒိန်းခုန်နေရသည်။ အေးအေးငြိမ်းထံမှ ခစ်ကနဲ တစ်ချက်ရယ်သံကြလိုက်ရ၏။

" ဈေးကြည့်ရင် ရယ်စရာကြီးနော် "

" ဟာကွာ ဘာရယ်စရာပါလို့လဲ "

" ချစ်တယ်လို့ ဖြေလိုက်ရင် ရည်းစားဖြစ်သွားမယ်၊ ရည်းစားဖြစ်ပြီးရင် လက်ထပ်ဖို့ စဉ်းစားကြမယ်၊ လက်ထပ်ပြီးရင် ဟီးဟီး. . . သွားတော့မယ် "

ဘယ်လိုကြီးမှန်းလဲမသိ၊ သူ့ဖာသာ တဟီးဟီးလုပ်ပြီး ခပ်သွက်သွက်လှမ်းထွက်သွားတော့သည်။ ရဲစွမ်းနိုင် အတွက်ေ ဘာအဖြေမှလဲ မရလိုက်။ ဆိုက္ကားဂိတ်နှင့် မလှမ်းမကမ်းက အေးအေးငြိမ်းရောက်လာသည်ကို ရွှေဂဲက လှမ်းမြင်သည်။ အေးအေးငြိမ်းအကို ဖိုးဆောင်းဘက်ကိုလှည့်ပြီး ရွှေဂဲက မကြားတကြားပြောသည်။

' အချစ်ကလေးတောင် ငါ့ဆီလိုက်လာတယ်ထင်တယ် '

ဖိုးဆောင်းက သူ့ညီမကို ရည်ရွယ်ပြီးနောက်သည်ကို သိလိုက်သည်။ စိတ်တော့မဆိုး။ အေးအေးငြိမ်း ဆိုက္ကားဂိတ်အနီး

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့မှ အပိုင်ချည်လိုက်သည်။

" မိငြိမ်း ဟောဒီကောင် ရွှေဂဲက နင့်ကိုကြိုက်လို့တဲ့ "

" ဟာ . . . ဟော့ကောင် မင်းကွာ "

ရွှေဂဲက ဆိုက္ကားထက်က ခုန်ဆင်းပြီး မျက်နှာကြီးနီရဲကာ ပြေးထွက်သွားသည်။ ငထွားနှင့် ကြက်ဖတို့က ဝိုင်းရယ်ကြသည်။ အေးအေးငြိမ်းက တလွဲကြားသည်။

" အောင်မယ် ကိုရွှေဂဲက ကျုပ်ကိုဘာကိစ္စကြောက်ရတာလဲ. . . လူကိုများ ဘီလူးသရဲကျလို့ ကိုရွှေဂဲ ဒီကိုလာစမ်းပါဦး "

အေးအေးငြိမ်းက ရွှေခဲကိုလှမ်းခေါ်နေသေး၍ ပိုဆိုးသွားသည်။ ရွှေဂဲမှာပို၍ ဝေးဝေးပြေးသွားလေတော့သည်။

" ဟောတော် တကယ်ကို ကြောက်တာကိုး "

ဆိုက္ကားဂိတ်အနီးက အေးအေးငြိမ်းထွက်သွားတော့မှ ရွှေဂဲပြန်ရောက်လာသည်။

" အတော်ဆိုးတဲ့ဖိုးဆောင်း ငါက နောက်တဲ့ဟာကို ပေါ်တင်ကြီးလုပ်ထည့်တယ် "

" ငါက အတည်ပြောပေးတာပဲ၊ ငါ့ညီမကို လင်ပေးစားချင်နေတာကြာပြီ၊ ဒါမှ ငါတာဝန်ပေါ့မှာ အမေ့ကိုတောင် ဘယ်သူနဲ့ပေးစားရရင်ကောင်းမလဲလို့ စဉ်းစားနေတာ "

" ဟာကွာ မဟုတ်တာ "

သူတို့ ဆိုက္ကားသမားတွေ တွေ့ကရာလျှောက်ပြောနေကြတုန်းမှာပဲ ပဲပြုတ်သည် မိပိုယောက်ျားအောင်မောင်း ယိုင်ထိုးယိုင်ထိုးဖြင့် လမ်းလျှောက်လာသည်။ သူ့လက်ထဲမှာ ကျွပ်ချွပ်အိတ်အထုပ်လေးနှစ်ထုပ်ဆွဲလာသည်။ ငထွားက အောင်မောင်းကိုလှမ်း

www.burmeseclassic.com



နောက်သည်။

" အောင်မောင်း စောစောစီးစီး ကောင်းလာပြီထင်တယ် "

" စောသည်၊ ဆာသည် ပြည့်အင့်သည်ဆိုတဲ့ ပျင်းရိခြင်းတရားတွေနဲ့ ကင်းအောင်နေတဲ့ အောင်မောင်းပါကွ၊ ဟောဒီမှာ ခွေးပိန်မအတွက် ဒါနပြုဖို့ "

ပြောပြောဆိုဆိုဖြင့် အထုပ်တစ်ထုပ်ကို ခွေးပိန်မရှေ့ပစ်ချပေးသည်။

အထုပ်လေးထဲမှာက အမဲသားအတိုအစများနှင့် အရိုးများ၊ သူ့လက်ထဲက အထုပ်ကိုကြည့်ပြီး ကြက်ဖကမေးသည်။

" အဲ့ဒီ အထုပ်ကိုကျ ဘာလို့မကျွေးတာလဲ "

" ဒီနေ့ ဈေးထဲကို ဈေးကွဲချိန်ဝင်ပြီး အလှူခံတယ်၊ အမဲသားဆိုင်နှစ်ဆိုင်က ခွေးပိန်မစားဖို့ရောင်းလို့ ကျန်တဲ့ထဲက အရိုးအရင်းတွေစုပေးလိုက်တယ်၊ တစ်ထုပ်ကို မင်းတို့အမြင်ပဲ ကျွေးလိုက်ပြီ၊ ဒီတစ်ထုပ်က အသားပိုများတယ်၊ ညနေအမြည်းအတွက် ငါယူလိုက်တော့မယ် "

" ကောင်းကွာ. . . ခွေးအကြောင်းပြုပြီး အလှူခံဖို့စဉ်းစားမိတာပဲ အံ့ဩပါပေ့ "

ရွှေဂဲက ခပ်ငေါ်ငေါ်ပြောသည်။ အောင်မောင်းက ဈေးထဲမှာကုန်ထမ်းသူမို့ နေ့စဉ်အလှူခံမည်မှာ တွေးစရာပင်မလိုပါ။ လုပ်စားကွက်တစ်ကွက်ဟု မှတ်ချက်ချလိုက်ကြသည်။

" လုပ်စားတတ်ပါပေ့ အောင်မောင်းရယ် "

ဘယ်သူက ဘာပြောပြော အောင်မောင်းက အချိန်တန်

www.burmeseclassic.com

www.burmeseclassic.com



ရင် ရှိဝေဝေနှင့် ရပ်ကွက်လမ်းပေါ်မှာ သီချင်းတကြော်ကြော်အော်ဆိုရင်း ခွေးတစီစီလျှောက်သွားနေမည်ပင်။

*

ပြီး

www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်း လက်ဖက်ရည်ဝိုင်းမှာ ကျောင်းဆရာလေး ကိုကျော်ဝေကို ဦးလူကလေးကမေးသည်။

" နေစမ်းပါဦး၊ ကိုရန်ဝေးကို ခွေးလည်ပင်းနင်းတယ်လို့ သတင်းစဖြန့်တာ ဘယ်သူတဲ့လဲ "

" ပဲပြုတ်သည် မိပိုပဲနေမှာပေါ့ "

ကိုကျော်ဝေနှင့် ဦးလူကလေး စကားကိုနားထောင်ရင်း လက်သမားဆရာကိုပေါ်က မအောင့်အီးနိုင်တော့ဘဲ ရယ်သည်။

" အဟဲ. . . ဆရာလေးကိုကျော်ဝေရေ စိတ်တော့မဆိုးနဲ့ဗျာ၊ ကျွန်တော် အမှန်အတိုင်းဝန်ခံတာပါ၊ တကယ်ချွန်ပေးလိုက်တာက ကျွန်တော်ဗျ၊ မိပိုအကြောင်းသိလို့ စကားထည့်လိုက်တာပါ၊ အခုလောက်ကြီး ဖြစ်သွားမယ်မထင်ဘူးလေ "

" ကိုပေါ်ရယ်. . . နောက်ရက်ပါပေ့၊ ရပ်ကွက်လူကြီးတွေကပါ အဟုတ်ထင်ပြီး နောက်နောင်ကို အခုလိုမလုပ်ဖို့ ဆုံးမနေကြသေးတယ်၊ မနည်းကြီး ရှင်းပြခဲ့ရတာဗျ "

ကိုကျော်ဝေက စိတ်ပျက်လက်ပျက်ပြောသည်။ ဦးလူကလေးက တွေးတွေးဆဆ ဝင်ပြောသည်။

" ကိုရန်ဝေး ဒဏ်ရာက အခြေအနေဘယ်လိုနေလဲ မသိဘူး၊ လက်ဘက်ရည်ဆိုင်ကိုတောင်ထွက် မလာပါလား "

" အေးဗျနော်. . . ကျွန်တော်တို့ အခြေအနေသွားမေးမှကောင်းမယ်ထင်တယ် "

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား လက်ဖက်ရည်ဖိုးရှင်းပြီး ထလိုက်ကြသည်။ ဆိုက္ကားဆရာ ဖိုးခေါင်းက လက်ဖက်ရည်ဆိုင်ဆီလှမ်းလာရင်း ကိုကျော်ဝေကိုမေးသည်။

" ဆရာလေးတို့ အစောကြီးထပြန်ကြတော့မလို့လား "

" ဦးရန်ဝေး ဆီဝင်ပြီးမှ ပြန်မှာပါကွာ၊ ခွေးကိုက်တဲ့ ဒဏ်ရာ သက်သာရဲ့လား ဝင်မေးရဦးမယ်လေ "

ကြက်ဖ၊ ငထွား၊ ရွှေဂဲတို့လဲ ဆိုက္ကားကိုယ်စီဖြင့် လက်ဖက်ရည်ဆိုင်ကို ရောက်လာကြသည်။ ဖိုးခေါင်းက ဆီးပြောသည်။

" ဆရာလေး ကိုကျော်ဝေတို့တော့ ဦးရန်ဝေးအိမ် သတင်းမေးသွားကြလေရဲ့ "

" အေး ဟုတ်သားပဲ၊ ငါတို့ ဆိုက္ကားဂိတ်မှာ ဖြစ်တဲ့ကိစ္စပဲ ငါတို့လဲ သွားမေးဖို့ ဝတ္တရားရှိတာပေါ့ "

ရွှေဂဲက လူကြီးလူကောင်းဟန်မျိုးဖြင့် အစပြုပြောလိုက်သည်။ ကြက်ဖက အကြံပေးလာသည်။

" ဒါဆိုလဲ ဆိုက္ကားဂိတ်မထိုးခင် အခုပဲသွားကြရင် ကောင်းမယ်ထင်တယ် "

" ကြက်ဖပြောတာမှန်တယ် အခုပဲသွားကြမယ် "

ဆိုက္ကားဆရာလေးယောက် ဆိုင်ထဲမှထွက်တော့ ရပ်ကွက်လူကြီး ဦးသက်မောင်က လှမ်းမေးသည်။

" ဘယ်သွားကြမလို့လဲကွ "

" ဦးရန်ဝေး အခြေအနေ သွားမေးကြမလို့ပါ ဦးလေး "

" ဟာ ဟုတ်တာပေါ့ . . . မင်းတို့ကတော့ သွားမေးသေးတာ ငါကလူကြီးတစ်ယောက်အနေနဲ့ မလိုက်လို့ဘယ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ၊ ငါလဲလိုက်မယ် ”

ယင်းသို့ဖြင့်ပင် ဦးရန်ဝေးကို သတင်းမေးသွားကြသည့် သတင်းက တစ်ယောက်မှ တစ်ယောက်ပျံ့နှံ့သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ဟာ. . . မိပို အစောကြီးရှိသေးတယ် ပဲကုန်ခဲ့ပြီလား "

အိမ်ထဲကို ပဲပြုတ်တောင်းလေးရွက်ပြီးဝင်လာသော မိပိုကို သူ့ယောကျ်ားအောင်မောင်းက လှမ်းမေးလိုက်သည်။

" ဒီအချိန်လောက်နဲ့ ဘယ်ကုန်သေးမှာလဲတော်၊ ဆိုက်ကားဂိတ်ကလူတွေတောင် ဦးရန်ဝေး အခြေနေသွားမေးကြတယ်တဲ့တော့်၊ အခြေနေ တော်တော်ဆိုးလို့ ဖြစ်မှာပေါ့ . . . လူ့မှုရေးဆိုတော့ မကောင်းဘူး တော်သွားမေးဖို့ ကျုပ်ပြန်လာပြောတာ "

" အေးပါဟာ၊ ငါဈေးမသွားခင် လှည့်ဝင်လိုက်ပါ့မယ် "

" သွားဖြစ်အောင်တော့ သွားလိုက်နော်၊ ကျုပ်လဲ ရင်းနှီးတဲ့ အိမ်တွေကို အခြေနေသွားမေးကြဖို့ ပဲပြုတ်ရောင်းရင်း တိုက်တွန်းထားခဲ့သေးတယ် "

မိပိုက တာဝန်ကြီးတရပ်ကို ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့်အလား၊ အိမ်ထဲက ခပ်သုတ်သုတ်ပြန်လှည့်ထွက်သွားလေသည်။ အောင်မောင်းလဲ အင်္ကျီအပြာလေးကို အပေါ်ကထပ်ဝတ်ပြီး ဦးရန်ဝေးတို့အိမ်ဆီသို့ ခြေဦးလှည့်လိုက်၏။

*

www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ဝေးက ညှပ်ခန်းဆက်တီလေး တစ်လုံးထက်မှာထိုင်ရင်း တယ်ရီယာ ခွေးပုလေးနှစ်ကောင်ကို အစာကျွေးနေသည်။ ဦးလူကလေး၊ ကိုကျော်ဝေနှင့် ကိုပေါ်တို့ အိမ်ထဲဝင်လာသည်ကို မြင်တော့ တော်တော်ဝမ်းသာသွားသည်။

" ဟာ . . . လာကြ လာကြ၊ သမီးရေ . . . ဒီမှာဧည့်သည်တွေရောက်နေတယ် ဒီကိုခဏလာပါဦး "

ဧည့်ခန်းဆက်တီမှာ ဦးလူကလေးတို့သုံးယောက် ဝင်ထိုင်ကြသည်။ ဦးရန်ဝေးသမီးမိုးသီတာဝေးက ဧည့်ခန်းထဲကိုလှမ်းထွက်လာရင်း ကိုကျော်ဝေကို မြင်လိုက်တော့မျှော့သွားသည်။ မိုးသီတာဝေးကသာ တဖက်သတ်ဖြစ်နေရသည် ကိုကျော်ဝေက သတိပင်မထားမိ။ ဦးရန်ဝေးက လှမ်းပြောသည်။

" သမီးရေ ကော်ဖီဖျော်ခဲ့ပါကွယ်၊ မုန့်လဲချပေး "

" နေပါစေ ကိုရန်ဝေးရယ် ကျွန်တော်တို့ အခုပဲလက်ဖက်ရည်ဆိုင်ကထလာကြတာပါ "

" ဘယ်ဟုတ်ပါ့မလဲဗျာ . . . ကိုယ့်အိမ်ကို တကူးတကလာပြီး သတင်းမေးတာကိုပဲ ကျေးဇူးတင်လှပါပြီ အိမ်ရှင်ဝတ္တရားဆိုတာ ရှိတယ်လေ "

မည်သို့ပင်ဆိုစေ မိုးသီတာဝေးက ရှင်ရှင်လန်းလန်းလေး မီးဖိုခန်းထဲကို လှမ်းဝင်သွားပြီး ကော်ဖီနှင့်မုန့်များကို ပြင်ဆင်နေပါပြီ။ ဒေါ်မြနှစ်က သူ့သမီးကိုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ စောစောစီးစီး ဘယ်ကဧည့်သည်တွေရောက်လာတာလဲ "

" ကုန်စုံဆိုင်ပိုင်ရှင် ဦးလူကလေး၊ လက်သမားဆရာကိုပေါ် အဟဲ ပြီးတော့ "

မိုးသီတာဝေးက ကျောင်းဆရာလေးကိုကျော်ဝေကို ထည့်မပြောသေးပဲ စကားကိုရပ်ထားလိုက်သည်။ ဒါကို ဒေါ်မြနှစ်က သဘောတန်းပေါက်လိုက်သည်။ ကိုကျော်ဝေကို သူ့သမီးမိုးသီတာဝေး တဖက်ဘီးလည်နေသည်ကိုလဲ ဒေါ်မြနှစ်ရိပ်မိထားသည်ကိုး။

" သူတို့က ဘာ▮ကိစ္စသူတပါးအိမ်ကို ရှုပ်ရှုပ်ယှက်ယှက်လာလည်ရတာတုန်း "

" ဩော် . . . အမေကလဲ၊ အဖေနဲ့ သူတို့က မနက်ခင်းဆို လက်ဖက်ရည်ဆိုင်မှာ အတူထိုင်ဖော်ထိုင်ဖက်တွေ မဟုတ်လား၊ လူမှုရေးအရ အဖေ့နာရေးသတင်းကိုလာမေးကြတာနေမှာပေါ့ "

" ဟဲ့ ဟဲ့ ဘယ်လိုပြောလိုက်တာလဲ၊ နာရေးသတင်းရယ်လို့ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ "

မိုးသီတာဝေး စကားကြောင့် ဒေါ်မြနှစ်မှာ မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားရသည်။ မိုးသီတာဝေးကတော့ သူ့စကားသူအတည်ပြုနေသေးသည်။

" ဟုတ်တယ်လေ. . . အဖေ့ကို ခွေးပိန်မကိုက်လို့ နာတဲ့အနာကို သတင်းလာမေးတာဆိုတော့ နာရေးသတင်းလာမေးကြတာ မဟုတ်ဘူးလား "

" တော်စမ်း ဒီကောင်မလေး မပြောကောင်းဘူးဆိုတာနားမလည်ဘူး "

www.burmeseclassic.com

www.burmeseclassic.com



မိုးသီတာဝေးက အငေါက်ခံလိုက်ရတော့မှ လျှာလေးပြူ တစ်ပြူတစ်လုပ်ပြီး ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်များထည့်ထားသော လင်ဗန်းကိုကိုင်ကာ ညေ့်ခန်းဆီသို့လှမ်းသွားလေသည်။

" ဒီနှစ်ကောင်က ညီအစ်ကိုလေ၊ သူတို့က တကယ့်မျိုးကောင်း မျိုးသန့်တွေ၊ အစားကြတော့လဲ ဈေးများတယ်၊ သူတို့အတွက် ဝက်သားဒိုင်ခံချက်ကျွေးရတာက အလုပ်တစ်ခု "

" ဘရိတ်ဖတ်စ်ကျတော့ ဘာကျွေးလဲ . . . ပေါင်မုန့်ထောပတ်သုတ်တို့ ဘရာဇီးကော်ဖီတို့ ကျွေးရတိုက်ရမှာပေါ့နော် "

ဦးရန်ဝေးက သူ့ခွေးများကို အမွှမ်းတင်နေသည်ကို နားကြားပြင်းကပ်ပြီး ဦးလူကလေးက ရွဲ့ပြောလိုက်သည်။ ဦးလူကလေးစကားကို ကိုပေါက အမြီးတပ်ပေးလိုက်သေးသည်။

" ဒီခွေးလေးတွေ မစင်စွန့်တော့ လူတွေတက်တဲ့ အိမ်သာမှာပဲ တက်စွန့်သလားဟင် "

ဦးလူကလေးနှင့် ကိုပေါစကားကြောင့် စိတ်ထဲမှာအောင့်သက်သက်တော့ ဖြစ်သွားရသည်။ သူ့အိမ်ထဲမှာဖြစ်နေသောကြောင့် ဦးရန်ဝေးမှာ ဒေါသမထွက်သာဘဲ တဟဲဟဲ လုပ်နေလိုက်ရရှာသည်။

" သုံးဆောင်လိုက်ကြပါဦးရှင် "

စားပွဲထက်ကို ကော်ဖီနှင့်မုန့်များချပေးရင်း မိုးသီတာဝေးက ပဋိသန္ထာရစကားဆိုလိုက်သည်။ ဦးလူကလေးက ကောက်ကာငင်ကာ ချီးမွမ်းလိုက်သည်မို့ မိုးသီတာဝေးကော ဦးရန်ဝေးပါ အတော်ကျေနပ်သွားကြသည်။

" ကြည့်စမ်း လူလိမ္မာသား ယဉ်ပါးဆိုတဲ့စကားက တယ်

www.burmeseclassic.com

www.burmeseclassic.com



မှန်သကိုး ကိုရန်ဝေးသမီးလေးက ယဉ်ကျေးပျူငှာလိုက်တာ ဒီလို သမီးလေးမျိုးတော့ လိုချင်လှသဗျာ ”

“ ဦးလေးကတော့ ချွေးပိန်မသားသမီးမျိုးတွေရလဲ လိုချင်မှာပါပဲ ”

“ ဟာ မင်းကွာ ”

ဦးလူကလေးကို ကိုပေါက ဝင်နောက်သည်။ ဦးရန်စေးကဲ အခွင့်ကြုံတုန်း သူ့မိန်းမ ဒေါ်မြနှစ်ကိုလဲ ပွဲထုတ်လိုဟန်ဖြင့် မီးဖိုခန်းဘက်လှည့်ပြီး လှမ်းအော်ခေါ်လိုက်၏။

“ မမြနှစ်ရေ . . . ဧည့်သည်တွေကို လာဧည့်ခံစမ်းပါဦး ”

“ အောင်မယ်လေး အားအားယားယားတော်၊ ဒီမှာ ချက်လို့ပြုတ်လို့ မပြီးနိုင်ရတဲ့အထဲ ”

ဒေါ်မြနှစ်က မီးဖိုခန်းထဲမှ သံကုန်ဟစ်ပြီး ပြန်အော်ပြောလိုက်သည်။ ဦးလူကလေးက ချက်ချင်းပင် အသံလေးလေးကြီးဖြင့် မှတ်ချက်ချသည်။

“ အင်း . . . ဒါလဲ အသွင်မတူ အိမ်သူမဖြစ်လို့ဆိုရမှာပဲ ”

ဒေါ်သအလွန်ကြီးတတ်သော ဦးရန်ဝေးမှာ ဦးလူကလေး၏ ထိမိသောကောက်ချက်ကြောင့် တဟီးဟီးရယ်မော်လေသည်။ ထိုစဉ် ဦးသက်မောင်ဦးဆောင်လာသော ဆိုက္ကားဆရာများ အိမ်ထဲကို လှမ်းဝင်လာကြ၏။

“ ခွေးကိုက်ခံရတဲ့ ဒဏ်ရာဘယ်လိုနေသေးသလဲဆိုတာ သတင်းလာမေးကြတာ ဦးရန်ဝေးရေ ”

www.burmeseclassic.com

www.burmeseclassic.com



" အဟဲ . . . လာကြဗျာ . . . ထိုင်ကြပါ၊ သမီးရေ ခုဏကလေးလာပါဦး ဒီမှာညှေ့သည်တွေ ထပ်ရောက်လာပြန်ပြီ "

" ရွှေဂဲတို့ ဒီမှာလာထိုင်ကြ၊ ဦးလေး ကျွန်တော်တို့ပြန်လိုက်ပါဦးမယ် "

ကျောင်းဆရာလေးကိုကျော်ဝေက အလိုက်တသိပင်နေရာမှ ထပြီးနှုတ်ဆက်သည်။ ဦးလူကလေး၊ ကိုပေါ်နှင့် ကိုကျော်ဝေတို့ အိမ်ပေါက်ဝ အရောက်မှာ အောင်မောင်းဝင်လာသည်နှင့်ဆုံသည်။

" ဘယ်လိုလဲဗျ ဦးရန်ဝေး အခြေအနေတော်တော်ဆိုးသလား "

" ဟော့ကောင် အောင်မောင်းမင်းညက အရှိန်မပြေသေးဘူးထင်တယ်၊ ဟိုမှာ ကိုရန်ဝေးက မင်းကိုတောင် ထကန်နိုင်တယ် "

" သိပါဘူးဗျာ၊ ကျုပ်မိန်းမ မိပိုက ပြောလိုက်လို့ပါ "

ညှေ့ခန်းထဲမှာ ရပ်ကွက်လူကြီးဦးသက်မောင်၊ ဆိုက္ကားဆရာငလေးယောက်နှင့် အောင်မောင်းတို့ ကျပ်ကျပ်ညပ်ညပ်ထိုင်နေရစ်ခဲ့ကြသည်။ မိုးသီတာဝေးခမျာလဲ ကော်ဖီပန်းကန်တွေဆေးရ၊ ကော်ဖီထပ်ဖျော်ရဖြင့် မအားလပ်အောင်ဖြစ်သွား၏။ ဒေါ်မြနှစ်ကြီးကတော့ မီးဖိုခန်းထဲက မထွက်ဘဲ ဗျစ်တောက်ဗျစ်တောက် မကျေမချမ်း တစ်ယောက်တည်းပြောနေတော့သည်။

" တကတည်းတော် ခွေးကိုက်တဲ့ ဒဏ်ရာက ခြင်ကိုက်ခံရသလောက်ရယ်၊ အိမ်ကို လမ်းဘေးက လူတွေတလှေကြီးရောက်လာရတယ်လို့၊ ကိုယ့်အဆင့် ကိုယ့်တန်းနဲ့ မနေတတ် ထိုင်တတ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



လို့ အခုလိုဖြစ်ရတာ၊ ဒင်းကြီးနဲ့တော့ခက်တယ် ”

ခက် မခက်တော့မသိ၊ ဦးရန်ဝေးအိမ်ထဲမှာ လူတွေဝင်ကြထွက်ကြ၊ ဆိုင္ကားတွေကလဲ တန်းစီနေတာမို့ ဘေးချင်းကပ်လျက် အိမ်မှလူများ၊ မျက်နှာချင်းဆိုင်မှ လူများစုရောက်လာပြီး သတင်းမေးကြ၏။ ပဲပြုတ်သည်မိပိုထံမှ တဆင့်ကြားသိသူ မိတ်သင်္ဂဟအပေါင်းကလဲ တဖွဲဖွဲရောက်ရှိလာကြကုန်၏။ ဒေါ်မြနှစ်မှာလဲ မနေသာတော့သည့်အဆုံး ကိုယ်တိုင်ပင်ပါဝင်ကာ ထွက်ဧည့်ခံရရှာလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ ဖိုးဆောင်း လုပ်စားမှာဆိုရင်လဲထတော့၊ တောင်းစားမှာဆိုရင်တော့ စောသေးတယ်၊ မိငြိမ်း ထမင်းအိုးတည်ထားပြီးဘာလို့ ငုတ်တုတ်ထိုင်နေရတာတုန်း၊ ရေအိုးကို ရေလေးဘာလေး ထဖြည့်တာ မဟုတ်ဘူး "

မိခင်ဒေါ်တောရဲ့ နံနက်ချိန်ခါတေးသံသာကို နားသောတဆင်ရင်း ဖိုးဆောင်းအိပ်ရာထဲမှ လူးလဲထလိုက်သည်။ အိမ်နောက်ဖေးရေကပြင်ထက်မှာ မျက်နှာသစ်ရင်း ညီမငယ်အေးအေးငြိမ်းသူ့ဖာသာ ညည်းတဲ့စကားကို ကြားလိုက်ရ၍ ဖိုးဆောင်းပြုံးမိသည်။

" တစ်နေ့ တစ်နေ့ ပိုက်ဆံမှရတဲ့အလုပ်တွေက အရမ်းကို ရှုပ်နေတာပဲ "

" ဘယ်လိုပြောလိုက်တာလဲ တကတည်းတော်၊ ကိုယ့်အိမ်အလုပ်ကိုယ်လုပ်တာကိုများ ညည်းကအခကြေးငွေတွေ ဘာတွေလိုချင်သေးလို့လား "

ဒေါ်တောက ကြားမိအောင်ကြားလိုက်သေးသည်။ မိငြိမ်းတို့ ဒေါ်တောကဆူတော့ငေါက်တော့ ဖိုးဆောင်းက ကာကာဆည်းဆည်း ဝင်ပြောပေးပါသည်။

" အမေရယ် . . . မိငြိမ်းက အခကြေးငွေ လိုချင်လို့ပြောတာတော့ ဘယ်ဟုတ်ပါ့မလဲ၊ အိမ်မှုအလုပ်ဆိုတာ တော်တော်များများကို ဇင်စားပြောတဲ့သဘောပါ "

www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ မိန်းကလေးပဲ အိမ်မှုအလုပ်ကို ဘယ်လောက်များ များ နိုင်နင်းအောင်လုပ်တတ်ရမှာပေါ့၊ တစ်နေ့ အိမ်ထောင်ရက် သားကျတော့မှ အခက်တွေ့မှာစိုးလို့ မအေက ထောင့်စေ့အောင် ခိုင်းပေးနေတာ "

" အမေကလဲ မဟုတ်ဘာဗျာ . . . ကျွန်တော့်ညီမလေး က ငယ်ပါသေးတယ်၊ အိမ်ထောင်ရေးတွေဘာတွေ စဉ်းစားရမယ့် အရွယ်မှ မဟုတ်သေးတာ "

ဖိုးဆောင်းစကားကို နားထောင်ရင်း အေးအေးငြိမ်းက တချက်ရယ်ပြီး ဝင်ပြောသည်။

" ဟိုတစ်နေ့ကတော့ အိမ်ထောင်ရေးအကြောင်းကို စဉ်း စားမိသေးတယ်၊ ရှက်စရာကြီးပါ အကိုရာ၊ လင်မယားဆိုတာ တစ် ခြင်ထောင်ထဲ အိပ်ရတာမဟုတ်လား၊ ညီမလေးက လေလည်ရင် အကျယ်ကြီးလေလည်ရမှ အားရတာဆိုတော့ ဟီး ဟီး ရှက်စရာ ကြီး "

" ဗုဒ္ဓေါ "

ဒီကောင်မလေး အမေနဲ့အကိုရှေ့မှာ မပြောသင့်တဲ့စကား ပြောလေမလားဆိုပြီး ဖိုးဆောင်းကဟန့်မည် စဉ်းစားနေတုန်း စကားက ဘေးထွက်သွားသည်။ ဒေါ်စောကပါ တဟီးဟီးလိုက် ရယ်နေသေးသည်။

" ဟဲ့ မိငြိမ်းရဲ့ ညည်းဟာ သက်သက်ပူစရာမဟုတ်တာ ကို တွေးပူနေတာပဲ၊ လင်ရယ်မယားရယ် ဖြစ်လာတဲ့အခါ အဲဒီပိုင်း တော့ လေလည်ချင်ရင် ခြင်ထောင်လေးအသာလှပ်ဖင်ကိုအပြင် မသိမသာထုတ်ပြီး ခပ်တိုးတိုးလေလည်တာပေါ့ နောက်ပိုင်းကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ သိပ်အရေးမကြီးတော့ပါဘူး၊ ခြင်ထောင်ထဲမှာတင် ဘူကနဲ ဘင်ကနဲ ”

“ ဟာဗျာ. . . အမေကလဲ၊ ဘယ့်နှယ်လေလည်နည်း သင်ပေးနေရတာလဲ၊ ဗိုက်ဆာတာလေးတောင် ဘယ်ရောက်သွားမှန်း မသိပါဘူး ”

ဖိုးဆောင်းက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ ဒေါ်တောက ထမင်းကြမ်းခဲလေးတစ်ခဲကို ငပိရည်နှင့် အသေအချာနယ်ဖတ်ပေးသည်။ စတော်ပဲပြုတ်အနည်းငယ်ကို အပေါ်က ဖြန့်ထည့်ပေး၏။

“ အမေတို့က စားပြီးပြီလား ”

“ ဒီမနက်ထမင်းကြမ်း ကျန်တာနည်းတယ်၊ ငါ့သားပဲစားသွားတော့ အမေနဲ့ မိငြိမ်းက ထမင်းအနွေးကျက်မှပဲ စားမယ် ”

မိခင်ဒေါ်တောကမ်းပေးသော ထမင်းကြမ်းပန်းကန်ကို ကိုင်ပြီးစားပွဲခုံဝိုင်းလေးမှာ ထိုင်လိုက်သည်။ ထမင်းစားမည်လုပ်မှ ဆိုက္ကားဂိတ်က ခွေးပိန်မ သူ့ကလေးတွေကို အစာအန်ကျွေးသည်ကို ကိုမျက်စိထဲမှာ မြင်ယောင်လာမိသည်။ ရွံ့စရာရှာစရာဟု ဖိုးဆောင်း မခံစားမိ၊ အမေရဲ့မေတ္တာတရားကို ခံစားမိသွားပြီး ကြက်သီးများ တဖျင်းဖျင်းထသွားရ၏။

“ ကျွန်တော် ထမင်းမစားချင်ဘူး၊ အမေပဲ စားလိုက်တော့ ”

“ ဟဲ့ ဘယ်လိုဖြစ်ရတာလဲ၊ စောစောကပြောတော့ဆာပြီဆို၊ မင်းက အလုပ်သွားရမှာပဲ စားသွားမှပေါ့၊ လက်ဘက်ရည်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



မှာ လက်ဘက်ရည်ဝင်သောက်ရင် ပိုက်ဆံလဲအပိုကုန်ဦးမယ် ဗိုက်လဲအဆာခံတာ မဟုတ်ဘူး ”

အမေ စိတ်ကျေနပ်အောင်ထမင်းကို ဖိုးဆောင်းကျိတ်မှိတ်စားလိုက်ရပါသည်။ မျက်စိထဲမှာခွေးပိန်မကိုသာ တရစ်ဝဲဝဲမြင်ယောင်နေမိသည်။

“ မိငြိမ်း ထမင်းလာပို့ရင် ထမင်းနည်းနည်း ထည့်ပေးစမ်းပါ အမေ ”

“ ဘာဖြစ်လို့လဲ နေ့တိုင်းစားရတာ မဝလို့လား ”

“ မဟုတ်ဘူး အမေကျွန်တော်တို့ ဆိုက်ကားဂိတ်က ခွေးပိန်မကို ကျွန်တော်တို့ဆိုက်ကားသမားတွေ စားလို့ကျန်တဲ့ ထမင်းဟင်းတွေ ကျွေးရုံနဲ့ ဝပုံမရဘူး၊ ခွေးပိန်မက သူ့ကလေးတွေကို ပြန်အန်ကျွေးရတော့ ရပ်ကွက်ထဲမှာ အစာရှာရတာအမောလေ ”

ဖိုးဆောင်းက ပြောပြတော့ ဒေါ်တောကပြုံးသည်။ အေးအေးငြိမ်းက သူ့နားလည်သလိုဝင်ပြောသည်။

“ သမီးတို့ငယ်ငယ်တုန်းက အမေထမင်းဝါးခွံ့သလိုပဲနေမှာပေါ့နော် ”

“ ထမင်းဝါးခွံ့ရတာက အန်ကျွေးရတာလောက်တော့ မပင်ပန်းဘူးပေါ့၊ ဒါပေမယ့် နင်တို့အရွယ်မရောက်ခင် နင်တို့အဖေဆုံးသွားတုန်းကတော့ အမေ့မှာ ဘာမှမလုပ်တတ်မကိုင်တတ်နဲ့ သားသမီးတွေ မငတ်စေချင်လို့ ရှာလိုက်ဖွေလိုက်ရတာများ ဖပ်ဖပ်ကိုမောနေတာပဲ ”

“ အမေကိုက မစဉ်းစားတာပါ စောစောစီးစီးခံသေမယ့် ယောက်ျားကိုတော့ ရှာယူခဲ့တာမဟုတ်ဘူး ”

www.burmeseclassic.com

www.burmeseclassic.com



" တယ်လေ . . . ဒီအရူးမက ပေါက်တီးပေါက်ရှာ "

" မိငြိမ်းရေ နင့်ကျမှ စောစောစီးစီးမသေမယ့်ယောက်ျား ကိုရှာယူပေတော့ ဟား ဟား ဟား ဟား "

ဖိုးဆောင်းရင်မှာ ချမ်းမြေ့ကြည်လင်စွာဖြင့် ဆိုက္ကားနင်းပြီး အိမ်ကထွက်လာခဲ့လေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ဒေါ်ငွေတိုး ခင်ဗျားအဲ့ဒီလိုတော့ မရက်စက်သင့်ပါဘူး ဗျာ "

ဆိုက္ကားသမားရွှေဂဲက ရပ်ကွက်ထဲမှာ ငွေတိုးပေးစားသော ဒေါ်တင်တင်ကြီးကို ဒေါ်ငွေတိုးဟု အမည်တပ်ခေါ်ရင်း ပြောလိုက်သည်။ ဒေါ်တင်တင်ကြီးမှာ ဆတ်ဆတ်ထိမခံ။

" အောင်မာ ငါ့ကိုများ ဒေါ်ငွေတိုးလေးဘာလေးနဲ့ ဟဲ့ အကောင် ဆိုက္ကားသမားရဲ့ အဲ့ဒီလမ်းဘေးက ခွေးလေခွေးလွင့်မနဲ့ နင်က အမျိုးတော်လို့ ဝင်ပြီးလူစွာလုပ်တာလား "

" ခွေးလေခွေးလွင့်က ခင်ဗျားအိမ်ထဲဝင်ပြီး ဘယ့်နှယ်လုပ်လို့ ခင်ဗျားက ခဲနဲ့ပေါက်လွှတ်ရတာလဲ "

ဆိုက္ကားသမားရွှေဂဲအနီးကို ဖိုးဆောင်းရောက်လာသည်။ ဒေါ်တင်တင်ကြီးကို သူ့သားရဲစွမ်းနိုင်က ဆွဲထားသည်။

" အမေကလေ ဗျာ ရှက်စရာကြီး အော်ကြီးဟစ်ကျယ်နဲ့ "

" ဟော့ကောင် ရွှေဂဲဘာဖြစ်နေတာလဲကွ "

ဖိုးဆောင်းက မေးတော့ရွှေဂဲ ပိုအားတက်သွားပြီး အသံကို မြှင့်ပြီးဖြေသည်။

" လမ်းပေါ်မှာ ခွေးပိန်မက အစာလျှောက်ရှာရင်း သူတို့အိမ်ရှေ့က အမှိုက်တောင်းကိုဖွလို့တဲ့ ခွေးပိန်မကို မညှာမတာ ခဲနဲ့ထုလွှတ်တယ်လေ "

www.burmeseclassic.com

www.burmeseclassic.com



" ထုရမှာပဲဟော့ နင့်မယားဖွသွားလို့ အမှိုက်တွေပြန့်ကျဲနေတာကို နင်ပြန်ရှင်းပေးမလား "

" ပြန်ရှင်းပေးမယ်၊ အေး . . . ပြီးရင်တော့ ခင်ဗျားခွေးပိန်မကို ခဲနဲ့ထုသလို ပြန်ထုမှာနော် "

ရဲစွမ်းနိုင်မှာ မနေသာတော့ ပြဿနာပိုမိုကြီးထွားလာမည်စိုး၍ ကြားဝင်တောင်းပန်ရတော့သည်။

" ကိုဖိုးဆောင်းနဲ့ ကိုရွှေဂဲတို့ သွားကြပါတော့ဗျာ၊ အမှိုက်တောင်းမှောက်သွားတာကိုလဲ ကျွန်တော်ပဲ ပြန်ရှင်းပေးပါ့မယ် အမေရယ်၊ လာပါ အိမ်ထဲဝင်ပါတော့ "

ရဲနိုင်စွမ်းနိုင်က သူ့အမေဒေါ်တင်တင်ကြီးကို တစ်ထပ်တိုက်လေးထဲ ဖွတ်ဆွဲသွင်းသွား၏။ ဒါတောင် ဒေါ်တင်တင်ကြီးက အသံကျယ်ကျယ်ဖြင့် သူ့သားကိုပြောလိုက်သေးသည်။

" လမ်းဘေးက ဆိုက္ကားသမားတွေကိုများ ငါ့သားက ဝင်တောင်းပန်နေသေးတယ် "

ဒေါ်တင်တင်ကြီး၏ အထက်စီးနင်းစကားကြောင့် ရွှေဂဲမှာ ရှူးရှူးရှားရှားဖြစ်သွားသည်။ ဖိုးဆောင်းက ရွှေဂဲကိုဖျောင်းဖျသည်။

" သွားကြပါစို့ ရွှေဂဲရာ၊ ဟုတ်တာမှန်တာကိုပြောတာပဲ နာစရာမဟုတ်ပါဘူး၊ သူသာငွေတိုးပေး အမြတ်ကြီးစားလုပ်နေတာကို မရှက်တာ "

" ဒီနေ့တော့ ထွက်လာကတည်းက ဒေါသဖြစ်စရာနဲ့ကြုံရမှတော့ ဈေးဦးတောင်ပေါက်ပါ့မလား မသိပါဘူးကွာ "

ရွှေဂဲနှင့်ဖိုးဆောင်းတို့ ဂိတ်ကိုရောက်တော့ ကြက်ဖနှင့်

www.burmeseclassic.com

www.burmeseclassic.com



ငထွားတို့က ဆီးကြိုနှုတ်ဆက်ကြသည်။

" မင်းတို့နှစ်ယောက် ဘာဖြစ်လာကြတာလဲ မျက်နှာတွေ သုန်သုန်မှုန်မှုန်နဲ့ "

" စောစောစီးစီး အကုသိုလ်တွေ အတောင့်လိုက်ဝင်လာလို့ဟေ့ "

ဆိုက္ကားကိုဂိတ်ထိုးရင်း ရွှေဂဲကဒေါသမပြေသေးသော အသံဖြင့် ဘုဆတ်ဆတ်ပြောသည်။ ဖိုးဆောင်းက ဆိုက္ကားလက်ကိုင် ဘရိတ်တန်းမှ ဆေးပေါ့လိပ်တိုကို ဖြုတ်ယူမီးညှိပြီး ဖြစ်ကြောင်းကုန်စင်ကိုပြောပြလိုက်၏။ ကြက်ဖနှင့် ငထွားကိုပါ ခံစားမှုကကူးစက်သွား၏။ ဆိုက္ကားဂိတ်ဆီသို့ ကိုကျော်ဝေနှင့် ဦးလူကလေးတို့ဝင်လာကြသည်။

" အေးကွာ . . . လူတွေကလဲ မေတ္တာတရားကိုခေါင်းပါးလွန်းပါတယ် "

" ဘာတွေ မေတ္တာတရားခေါင်းပါးနေကြတာလဲ ငထွားရဲ့ "

ဦးလူကလေးက ငထွားကိုမေးရင်း ဝါးကွပ်ပျစ်လေးမှာဝင်ထိုင်သည်။ ခွေးပိန်မ အစာလှည့်ရှာရပုံ၊ ခွေးပိန်မကို လူတွေက ရိုက်ပုတ်ပစ်ခတ်မောင်းထုတ်တတ်ကြပုံများကို ပြောဖြစ်သွားကြသည်။

" ငါလဲ ဟိုတစ်ရက်က ဘေးအိမ်ကလူနဲ့ စကားများရမလို ဖြစ်ရသေးတယ် "

ဦးလူကလေးက ထိုသို့ပြောလာ၍ ကိုကျော်ဝေက စိတ်ဝင်တစားမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဘာလဲ ခွေးပိန်မကို ရိုက်လွှတ်လိုက်လို့လား "

" မဟုတ်ပါဘူးကွာ . . . ဆိုင်မှာအကြွေးလာဝယ်သွားပြီး ကြွေးလာမဆပ်လို့ပါ "

" ဟာဗျာ . . . အကောင်းမှတ်လို့ ဦးလေးရာ "

ဦးလူကလေးက သူ့စကားသူ သဘောကျပြီး တဟားဟားရယ်လေသည်။ ထိုစဉ် ဆိုက္ကားဂိတ်ရှေ့မှ SURF အမျိုးအစားကား အကောင်းစားကြီး တစ်စီးဖြတ်မောင်းသွား၏။ ကားနောက်ခန်းထဲမှာ ရှိုးအမျိုးအစားခွေးလေးတစ်ကောင် ဟိုကြည့်သည်ကြည့်ဖြင့် အခန့်သားစီးနင်းလိုက်ပါသွားသည်ကိုလဲ တွေ့မြင်လိုက်ကြရ၏။

" ကောင်းကွာ ငါတို့တသက်လုံးတက်ထိုင်ခွင့် မရနိုင်တဲ့ ကားမျိုးထဲမှာ ဒင်းတို့က အခန့်သား "

ဖိုးဆောင်းက ရင်နာသောလေသံဖြင့်ပြောသည်။ ကျောင်းဆရာလေး ကိုကျော်ဝေကပြုံးသည်။

" ဒါတော့ သူ့ကုသိုလ်နဲ့ သူပေါ့ကွာ "

" မင်းတို့ပြောတော့ လူတွေက မေတ္တာတရားခေါင်းပါးတယ်ဆိုကွဲ၊ စောစောက ကားကိုမြင်ရင် မေတ္တာတရား မခေါင်းပါးတာ သက်သေပဲ "

ဦးလူကလေးကပြောတော့ ကြက်ဖက ကန့်လန့်တိုက်သည်။

" နိုင်ငံခြားကခွေးကို ဈေးကြီးပေးဝယ်ပြီး ဂုဏ်လုပ်ပြတာ မေတ္တာရှိလို့မှ မဟုတ်ဘဲ ဦးလေးရာ "

" ဟာကောင် ကြက်ဖရ ငါပြောတာခွေးကိစ္စမဟုတ်ဘူးကွ လူကိစ္စ လူကိစ္စ ဟား ဟား ဟား ဟား "

www.burmeseclassic.com

www.burmeseclassic.com



ဦးလူကလေးက ရယ်ရွှန်းပတ်ရွှန်းပြောလိုက်တော့မှ အားလုံးသဘောပေါက်သွားကြပြီး ရယ်မောလိုက်ကြသည်။ စောစောက ကားကြီးရဲ့ ပိုင်ရှင်မှာ ကုမ္ပဏီသူဌေးတစ်ယောက်ဖြစ်သည်။ သူတို့ ရပ်ကွက်ထဲမှ ကုမ္ပဏီဝန်ထမ်းကောင်မလေးဖြစ်သော စုလေးနွယ်ကို ဒုတိယမယားအဖြစ် တိတ်တိတ်ပုန်းယူထား၏။ စုလေးနွယ်က အမေတစ်ခု သမီးတစ်ခု။ စုလေးနွယ် မိခင်ဒေါ်သူဇာနွယ်က မုဆိုးမ။

" မအေအထိန်းအသိမ်းမကောင်းလို့ပေါ့ကွာ "

ငထွားက ခပ်ထည်ထည်လေးပြောလိုက်သည်။ ကျောင်းဆရာလေးကိုကျော်ဝေက တွေးတွေးဆဆဖြင့်ပြောသည်။

" ဒါပေမယ့်ကွာ တရားဝင်လက်မှတ်ထိုးယူပြီး အိမ်လေး ဝင်းလေးဝယ်ပေးထားတယ်ဆိုတော့လဲ ဆိုးတော့မဆိုးလှပါဘူး "

" အင်းနော် . . . ပေးနိုင်ကမ်းနိုင်တဲ့သူများ မယားနှစ်ယောက်သုံးယောက်ယူလဲ ပြဿနာသိပ်မရှိဘူး၊ ငါတို့မှပဲ တစ်ယောက်မပြောနဲ့ တစ်ခြမ်းတောင်မယူနိုင်ဘူး၊ ဦးလေး ဦးလေးက တတ်နိုင်တာပဲ ဟို ကုမ္ပဏီပိုင်ရှင်ကို အားမကျဘူးလား "

" ခွီးတဲ့မှပဲ . . . ဘယ့်နှယ်စကားက ငါ့ဘက်လှည့်လာရတာလဲ၊ ဟော ဟိုမှာ ခွေးပိန်မပြန်လာပြီ "

ဦးလူကလေးက ရှက်ရယ်ရယ်ရင်း စကားလမ်းကြောင်းကို လွှဲလိုက်သည်။ ခွေးပိန်မကိုမြင်သည်နှင့် ခွေးပေါက်စလေးသုံးကောင်က တအီအီအော်မြည်ရင်း အမြီးလေးတွေနှံ့ကာနံ့ကာ ပြေးကြိုကြလေသည်။ ခွေးပိန်မက ဝပ်ကျင်းအနီးထိသွားပြီး အစာကို အန်ကျွေးလေသည်။ ခွေးလေးသုံးကောင်က အလုအယက်စား

www.burmeseclassic.com

www.burmeseclassic.com



သောက်နေကြ၏။ ဆိုက္ကားဂိတ်အတွင်းမှာ ရှိနေသူအားလုံး စကားသံများတိတ်သွားရလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဆိုက္ကားဂိတ်ကနေ အိမ်ပြန်ရောက်သည်နှင့် ရေမိုးချိုးပြီး ကျောင်းဝတ်စုံကိုလဲလိုက်သည်။ ပြဋ္ဌာန်းချက်စာအုပ်၊ ဒါစတာတွေ့ကို ယူပြီး မိခင်ဒေါ်အေးစိန်ကို ပြုနေကျဝတ္တရားအတိုင်း ကိုကျော်ဝေ နှုတ်ဆက်လိုက်၏။

" အမေ သားကျောင်းသွားတော့မယ်နော် "

" ဟဲ့ လက်ကိုင်ပဝါ ပါရဲ့လား "

ဒေါ်အေးစိန်က အရေးတကြီး ကိစ္စတစ်ခုလိုမေးသည်။ ကိုကျော်ဝေက ခပ်ပေါ့ပေါ့ပင်ဖြေသည်။

" မပါဘူး အမေ၊ လက်ကိုင်ပဝါတွေမည်းနေတာ မလျှော်မိသေးလို့ "

" အဲ့ဒါတွေ ခက်တာပဲ၊ ပေါ်တီးပေါ့ဆနဲ့ မလျှော်နိုင်ရင်လဲ အမေကိုပြောတာမဟုတ်ဘူး၊ ခဏနေဦး "

ဒေါ်အေးစိန်က ဗျစ်တောက်ဗျစ်တောက်ပြောရင်း ဘုရားခန်းထဲဝင်သွားသည်။ ကိုကျော်ဝေရဲ့ အဖေကလဲ ကျောင်းဆရာဖြစ်သည်။ နှစ်ပေါင်းသုံးဆယ်ခန့် ကျောင်းဆရာအလုပ်ကို တစိုက်မတ်မတ်လုပ်ခဲ့ပြီး အဆုတ်နာရောဂါဖြင့် သေဆုံးခဲ့ရသည်ကို ဒေါ်အေးစိန်က စိတ်အစွဲလန်းကြီးနေတုန်းပင်။ ကိုကျော်ဝေကတော့ ဆရာဆိုတာ ဝါသနာ၊ စေတနာ၊ အနစ်နာအပြင် အလုပ်နာပါရှိရမည်ဟု ခပ်ပေါ့ပေါ့ပင် ခံယူထားသူဖြစ်သည်။ ဘုရားခန်းထဲက ဒေါ်အေးစိန်ပြန်ထွက်လာတော့ လက်ထဲမှာ အဘက်သေးသေးလေးပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဟာ အမေရာ ဒီတဘက်ကိုယူသွားရမှာ အောက်ပါတယ် "

" အောက်တွေ အထက်တွေပြောမနေနဲ့ ကျန်းမာရေးထက် ဘာမှပိုအရေးမကြီးဘူး၊ ဒီတဘက်ကို ပုခုံးပေါ်တင်သွားရုံနဲ့တော့ ဘယ်မိန်းကလေးကမှ နှာခေါင်းရှုံ့မှာမဟုတ်ပါဘူးသားရယ် "

" ဟာဗျာ အမေကလဲ "

ကိုကျော်ဝေမှာ ရှက်ကိုးရှက်ကန်းဖြင့် အမေပေးသောတဘက်ကို ခေါက်ပြီးစာအုပ်နှင့် ထပ်ကိုင်ကာ အိမ်ထဲကထွက်လာခဲ့သည်။

" ကိုကျော်ဝေ ကျောင်းသွားတော့မလို့လား "

ရပ်ကွက်တစ်ပတ် ခွေးကျောင်းပြီးပြန်လာသော မိုးသီတာဝေးက ချစ်ချင်စဖွယ်လေးပြုံးပြီး နှုတ်ဆက်သည်။ ကိုကျော်ဝေအတွက်တော့ မိုးသီတာဝေး အပြုံးကိုခံစား၍မရပါ။ မိုးသီတာဝေးကို အချိုးအဆက်ပြေပြစ်ပြီး အသားအရေစိုပြေဝင်းဝါသည့် ကလေးတစ်ယောက်အဖြစ်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းကြီးတစ်ယောက်၏ သမီးလေးတစ်ယောက်အဖြစ်လည်းကောင်း၊ ထို့ထက် ဘာမှပိုမြင်လို့မရ။

" မိုးသီတာဝေး ခွေးကျောင်းထွက်လာတယ်ထင်တယ်။ မိုးသီတာဝေးက အပြုံးလေးကို မငြိမ်းသေစေဘဲ နွဲ့နွဲ့လျလျလေးခေါင်းညိတ်ပြသည်။ အထူးတလည် ပြုပြင်မွမ်းမံထားသော ဆံပင်ညိုနက်မှောင်များက အိနွဲ့ယိမ်းပါးသွားသည်။ ကိုကျော်ဝေရဲ့ အမြင်အာရုံထဲမှာတော့ အနက်ရောင်ကတ္တီပါ တဘက်သာထည်ကို

www.burmeseclassic.com

www.burmeseclassic.com



တန်းမှာလှမ်းထားစဉ် လေအတိုးအတိုက်ခံလိုက်ရသလိုမျိုးဟုသာ မြင်သည်။ မိုးသီတာဝေးက ကိုကျော်ဝေရဲ့လက်ထဲက တဘက်ခေါက်လေးကို သတိထားမိသွားပုံရသည်။

" လက်ထဲက တဘက်က ဘာလုပ်ဖို့လဲ ကျောင်းရောက်မှ မျက်နှာသစ်မလို့ထင်တယ် အဟင်း ဟင်း "

" အဲ "

ကိုကျော်ဝေ ဘာပြောရမှန်းမသိဖြစ်သွားသည်။ မိုးသီတာဝေးရဲ့ ခွေးလေးက အလိုက်ကန်းဆိုးမသိစွာပင် ရှန်းပြေးဖို့ကြိုးစားနေသည်။ မိုးသီတာဝေးကလဲ အလိုက်ကန်းဆိုးမသိစွာပင် ခွေးချည်သံကြိုးကို ဖွတ်တောင့်ဆွဲထားရင်း စကားကြောရှည်နေသည်။

" ဆောရီးနော် ဝေးက ကိုကျော်ဝေကို အရမ်းကို ခင်လို့ နောက်တာနော် "

" ရပါတယ်၊ ဒီတဘက်က မြေဖြူတွေ နှာခေါင်းထဲမဝင်အောင် ကာကွယ်ဖို့ယူလာတာ၊ လက်ကိုင်ပဝါတွေက မလျှော်ရသေးလို့ "

ကိုကျော်ဝေက သွေးရိုးသားရိုးပင်ပြောလိုက်သည်။ လမ်းပေါ်မှာ အခုလိုကြီးရပ်စကားပြောနေရတာကိုက ရှိတိုးရှန့်တန့်၊ ကိုယ်က စပြီးနှုတ်ဆက်ထွက်ခွာသွားရလျှင်လဲ ရိုင်းရာကျမှာက စိုးရသေးသည်။

" နေဦး နေဦး၊ ဝေးမှာ လက်ကိုင်ပဝါ အသစ်တစ်ထည်ပါတယ် "

" ဟာ . . . နေပါစေ "

ကိုကျော်ဝေတားသည်။ မိုးသီတာဝေးက လက်ကိုင်အိတ်

www.burmeseclassic.com

www.burmeseclassic.com



နက်လေးကို ဖွင့်လိုက်စဉ် ခွေးချည်သံကြိုးကို လက်မှယောင်ပြီး လွှတ်လိုက်မိသည်။ ခွေးကလေးက ရဲလက်မှ လွှတ်ထွက်သွားသော နှစ်ကြီးသမား တရားခံတစ်ယောက်သဖွယ် တရှိန်ထိုးပြေးသွားလေတော့သည်။

" ဟောတော့ လွှတ်သွားပြီး အိုလီဗာ အိုလီဗာ ပြန်လာခဲ့ "

မိုးသီတာဝေးက အချစ်တော်ခွေးလေးနောက်ကို အပြေးတပိုင်းလိုက်ရင်း ခလုပ်တိုက်လဲသွားသည်။ ကျောက်ခဲကြီးတစ်လုံးနှင့် ဆောင့်မိပြီး မိုးသီတာဝေး ဒူးကွဲသွား၏။ ကိုကျော်ဝေမှာ မိုးသီတာဝေး အနီးကိုလာရပ်ရင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။

" အား အောင်မလေး နာ နာလိုက်တာ လုပ်ပါဦး ကိုကျော်ဝေရဲ့ "

" ဘယ် ဘယ်လိုလုပ်ရမှာလဲ "

ကိုကျော်ဝေက အူကြောင်ကြောင်ကြီးမေးသည်။ မိုးသီတာဝေးက ဒူးခေါင်းကိုလက်ဖြင့် ဖိကိုင်ရင်း အားယူထကြည့်သည်။ မရ။ မျက်ရည်များစို့လျှံနေသော သနားစဖွယ်မျက်လုံးဝိုင်းလေးများဖြင့် ကိုကျော်ဝေကိုကြည့်ရင်း အကူအညီတောင်းသည်။

" ဝေး မထနိုင်တော့ဘူး ဝေးကိုထူပါဦး "

ကိုကျော်ဝေမှာ မလွှဲသာမရှောင်သာ ထူပေးလိုက်ရသည်။ မိုးသီတာဝေးက ကိုကျော်ဝေရဲ့လက်မောင်းကို မှီတွဲပြီးရပ်လိုက်သည်။ အဲ့ဒီအချိန်မှာမှ ပဲပြုတ်သည်မိပိုဖြတ်လျှောက်လာသည်နှင့် တြိုလိုက်ရတာမို့ အခြေအနေကဆိုးသွားလေတော့သည်။ နေ့မကူး

www.burmeseclassic.com

www.burmeseclassic.com



မီမှာပင် ဆရာလေးကိုကျော်ဝေနှင့် မိုးသီတာဝေးတို့ ရပ်ကွက်ထဲမှာ လက်ချင်းတွဲပြီး ချစ်ပွဲဝင်နေကြကြောင်း သတင်းထွက်ပေါ်သွားလေသည်။

ရှေ့တည့်တည့်က ငထွားဆိုက္ကားနင်းလာသည်ကိုမြင်၍ ကိုကျော်ဝေက လက်လှမ်းပြလိုက်သည်။ ငထွားက ကိုကျော်ဝေ လက်လှမ်းပြသည်မှာ သူ့ကိုလှမ်းခေါ်သည်ဟုမထင်၊ ထို့ကြောင့်ဝမ်းပန်းတသာ လက်ပြန်ပြမြီး ညာဘက်လမ်းချိုးလေးထဲထို့ ချိုးဝင်သွားလေသည်။

"ဆရာလေး ကိုကျော်ဝေက သူစွံပြီဆိုတာကိုများ ရပ်ကွက်ထဲ လှည့်ကြွားနေသေး" ဟု ငထွားက သူ့ဖာသာမှတ်ချက်ချသွားသည်။ ကိုကျော်ဝေကတော့ ငထွားကိုဒေါကန်ကျန်ခဲ့ရသည်။ ဆိုက္ကားကလိုင်ခေါက်သံကြား၍ လှည့်ကြည့်လိုက်တော့ ကြက်ဖဆိုက္ကား၊ ကိုကျော်ဝေ ဝမ်းသာသွားသည်။

"ဟေ့ကောင် ကြက်ဖ ခဏရပ်ဦး၊ ဒီမှာ ငါ့မိတ်ဆွေဦးရန်ဝေး သမီးလေး မှောက်လျက်လဲလို့ ဒူးကွဲသွားတယ်၊ သူ့ကိုဆေးခန်းလိုက်ပို့ပေးလိုက်"

"ဟင်. . ဆရာကိုကျော်ဝေက မလိုက်ခဲ့တော့ဘူးလား"

"ငါမလိုက်နိုင်ဘူး ကျောင်းချိန်က အရမ်းကိုနီးနေပြီ၊ ကဲ. . . ငါသွားမယ်"

မိုးသီတာဝေးမှာတော့ ဒဏ်ရာက နာတာတမျိုး၊ ရင်ထဲက နာရတာတမျိုးပေါ့လေ။

*

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ရဲ့ အစွန်ဘက်မှာ ကြာကန်ကြီးတစ်ကန်ရှိသည်။ ဆိုက္ကားဆရာ ဖိုးဆောင်းတို့အိမ်နှင့် ကြာကန်ကြီးက သိပ်မဝေး၊ ဆောင်းဦးပေါက်ဆိုလျှင် ကြာပန်းရောင်စုံက အပြိုင်းအရိုင်းပွင့်လာကြသည်။ လူငယ်များကတော့ ထိုကြာကန်ကြီးကို ချစ်သူနယ်မြေဟု ခေါ်ဆိုကြသည်။ ကြာကန်ပတ်ပတ်လည်မှာက သစ်ပင်ချုံနွယ်များထူထပ်သည်မို့ အရိပ်ခိုလို့ကောင်းသည်ကိုး။

ထိုနေ့က မိခင်ဒေါ်တောကသာ အေးအေးငြိမ်းကို ဘုရားတင်ဖို့ ကြာချိုးမခိုင်းခဲ့လျှင်၊ နန္ဒအောင်ရည်းစားချိန်းရာကို ရဲစွမ်းနိုင်သာအဖော်မလိုက်ခဲ့လျှင်၊ အေးအေးငြိမ်းနှင့် ရဲစွမ်းနိုင်တို့ အချစ်ဇာတ်လမ်းစောစီးမြန်ဆန်စွာ စတင်နိုင်ခဲ့မည်မဟုတ်ပေ။

အေးအေးငြိမ်းကြာပန်းချိုးရန် ကန်ဘောင်ပေါ်လမ်းလျှောက်လာသည်ကို ရဲစွမ်းနိုင်က ကျောခိုင်းသည့်အနေအထားမို့ မမြင်၊ သူ့ရည်းစားအလာကို လည်တဆန့်ဆန့်မျှော်နေသော နန္ဒအောင်က စမြင်သည်။

" ဟာ ဟိုမှာလာနေပြီ ရဲစွမ်းနိုင် မင်းတော့ပွတော့ပဲ "

" မင်းရည်းစားလာတာနဲ့ ငါက ဘာကိစ္စပွရမှာလဲ "

www.burmeseclassic.com

www.burmeseclassic.com



" ဟာကွာ . . . သေချာလဲ လှည့်ကြည့်စမ်းပါဦး ဟိုမှာ မင်းရဲ့ အေးအေးငြိမ်း "

ရဲစွမ်းနိုင် ထခုန်မတတ်ဝမ်းသာသွားမိသည်။ နန္ဒအောင်ကိုထားခဲ့ပြီး အေးအေးငြိမ်းရှိရာကို ရဲစွမ်းနိုင်လှမ်းသွားလိုက်သည်။

" ငြိမ်း ဒီကိုဘာလာလုပ်တာလဲ "

" ဘုရားအိုးထိုးဖို့ ကြာပန်းလာချိုးတာ နင်ကကော ဘာလာလုပ်တာလဲ၊ ကြာပန်းလာချိုးတာပဲလား "

အေးအေးငြိမ်း ရိုးရှင်းစွာပင်ပြန်မေးသည်။

" မဟုတ်ဘူး သူများရည်းစားချိန်းရာကို အဖော်လိုက်လာတာ "

" အားအားယားယားတော် "

" ငြိမ်းအတွက် ကိုယ်ကြာပန်းတွေ ချိုးပေးမယ်နော် "

" ငါ့အတွက်မဟုတ်ဘူး ဘုရားအိုးထိုးဖို့ပါဆို "

အေးအေးငြိမ်းကို ရှင်းပြနေလျှင် အချိန်ကြာမည်စိုး၍ ရဲစွမ်းနိုင်က ရေထဲကိုဆင်းရန် ရှတ်တရက်ပုဆိုးကိုချွတ်ချလိုက်သည်။

" အစ်မလေး ရှက်လိုက်တာ "

အေးအေးငြိမ်းက မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဆောင့်ကြောင့်ထိုင်ချပြီး ခေါင်းကိုငုံ့ထားလိုက်သည်။

" အဟဲ ဘောင်းဘီပါ ပါတယ်ငြိမ်းရဲ့ "

ရဲစွမ်းနိုင်က အကျီကိုပါ ဆက်ချွတ်ပြီး ရေထဲဆင်းသွားလေသည်။ ကြာကန်က မတ်စောက်ပြီးနက်သည်မို့ ရဲစွမ်းနိုင်က တလှမ်းချင်းစမ်းရင်း ခြေထောက်ကိုရွှေ့သွားနေရသည်။ အလှဆုံး

www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံး ကြာဖူးများကိုချိုးယူသည်။ ကြာနီကြီးတဖူးကို လှမ်းချိုးရန် ခြေထောက်အရွေ့မှာ လျှောကျသွားပြီး ရေနက်ပိုင်းကိုရောက်သွားကာ နစ်လေတော့သည်။ မျက်နှာလိုအားရမို့သာ ရေထဲဆင်းသည်။ ရဲစွမ်းနိုင်မှာ ရေမကူးတတ်။ ကြာကန်ကြီး အလည်မှာရဲစွမ်းနိုင် ယက်ကန်ယက်ကန်ဖြစ်နေသည်။

" ဟာ ဟိုမှာ ရဲစွမ်းနိုင်ရေနစ်နေပြီ "

နန္ဒအောင်ကထအော်တော့မှ အေးအေးငြိမ်းသတိဝင်လာပြီး ရုတ်တရက်ရေထဲခုန်ဆင်းလိုက်သည်။ ကြာကန်ကြီး အနီးမှာမွေးဖွားလာသူမို့ အေးအေးငြိမ်းက ရေသေကိုကျင်လည်စွာ ကူးခတ်တတ်၏။ ရဲစွမ်းနိုင် အနီးကိုရောက်သည်နှင့် ရဲစွမ်းနိုင်ရဲ့ဆံပင်ကိုမိမိရရစုဆွဲပြီး ကန်စပ်ကိုဆွဲခေါ်လာနိုင်ခဲ့သည်။ ကန်စပ်ကိုရောက်တော့ နန္ဒအောင်က ကူညီပြီးဆွဲတင်ပေးသည်။ ကန်ဘောင်ပေါ်ကိုရောက်တော့ နန္ဒအောင်နှင့် အေးအေးငြိမ်းတို့က ရဲစွမ်းနိုင်သတိလည်လာအောင် မနည်းပင်ပြုစုလိုက်ကြရသည်။ ရဲစွမ်းနိုင်သတိလည်လာသောအခါ မျက်လုံးလေး ကလယ်ကလယ်ဖြင့် အေးအေးငြိမ်းကို လေသံဖျော့ဖျော့လေးဖြင့်ပြောသည်။

" ငြိမ်းရယ် ကိုယ့်မှာငြိမ်းပေးတဲ့ အသက်ပဲရှိပါတော့တယ်၊ မြန်မာဗီဒီယိုဇာတ်ကားတွေထဲကလို ငြိမ်းကိုယ့် အသက်ကိုကယ်တင်မိရာက ချစ်သူတွေဖြစ်သွားကြရင် သိပ်ကောင်းမှာဘဲနော် "

" အင်း အဲ့ဒီလိုဘဲဖြစ်သွားမယ်ထင်တာဘဲ နင့်ကိုရေထဲကဆွဲတင်တုန်းက အပျိုး ငါသွားတော့မယ် "

ဘာကိုပြောချင်မှန်းမသိ။ သို့သော်. . . ထိုနေ့က အေးအေးထံမှာ ကြာပန်းများပါမသွားဘဲ ရင်ခုန်သံများပါသွားခဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ နောင်အခါတွင် ထိုနေ့က တစ်နေ့လုံးဘာမှလုပ်လို့ ကိုင်လို့မရ တညလုံးလဲ အိပ်မပျော်တဲ့အကြောင်း ရဲစွမ်းနိုင်ကို အေးအေးဌေးဌိမ်းကပြန်ပြောပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ခွေးပိန်မနှင့်သားသမီးသုံးကောင် လက်ဘက်ရည်ဆိုင်အနီးမှာ ရစ်သီရစ်သီလာလုပ်နေကြသည်။ အီကြာကွေး ပစ်ကျွေးသူကကျွေး၊ ထမင်းကြော်အကြွင်းအကျန်ကျွေးသူကကျွေးမို့ ခွေးပိန်မတို့မိသားစုအတွက် ဘရိတ်ဖတ်(စ်)က တော်တော်အဆင်ပြေနေသည်။ စားလက်စ ပလာတာတစ်ချပ်ကိုပစ်ချပေးရင်း ဦးလှကလေးက စကားဆိုသည်။

"မိန်းမနဲ့ခွေးဟာငယ်တုန်းမှာပဲ ချစ်စရာကောင်းတယ် "

" သစ်သားက ကောင်းပေမယ့် လက်သမားညံ့ရင် အဆောက်ဦးညံ့တတ်တာပဲ "

လက်သမားဆရာ ကိုပေါက ခနဲ့လိုက်တော့ ဦးလှကလေးမှာ ချက်ချင်းပင် ဒေါသတွေနှင့် ဖောင်းကားသွားသည်။

" ဟေ့ကောင် မောင်ပါ ငါ့မိန်းမကလေးမရတာ ငါညံ့လို့လို့ မင်းကဆိုလိုတာလား "

" ဟာ အဲ့ဒီလောက်ကြီးတော့ မရည်ရွယ်ပါဘူး ဦးလေးရယ်၊ ဦးလေးရဲ့ မိန်းမကိုကြီးလာပေမယ့် ပြင်ပြင်ဆင်ဆင်လေးနေတတ်အောင် ဦးလေးက သွန်သင်ပေးမှပေါ့လို့ပြောချင်တာပါ "

ကိုပေါက တောင်းတောင်းပန်ပန် ရှင်းပြတော့မှ ဦးလှကလေးလက်ခံသွားသည်။

" အေးကွ မင်းပြောတာလဲ ဟုတ်တာပဲ၊ ဒီနေ့အိမ်ပြန်ရင်

www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်က စတိုးဆိုင်ဝင်ပြီး အလှပြင်ပစ္စည်းလေးတစ်ခုတလေ ဝယ်သွားပြီး ပေးကြည့်ဦးမယ်၊ ဘာကို စဝယ်သွားရင် ကောင်းမလဲ အကြံပေးစမ်းပါဦး ”

“ လွယ်ပါတယ် ဦးလေးရာ မိန်းကလေးသုံးအေဗာတစ် ထုပ်ပေးပါလို့ စတိုးဆိုင်ကိုပြောလိုက်၊ အဲ့ဒီ ပါကင်တစ်ထုပ်ဆိုရင် အလှပြင်စမ်းပါလေ၊ ဦးလေး မိန်းမအရမ်းကိုသဘောကျမှာပါ ”

ကိုပေါက မဟုတ်မဟတ် လမ်းညွှန်နေသည်ကို ကိုကျော် ဝေ ရယ်ချင်လျက်နှင့် မရယ်ရဲ၊ ကိုပေါချောက်ချတာပေါ် သွားလျှင် ဦးလူကလေး ဒေါသဖြစ်လို့ဆုံးမှာမဟုတ်။

“ ဆရာလေး ကိုကျော်ဝေလဲ စိတ်ကူးမလွဲနဲ့နော်၊ ရပ်ကွက်ထဲမှာတော့ ကိုကျော်ဝေနဲ့ ဦးရန်ဝေးသမီး ဘာညလိုလိုသတင်းထွက် နေတာကြာပြီ ”

“ မလုပ်ပါနဲ့ဗျာ . . . အဲ့ဒီပေါက်ကရ သတင်းကြောင့် ပဲ ကျွန်တော်တို့ မိတ်ဆွေကြီးဦးရန်ဝေးတောင် ရှက်ရှာလို့ထင်ပါ ရဲ့ လက်ဖက်ရည်ဆိုင်တောင် ထွက်မထိုင်တော့ဘူး၊ မဟုတ်ဘဲ လျှောက်ပြောကြတော့ ကျွန်တော့်အတွက်ကတော့ ကိစ္စမရှိပါဘူး၊ ကလေးမလေး အတွက်ကျ နစ်နာရှာမယ် ”

ကိုကျော်ဝေတို့ ဝိုင်းဘက်မှ စကားသံများကို နားစွင့်နေကြ သော ဆိုက္ကားဆရာဝိုင်းဘက်မှ ရွှေဂဲက လှမ်းနောက်သည်။

“ အဲ့ဒီသတင်း မဟုတ်မမှန်တဲ့အကြောင်း အသံချဲ့စက်နဲ့ လှည့်ကြေညာပါလား ကျွန်တော်တို့ ဆိုက္ကားအကူအညီပေးမယ် လေ ”

“ မဟုတ်တာ ရွှေဂဲရာ နောက်တီးနောက်တောက်နဲ့ ”

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဝေ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်ကို ဆိုက္ကားဆရာဝိုင်းက ဝိုင်းရယ်ကြသည်။ ဦးလူကလေးက အလေးအနက်ပြောလာသည်။

" တစ်ခုတော့ရှိတယ် မောင်ကျော်ဝေရဲ့ ရှိတ်စပီးယားရေးတာလေးတစ်ခုကို ဦးလေးဖတ်ဖူးတာရှိတယ်၊ အပျိုတွေဟာ ဘာမှမလိုချင်ဘူး လင်ပဲလိုချင်ကြတယ်၊ အဲ . . . လင်ရပြီဆိုတော့ အရာ ရာကို လိုချင်လာကြတယ်တဲ့၊ လောလောဆယ် ကိုရန်ဝေးသမီးက အပျိုဆိုတော့ လင်လိုချင်မှာပဲ "

" ဟုတ်ချင်လဲ ဟုတ်မှာပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့်မျက်စိထဲမှာ မိုးသီတာဝေးကို ကလေးလို့ပဲမြင်မိတယ် "

ဈေးကိုအလုပ်မဝင်သေးခင် ဗိုက်ဝင်ဖြည့်နေသော မိပိုယောက်ျားအောင်မောင်းက ဦးလူကလေးစကားကို သဘောကျသွားသည်။ စားလက်စ ထမင်းကြော်ပန်းကန်ကို ဆက်မစားတော့ဘဲ ခွေးပိန်မမိသားစုကို ကျွေးရန်လှမ်းကြည့်လိုက်သည်။

ခွေးပိန်မက လမ်းမတစ်ဖက်ကို ကူးသွားသည်။ ခွေးလေးသုံးကောင်က ခွေးပိန်မနောက်ပြေးလိုက်သွားကြသည်။ ထိုစဉ်အရှိန်ဖြင့် မောင်းနှင်လာသော SURF ကားပြာကြီးက ခွေးလေးတစ်ကောင်ကို တက်ကျိတ်နင်းခြေသွားလေသည်၊ ခွေးလေးမှာ မြင်မကောင်းအောင်ဖြစ်သွားရှာသည်။

" ဟာ ခွေးလေးတစ်ကောင်ကို တက်နင်းသွားပြီးဟ "

လက်ဖက်ရည်ဆိုင်ထဲမှ လူများရုတ်ရုတ်သဲသဲ အသံထွက်သွားသည်၊ ခွေးပိန်မက သူ့သမီးခွေးမလေးကို တချက်နှုတ်သီးဖြင့်တို့သည်။ ပြီးနောက် အပြင်းထန်ဆုံး ဒေါသမာန်ဖီကာ SURF ကား

www.burmeseclassic.com

www.burmeseclassic.com



ကြီးနောက်ကို ဟောင်သံနက်နက်ကြီးပေး၍ အစွမ်းကုန်ပြေးလိုက်ပြီးကိုက်ရန် ကြိုးစားတော့သည်။

SURF ကားကြီးထက်က အပျော်ကြူးနေသူ နှစ်ဦးက ဘာကိုမှသိပုံမရ၊ ကားကြီးက ရပ်ကွက်လမ်းထဲမှထွက်ပြီး လမ်းမကြီးထက်ချိုးကွေ့တက်သွားသည်။ ခွေးပိန်မကလဲ အရှိန်တချက်ပင်မပျက် သည်းသည်းမည်းမည်းလိုက်သည်။

ကားဘီးမည်းမည်းကြီးဟာ သူ့သမီးလေးကို သတ်သွားသည့် တရားခံ၊ ခွေးပိန်မမောနေသလား၊ သူ ဘာမှသိပုံမရ။ ကားဘီးမည်းမည်းကြီးကို စုတ်ပြတ်သတ်နေအောင် ကိုက်ပစ်မည်။ ခြေထောက်များပင် မြေကြီးဖြင့်ထိသည်မထင်။ ရေကုန်ရေခန်းပြေးလိုက်မာန်ဖီနေမြဲ။ SURF ကားကြီးကို မီတော့မည့်ဆဲဆဲ လင်းဆုံတစ်ခုကိုအရောက် ဖြတ်မောင်းလာသော ကားတစ်စီးက ခွေးပိန်မကို လွင့်ထွက်သွားအောင် ပစ်တိုက်မိသွားလေတော့သည်။

လမ်းမဘေးမှာ ခွေးပိန်မလွင့်စင်ကျပြီး အသက်ပျောက်သွားသည်။ ခွေးပိန်မ မျက်လုံးများ ပိတ်မသွား၊ ခွေးပိန်မ ပါးစပ်ထဲက သွေးများတပွက်ပွက်စီးယိုကျလာသည်က မြင်မကောင်း၊ သားသမီးဇောဖြင့် အသက်ပေးလိုက်ရှာသော ခွေးပိန်မ၏ အလောင်းမကားလမ်းမဘေးတစ်နေရာ။ ဘဝတစ်ခု မလှပစွာပြီးဆုံးသွားခဲ့ချေပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com



" ကိုအောင်မောင်း တော့်ဟာမပြောချင်လို့ကြည့်နေလဲ မရဘူး၊ တစ်နေ့တစ်နေ့ ဒီအရည်တွေသောက် မနက်မိုးလင်းတော့ အိပ်ရာထက နောက်ကျ၊ တော်ဝီရိယနည်းပုံမျိုးနဲ့တော့ လူမွေးလူ ရာပြောင်မှာ မဟုတ်တော့ဘူး "

ပဲပြုတ်သည်မိပိုက အိပ်ပျော်နေသော အောင်မောင်းကို လှုပ်နှိုးရင်း နံနက်ချိန်ခါတေးသံသာကို စလိုက်၏။ အောင်မောင်း က မထချင်ထချင်ထထိုင်ရင်း အပျင်းကြောတစ်ချက်ဆန့်လိုက် သေးသည်။

" ဗျား . . . ဦးလူကလေးပြောတဲ့စကား သိပ်မှန်တာပါ လား "

" အောင်မယ်တော် ကြီးကြီးကျယ်ကျယ် တော့်ကို ဦးလူ ကလေးဆိုတဲ့ လူကြီးက ဘာတွေများ မဟုတ်မဟတ်စကားတွေ သင်ပေးလိုက်ပြန်ပြီလဲ "

အောင်မောင်းက ပညာရှိဟန်မျိုးတမင်မျက်နှာထားရင်း လေသံလေးလေးကြီးဖြင့် ဂုဏ်ယူစွာပြန်ပြောသည်။

" စကားဆိုတာ ကိုယ့်ကိုလာပြောမှရယ်လို့မဟုတ်ဘူး ပတ် ဝန်းကျင်ထဲမှာ ပြောဆိုနေကြတာကို ကောင်းတာကြားရင် မှတ်ထား ရမယ် အတုယူတတ်ရမယ် "

" လျှောက်လျှာရှည်မနေနဲ့ ဦးလူကလေးဘာပြောသလဲဆို တာကိုသာပြော "

မိပိုက စိတ်မရှည်နိုင်ဘဲ ဖိဟောက်လိုက်သည်။ ဦးလူက

www.burmeseclassic.com

www.burmeseclassic.com



လေး ဘာပြောသည်ဆိုသည်ကိုလဲ သိလိုက်ချင်သေးသည်။ အောင်မောင်းက ပြုံးဖြဲဖြဲလေးဖြင့် မနေ့က ဦးလူကလေးစကားကိုဖောက်သည်ပြန်ချလိုက်၏။

" ဦးလူကလေးကပြောတယ်ဟ . . . အပျိုတွေဟာ ဘာမှမလိုချင်ဘူး လင်ပဲလိုချင်ကြတယ် အဲ . . . လင်ရပြီဆိုရင်တော့ အရာရာကို လိုချင်လာကြတယ်တဲ့၊ အဲဒီစကား ဘယ်လောက်မှန်လဲ "

" အဲ့ဒီလူကြီးက ဘာကိစ္စ အဲ့ဒီစကားကိုပြောရတာလဲ မကြီးမငယ်နဲ့ "

" သူပြောချင်တာက ဦးရန်ဝေးသမီးက အပျိုတဲ့ သူလဲ လင်ပဲလိုချင်မှာပဲဆိုတာကို ပုံဆောင်တဲ့အနေနဲ့ပြောတာ "

" သူများသားသမီးကိုများ မှိုချိုးမျှစ်ချိုးနဲ့ ကဲ ကဲ . . . ကျုပ်ဈေးသွားရောင်းတော့မယ် တော့်ဆီမှာ လက်ဖက်ရည်ဖိုးရှိသေးတယ် မဟုတ်လား၊ ဒီနေ့မနက် ထမင်းကြမ်းမကျန်ဘူး၊ တစ်ခုခုသာဝင်စားသွားလိုက်တော့ "

မိပိုကပြောပြောဆိုဆိုဖြင့်ပင် ပဲပြုတ်တောင်းလေး ခေါင်းပေါ်မှာရွက်ပြီး အိမ်ထဲက လှမ်းထွက်သွားလေတော့သည်။ အောင်မောင်းလဲ ရေမိုးချိုး အဝတ်အစားလဲပြီး လက်ဘက်ရည်ဆိုင်ဆီဦးတည်ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်ထဲမှာ ဆိုက္ကားဆရာရွှေခဲနှင့် ကြက်ဖတို့ထိုင်နေသည်ကိုမြင်၍ အောင်မောင်းက ထိုစားပွဲမှာ ဝင်ထိုင်လိုက်သည်။

" ဟ . . . မင်းတို့နှစ်ယောက် အစောကြီးရောက်နေကြ

www.burmeseclassic.com

www.burmeseclassic.com



ပါလား."

" ဒီကောင် ကြက်ဖလေ. . . ကိုယ့်ဒုက္ခကိုယ်ရှာပြီးငါ့ကို အစောကြီးလာနှိုးလို့ ထလိုက်လာရတာ "

ရွှေဂဲက ကြက်ဖကို အပြစ်တင်သော လေသံတစ်ဝက်နှော ပြီးပြောသည်။ ကြက်ဖက ရယ်ကျဲကျဲ . . .

" မင်းကို အဲ့ဒါကြောင့် စာနာတတ်တဲ့နှလုံးသား မရှိဘူး လို့ပြောတာပေါ့ "

" မင်းတို့ဟာ ဘာတွေလဲကွာ "

အောင်မောင်းက နားမလည်တော့သည်မို့ ခေါင်းကိုတ ဗျင်းဗျင်းကုတ်ရင်းမေးလိုက်သည်။ ရွှေဂဲက မကျေမချမ်းဖြင့်ရှင်း ပြ၏။

" ဒီလိုဟေ့ မနေ့က ခွေးပိန်မသေသွားတာကို မင်းလဲသိ သားပဲ၊ ခွေးပိန်မပြန်ရောက်မလာတော့ ကျန်ရစ်တဲ့ ခွေးထီးလေး နှစ်ကောင်က တစ်နေ့ကုန် တအီအီလုပ်နေတယ်လေ၊ အဲ့ဒါကို စိတ် မကောင်းလို့ဆိုပြီး ကြက်ဖက ခွေးထီးလေးနှစ်ကောင်ကို အိမ်ခေါ် သွားသတဲ့ "

" အင်းလေ အိမ်ခေါ်သွားတော့ ဘာဖြစ်လို့လဲ "

" သူ့အိမ်မှာလဲ ခွေးထီးလေးနှစ်ကောင်က အငြိမ်မနေဘူး တအီအီအော်ရင်း ဆိုက္ကားဂိတ်က ဝပ်ကျင်းဆီကိုပြန်ပြေးလာကြ တယ်၊ အဲ့ဒါကို ကြက်ဖက တစ်ညလုံးအိမ်ပြန်ခေါ်သွားလိုက် ဆိုက္ကား ဂိတ်ကိုခွေးနှစ်ကောင်က ပြန်လာလိုက်နဲ့ လုံးချာလည်ပြီး မိုးလင်း သွားရော၊ သူ့ဖာသာ အလုပ်ရှာရှုပ်တာ ကိစ္စမရှိဘူး စော စောစီးစီး ပြန်အိပ်မရတော့လို့ဆိုပြီး ငါ့ကိုလာနှိုးလို့ ငါပါအိပ်

www.burmeseclassic.com

www.burmeseclassic.com



ရေးပျက်တာ ပေါ့ ”

ရွှေဂဲရှင်းပြတော့မှာ ဇာတ်ရည်လည်တော့သည်။ အောင်မောင်းက ကြက်ဖကို ချီးကျူးသည်။

“ ကြက်ဖ မင်းကိုတော့ ငါမချီးကျူးဘဲ မနေနိုင်တော့ဘူး၊ ဒီည မင်းကိုယ်စား ခွေးနှစ်ကောင်တာဝန်ကို ငါယူမယ်ကွာ ”

“ မလုပ်ပါနဲ့အောင်မောင်းရာ တော်ကြာ ခွေးထီးလေးနှစ်ကောင် အရက်သမားဖြစ်သွားပါဦးမယ် ”

ကြက်ဖ အပြောကြောင့် အောင်မောင်းဒေါသဖြစ်သွားသည်။ သို့သော် ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငြိမ်နေလိုက်ရ၏။ ထိုစဉ် ငထွားနှင့်ဖိုးဆောင်းတို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်မို့ သူတို့လက်ဖက်ရည်ဝိုင်းက စည်စည်ကားကားဖြစ်သွားသည်။ ခွေးထီးလေးနှစ်ကောင်လဲ လက်ဖက်ရည်ဆိုင်အနီးမှာ ရစ်သီရစ်သီလာလုပ်နေကြလေပြီ။ ဖိုးဆောင်းက အီကြာကွေးတစ်ချောင်းကို သူမစားသေးပဲ ဖဲ့ရွဲ့ပြီး ခွေးနှစ်ကောင်ကိုချကျွေးသည်။

“ ဒီကောင်နှစ်ကောင်ကို ဘယ်လိုနာမည်ပေးရရင်ကောင်းမလဲ ”

ဖိုးဆောင်းက ခွေးနှစ်ကောင်ကို အရေးတယူလုပ်ပြီးပြောသည်။ ငထွားက တွေးတွေးဆဆဖြင့်ပြောသည်။

“ နာမည်ပေးကင်ပွန်းတပ်တယ်ဆိုတာ လွယ်လွယ်လုပ်လို့ ကောင်းတာမျိုးမဟုတ်ဘူးကွ ”

“ ဟာကွာ . . . ခွေးကိုနာမည်ပေးတာများ ကြီးကြီးကျယ်ကျယ်လုပ်လို့ ”

အောင်မောင်းက ငထွားကို သရော်သောလေသံဖြင့်ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ ငထွားက မျက်မှောင်ကျုတ်ကြည့်ရင်း အောင်မောင်းကို ဖိဟောက်ပစ်၏။

" ဟော့ကောင် အောင်မောင်း မင်းဘာနားလည်လို့လဲ ဒီနှစ်ကောင်က ငါတို့ဆိုက္ကားဂိတ်က ခွာတဲ့ကောင်တွေ မဟုတ်ဘူးကွ. . . သူတို့ကို နာမည်ပေးတာလွဲလို့ ခိုက်ရင် ငါတို့ဆိုက္ကားဂိတ်ကိုခိုက်မှာ "

" ဟုတ်တယ် ငထွားပြောတာမှန်တယ် "

အယူအစွဲကြီး မကြီးတော့မသိ၊ ငထွားက သူ့စကားသူ ခိုင်လုံအောင်တည်ဆောက်လိုက်သည်။ ငထွားစကားကို ဖိုးဆောင်းက ထောက်ခံသည်။ ကြက်ဖက နာမည်စပေးကြည့်သည်။

" ဒီနှစ်ကောင်ကို ဒေးဗစ်နဲ့ ဘက်ခမ်းလို့ပေးလိုက်ရင် ဘယ်လိုနေမလဲ "

" မကောင်းသေးပါဘူး၊ တော်ကြာ ဒေးဗစ်ဘက်ခမ်းက သူ့နာမည်ကို အလွဲသုံးစားလုပ်ပါတယ်ဆိုပြီး တရားစွဲလာရင် ခက်ကုန်မယ် "

ကြက်ဖ အဆိုပြုချက်ကို ရွှေဂဲကပယ်ချသည်။ ကျောင်းဆရာလေးကိုကျော်ဝေ ဆိုင်ထဲဝင်ထိုင်သည်ကိုလှမ်းမြင်၍ အောင်မောင်းက အကြံပြုသည်။

" ဒီလောက်တောင် တတ်တတ်တူတူ နာမည်ပေးကောင်းချင်ရင်လဲ ဆရာလေးကိုကျော်ဝေကိုပဲ နာမည်ပေးခိုင်းလိုက်ပေါ့ကွာ "

" ဟုတ်တယ် အောင်မောင်းပေးတဲ့အကြံကောင်းတယ်ဗျို့ . . . ဆရာလေးကိုကျော်ဝေ ဒီနှစ်ကောင်ကို ဘယ်လိုနာမည်

www.burmeseclassic.com

www.burmeseclassic.com



ပေးရင်ကောင်းမလဲဗျ လုပ်စမ်းပါဦး ”

အားလုံးက ဆရာလေးကိုကျော်ဝေဆီကို အာရုံရောက်သွားသည်။ ကိုကျော်ဝေကလဲ အားလုံးရဲ့ အလေးပေးမှုကိုခံလိုက်ရသဖြင့် မာန်တက်သွားပုံရသည်။ မရှိသည့် မုတ်ဆိတ်မွေးကို လက်သပ်စမ်းရင်း ဘာမှန်းမသိသော ဝေါဟာရများကို နှုတ်မှတဖွဖွရွတ်နေသေးသည်။

“ နာမည်ပေးတယ်ဆိုတာ ပညတ်ရယ်၊ ရုံဠီရယ်၊ အန္တတ္ထိဆိုတာရယ်ခွဲခြားရသေးတယ် ”

“ ဟုတ်ပါပြီလေ ပညာခန်းတွေက ဆရာလေးအပိုင်းပေါ့ဗျာ. . . သင့်တော်ရာ နာမည်လေးတွေပေးလို့ရရင်ပြီးတာပါပဲ ”

ကိုကျော်ဝေက သူ့ခြေဖမိုးကိုလာပြီး လျှာဖြင့်လျက်နေသော အနီရောင်သန်းသည့် ခွေးပေါက်စလေးကို ကောက်မလိုက်ပြီး အသံလေးလေးကြီးဖြင့်ပြောသည်။

“ ဒီကောင်ရဲ့ အဆင်းက အနီဘက်ကိုလုနေတာဆိုတော့ သူ့ကို မွေးနီလို့ခေါ်ကြမယ်ဗျာ ”

အောက်ကိုချပေးလိုက်တော့ မွေးနီအမည်ရသွားသော ခွေးထီးလေးက တအီအီတအာအာအော်ပြီး ပြေးသွားလေသည်။ ဖိုးဆောင်းက အမည်းရောင်ခွေးထီးလေးကိုကောက်မပြီး ကိုကျော်ဝေကိုနောက်သည်။

“ ဒီကောင်ရဲ့ အဆင်းက အနက်ဆိုတော့ မွေးနက်ပေါ့နော် ဆရာလေးကိုကျော်ဝေ ”

“ ဟာကွာ မင်းဟာမဟုတ်သေးပါဘူး၊ သူက မည်းမည်းလုံးလုံးလေးဆိုတော့ မဲလုံးပေါ့မဟုတ်ဘူးလား ”

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဝေက အားလုံးကိုရည်ညွှန်းပြီး မဟုတ်ဘူးလား ဆို၍သာ အားနာပြီးခေါင်းညိတ်လိုက်ကြရသည်။ သူတို့ပါသာနာမည်ပေးချင်လျှင်ပင် ကိုကျော်ဝေပေးသော နာမည်များထက် လှပဆန်းကြယ်ဖွယ်ရာရှိပေသည်။ ဥပမာ--- ကမ္ဘာကျော်ဘောလုံးသမားနာမည်တွေ၊ နာမည်ကြီး သရုပ်ဆောင်နာမည်တွေတော့ ဖြစ်ကောင်းဖြစ်သွားပေဦးမည်။ အခုတော့ အမိမဲ့သားနှစ်ကောင် နာမည်က မွှေးနီတဲ့၊ မဲလုံးတဲ့လေ။

"မောင်ပေါ်ဆိုတဲ့ လက်သမားကောင် ဒီဆိုင်ကို မလာဘူးလားကွ "

ဦးလူကလေးတစ်ယောက် လက်ဖက်ရည်ဆိုင်ထဲကို ဒေါ်ကြီးမောကြီးဖြင့်ဝင်လာသည်။ ဘာကြောင့်ကိုပေါ်ကို ဦးလူကလေး ဒေါကန်နေသည်ကို ကိုကျော်ဝေက သိသိကြီးဖြင့်ပင် တမင်မေးလိုက်၏။

" ဘာတွေ ဒေါသဖြစ်လာတာလဲ ဦးလေးရဲ့၊ ကိုပေါ် မလာသေးဘူးဗျ၊ လာ. . . ထိုင်လေ "

" အဲ့ဒီကောင် လာလို့ကတော့ အတွေ့မဲ "

" ဘာဖြစ်လာတယ်ဆိုတာကိုလဲ ပြောပြစမ်းပါဦး၊ အချင်းချင်းတွေပဲဟာ ဦးလေးရယ် "

ကိုကျော်ဝေက ဦးလူကလေး မပြောပြောအောင်စိတ်ကို ဆွပေးသည်။ ဦးလူကလေးကလဲ မနေနိုင်၊ သူ့အဖြစ်ကို သူဖွင့်ပြောသည်။ ဦးလူကလေးစကားကို အားလုံးက စိတ်ဝင်တစားဝိုင်းနားထောင်ကြ၏။ မနေ့က ကိုပေါ်အကြံပေးသဖြင့် လမ်းထိပ်ကဆိုင်မှာဝင်ပြီး ဦးလူကလေးက အမျိုးသမီးသုံးအဖော်ထုပ်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ စတိုးဆိုင်က ကောင်မလေးက ပြုံးစိစိဖြစ်နေသည်ကိုတော့ ဦးလူကလေးသတိထားမိသည်ဆို၏။ အိမ်ရောက်တော့ ကုန်စုံဆိုင်မှာ အရောင်းကျနေသဖြင့် ချက်ချင်းမပေးဖြစ်သေး၊ ညနေခင်း ဒေါ်မြငွေ ရေချိုးတော့မှ ဦးလူကလေးက သတိရပြီး သူဝယ်လာသော အထုပ်ကလေးကိုပေးသည်။ အသက်ငါးဆယ်ကျော်နေပြီဖြစ်သော ဒေါ်မြငွေက ခွက်ထိုးခွက်လှန်ရယ်ပြီး ရှင်းပြတော့ ဦးလူကလေးမှာ ကိုပေါ့ကိုဒေါသဖြစ်လို့ မဆုံးရှိတော့သည်။

" ဦးလေးရယ် . . . ကိုပေါ့အကြောင်းလဲ မသိတာမဟုတ်ဘဲနဲ့ ဒေါသဖြစ်မနေပါနဲ့တော့ဗျာ "

အားလုံးက ဝိုင်းဝန်းဖျောင်းဖျတော့မှ ဦးလူကလေး စိတ်ကိုလျှော့သွားတော့သည်။ သိပ်ကြာကြာပင် မထိုင်ရသေး လက်ဖက်ရည်ဆိုင်ထဲကို မျက်နှာကြီးနီမြန်းပြီး ဦးရန်ဝေးဝင်လာသည်။ ကိုကျော်ဝေနှင့် ဦးလူကလေးတို့ထိုင်နေသော စားပွဲခုံကို လက်ဖြင့်ပုတ်ပြီး ဒေါသတကြီးပြောသည်။

" ဟေ့ကောင် လူကလေး မင်းက ငါ့သမီးကို လင်လိုချင်တယ်လို့ ပြောတယ်ဆို "

" ဟာ မဟုတ်ရချည်ပါဘူး ကိုရန်ဝေးရယ် ကျုပ်ပြောတာမဟုတ်ပါဘူး၊ ရှိတ်စပီးယားပြောတာပါ "

" မင်း မဟုတ်တာမပြောနဲ့ ရှိတ်စပီးယားက ငါ့သမီးကို ဘယ်လိုလုပ်သိနိုင်မှာလဲကွ "

စကားတွေက ရှုပ်ကုန်သည်။ ရှင်းဖို့တော်တော်မလွယ်သည့်ကိစ္စ၊ ဦးရန်ဝေးတို့ အိမ်ကိုပဲပြုတ်သည် မိပိုပဲပြုတ်ဝင်ရောင်းရင်း ဖွထားခဲ့ခြင်းဖြစ်သည်။ ကိုကျော်ဝေက ကြားဝင်ပြီးဖြန်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

" နေပါဦး ဦးလေးရန်ဝေးရယ်၊ ဦးလူကလေးပြောတာက ဦးလေးသမီးကိုချည်း သက်သက်ပြောတဲ့ သဘောမဟုတ်ပါဘူး၊ အပျိုအရွယ်တွေရဲ့သဘာဝကို ရှိတ်စပီးယားစကားကိုးကားပြီးပြောတာပါ "

" ငါ့သမီး လင်လိုချင်တာ ဘာကိုမှ ကိုးကားနေစရာမလိုပါဘူး "

ဦးရန်ဝေး တထစ်လျှော့သွား၍ တော်သေးသည်။ ထိုအခြေအနေတွင် လက်ဘက်ရည်ဆိုင်အနီးကို ပဲပြုတ်ရောင်းရင်းမိပိုရောက်လာကာ သတင်းတစ်ခုထုတ်လွှင့်လေသည်။

" ကိုတင်ဆောင်တို့ အိမ်တက်မိုးရင်း လက်သမားဆရာကိုပေါ် လိမ့်ကျလို့ ခါးကျိုးသွားသတဲ့ "

" ဟာ . . . ကိုပေါ်တော့ ဒုက္ခပါပဲ၊ ကဲ . . . ဦးလေးတို့နှစ်ယောက်ဆက်စကားများချင်လဲ များနေရစ်ကြပေတော့ ကျွန်တော်တော့ ကိုပေါ်သတင်းသွားမေးလိုက်ဦးမယ် "

" နေဦးလေ မောင်ကျော်ဝေ ဦးလေးလဲလိုက်မှာပေါ့ "

ကိုကျော်ဝေနှင့်အတူ ဦးလူကလေးလိုက်သွားသည်။ ဦးရန်ဝေးလဲ မနေသာ၍ ဖိုးဆောင်းဆိုက္ကားကိုခေါ်ပြီး လိုက်သွားလေတော့သည်။ ရပ်ကွက်ကလေးထဲက လူတွေက ဒီလိုပါပဲ၊ မွေးနီနှင့် မဲလုံးတို့တောင် ဘုမသိဘမသိဖြင့် တောက်ဆတ် တောင်ဆတ်လူတွေနောက်ကလိုက်သွားကြလေရဲ့။

*

www.burmeseclassic.com

www.burmeseclassic.com



" ညည်းနဲ့ကျောင်းဆရာကောင်တို့ရဲ့ သတင်းတွေက အရပ်ထဲမှာ ပွနေပြီသိရဲ့လား "

မိုးသီတာဝေးအမေ ဒေါ်မြနှစ်က မိုးသီတာဝေးကိုပြောလာတော့ သူမမှာတော်တော်ကြီး အံ့သြသွားရသည်။ သူမက ကိုကျော်ဝေရဲ့ မေတ္တာကို တိတ်တိတ်လေးကျိတ်ပြီး မျှော်လင့်နေခဲ့တာကြာပြီ။ ကိုကျော်ဝေက မတုန်မလှုပ်၊ သူမကို ပီဘိကလေးတစ်ယောက်လိုသာဆက်ဆံတာ သူမအသိဆုံး။

" ကိုကျော်ဝေနဲ့ သမီးက ဘာမှဖြစ်တာမှမဟုတ်ဘဲ အမေ ရယ် မလိုတဲ့သူတွေက ပြောကြတာနေမှာပါ "

" ဘာပဲဖြစ်ဖြစ်လေ၊ ညည်းအနေအထိုင်ဆင်ခြင်ပါ၊ ကျောင်းဆရာကောင်နဲ့ ညည်းကိုငါသဘောမတူနိုင်ဘူး "

ဒေါ်မြနှစ်က သူ့သဘောထားကို အတိအလင်းကြေညာသည်။ မိုးသီတာဝေးစိတ်ထဲမှာ မခံချိမခံသာလေး ဖြစ်သွားရသည်။

" အမေက ကိုကျော်ဝေနဲ့ ဘာကြောင့်သဘောမတူရတာလဲ၊ ကိုကျော်ဝေမှာ ဘာအပြစ်ရှိလို့လဲ "

မိုးသီတာဝေးက ရဲရဲတင်းတင်းပင် အတွန့်တက်ကြည့်သည်။ ဒေါ်မြနှစ်က ဒေါသသံအပြည့်ဖြင့် မာမာတင်းတင်းပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။

" အပြစ်ရှိတာတွေ အပြစ်မရှိတာတွေ ငါ မသိဘူး၊ သူရတ့ ကျောင်းဆရာလခက ညည်းကိုဆင်တဲ့ အဝတ်အစားတစ်စုံဖိုး တောင်မရှိဘူးဆိုတာ ညည်းနားလည်ထား "

ဒေါ်မြနှစ်က ယတိပြတ်ပြောပြီး ဈေးကိုထွက်သွားသည်။ ချစ်ခြင်းမေတ္တာတရားကို ငွေကြေးဖြင့် နှိုင်းစက်ခံလိုက်ရသည်မို့ မိုးသီတာဝေးရင်ထဲမှာ လိပ်ခဲတင်းတင်းဖြစ်ကျန်ခဲ့ရသည်။ ဦးရန် ဝေးက ခွေးတွေကို ရေချိုးပေးပြီး ဧည့်ခန်းထဲမှာ ခြေပစ်လက်ပစ် ထိုင်နေသည်။ ပြောချင်ဆိုချင်တာလေးရှိနေ၍ မိုးသီတာဝေးကို လှမ်းခေါ် လိုက်သည်။

" ထိုင်ဦး သမီး၊ သမီးကို ဖေဖေပြောစရာစကားရှိ တယ် "

" ပြောပါ ဖေဖေ "

ပြောပါဆိုတော့မှ ဦးရန်ဝေးမှာ နှုတ်စကားအထွက်ခက် နေသေးသည်။ ကွေ့ဝိုက်ပြီး မေးခွန်းထုတ်ရတော့သည်။

" သမီးမှာ ရည်းစားသနာတွေ ဘာတွေများရှိသလား "

" မရှိပါဘူးဖေဖေ ဘာဖြစ်လို့လဲဟင် "

ဦးရန်ဝေးက ထရပ်ပြီး ပြတင်းပေါက်ဆီကို လျှောက်သွား သည်။ ပြတင်းပေါက်ဘောင်ပေါ်မှာ လက်ထောက်ပြီး မိုးသီတာ ဝေးကို မကြည့်ဘဲပြောသည်။

" ဒီခေတ်ကောင်လေးတွေက တော်တော်ပေါ့ပျက်ပျက်နဲ့ ဆော့ ဖေဖေစိုးရိမ်မိတယ် သမီး၊ ဖေဖေတော့ ရပ်ကွက်ထဲက ... ယ်တွေထဲမှာ မောင်ကျော်ဝေတစ်ယောက်ပဲ သ...

www.burmeseclassic.com

www.burmeseclassic.com



တယ် ”

မိုးသီတာဝေးမှာ ဝမ်းပဲသာရမလို၊ ထိုင်ပဲငိုပစ်လိုက်ရမလို ဖြစ်သွား၏။ စောစောကပဲ မိခင်ဒေါ်မြနှစ်က ကိုကျော်ဝေနှင့် သဘောမတူနိုင်ဘူးဆိုသွားသည်။ ယခု ဖခင်ဦးရန်ဝေးက ဆန့်ကျင်ဘက်။

“ အဲ့ဒါပါပဲ သမီးရယ် သမီးစဉ်းစားချင့်ချိန်နိုင်အောင် ပြောတာပါ ”

ဘယ်လိုကြီးမှန်းလဲမသိ၊ ဦးရန်ဝေး စကားကိုဖြတ်ပြီး ခွေးနှစ်ကောင်ကိုဆွဲကာ အိမ်ထဲက ထွက်သွားလေတော့သည်။ ဧည့်ခန်းထဲမှာ မိုးသီတာဝေးတစ်ယောက်တည်း ယောင်ချာချာကြီးကျန်ခဲ့သည်။ ကိုကျော်ဝေအကြောင်းကို စဉ်းစားကြည့်သည်။ ပါးစပ်ထဲကို လက်ထည့်ကြည့်ရင်တောင် ကိုက်မည့်ပုံ●ပေါ်။ သူ့ကိုကြည့်ရသည်မှာ မိန်းကလေးကစပြီး ရည်းစားစကားပြောရမလိုမျိုး၊ စဉ်းစားလို့မှ မဆုံးသေး၊ အိမ်ရှေ့မှ ကိုကျော်ဝေ့ အသံထွက်ပေါ်လာသည်။

“ ဦးလေး ဦးရန်ဝေး ရှိလား ”

“ ဟင် . . . ကိုကျော်ဝေ လာ . . . ထိုင်ပါဦး ”

မိုးသီတာဝေးက ဧည့်ခန်းထဲကို ဖိတ်ခေါ်လိုက်သည်။ ကိုကျော်ဝေကလဲ ရှိုးတိုးရှန့်တန့် အမူအယာဖြင့် ဧည့်ခန်းထဲကိုဝင်ထိုင်လိုက်သည်။

“ ခဏထိုင်စောင့်နော် ကိုကျော်ဝေ ဝေး ကော်ဖီသွားဖျော်လိုက်ဦးမယ် ”

ဦးရန်ဝေးရှိသည် အထင်ဖြင့် ကိုကျော်ဝေထိုင်စောင့်နေမိပါသည်။ မိုးသီတာဝေးက ခပ်မြုံးမြုံးလေးကော်ဖီဖျော်ရင်း ကို

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝေကို အချိန်ဆွဲထားပြီး စကားဖောင်ဖွဲ့မည်ဟု ကြံစည်လိုက်မိသည်။

“ ကိုကျော်ဝေ ဖေဖေ့ဆီကို အလည်လာတာ သက်သက်ပဲလား ”

“ ဟာ . . . မဟုတ်ဘူး ကိစ္စရှိလို့လာတာ ”

“ လာရင်းကိစ္စကိုတော့ ဖေဖေနဲ့ကျမှပြောပေါ့ ကိုကျော်ဝေကို ဝေးမေးချင်တာလေးတွေရှိတယ် ”

မိုးသီတာဝေးက မျက်လုံးလေးထောင့်ကပ်ကြည့်ရင်း အပြုံးစစဖြင့်ပြောသည်။ ကိုကျော်ဝေကတော့ မာမာတောင့်တောင့်ကြီး သူ့ကိုကြည့်ရတာ တစုံတရာကြောက်ရွံ့ထိန့်လန့်နေသလိုမျိုး။

“ ဟို ဟိုလေ. . . ဦးလေး ဦးရန်ဝေးက ဘာလုပ်နေလို့လဲ ”

“ ဖေဖေ သန့်စင်ခန်းဝင်နေတယ်၊ သူက တစ်ခါဝင်ရင် တစ်နာရီလောက်ကြာတတ်တယ် ”

“ ဗုဒ္ဓေါ . . . ဒါ ဒါဆို တစ်နာရီလောက်နေမှ တစ်ခေါက်ပြန်လာခဲ့မယ်နော် ”

ကိုကျော်ဝေရဲ့ စကားကြောင့် မိုးသီတာဝေး အကြီးအကျယ်ပေါက်ကွဲသွားရသည်။

“ ဒီမယ် ကိုကျော်ဝေ ရှင့်ကိုမိန်းကလေးတစ်ယောက်တပျူပျူငှာငှာစကားပြောနေတာကို ရှင်ကရှောင်ထွက်သွားဖို့ကြိုးစားတာ ဘယ်လောက်ရိုင်းလဲ၊ ရှင်နည်းနည်းလေးမှ နားလည်မှုမရှိတဲ့ ရှင်ပဲ ”

မိုးသီတာဝေးက မာကြောခက်ထန်သော စကားလုံးများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပစ်ပေါက်လိုက်တော့မှ ကိုကျော်ဝေက အားတုံ့အားနာ စကားတွေဆိုသည်။

" ကိုယ်တောင်းပန်ပါတယ်ကွာ၊ တမျိုးမထင်နဲ့နော်၊ မင်းနဲ့ ကိုယ်နှစ်ယောက်ထဲ အခုလိုကြာကြာထိုင်နေရမယ်ဆိုရင် ဟတ္တာ"

ဘာမှန်းမသိ၊ ဟာတ္တာမှာရပ်သွားသည်။ မိုးသီတာဝေးက အားမလို အားမရမေးသည်။ ဒါကိုပင် ချက်ချင်းအဖြေမရ။

" ဘာ ဟတ္တာလဲ၊ စကားကိုပြီးအောင်ပြောလေ "

" အဟီး မပြောပါရစေနဲ့၊ ကိုယ်ပြန်တော့မယ်နော် "

ကိုကျော်ဝေက ထရပ်သည်။ မိုးသီတာဝေးက လက်ကို ဖမ်းဆွဲပြီးတားထားသည်။

" နေဦး မပြန်ရဘူး၊ ဟတ္တာဆိုတာကို သေချာနားလည် အောင်ပြောပြထားခဲ့ဦး "

မိုးသီတာဝေး လုပ်နေပုံက မဟားတရားနိုင်လွန်းလှပါ သည်။ စိတ်ထဲက ကလိကလိဖြစ်လွန်းနေသည်မို့ ကိုယ်လုပ်နေပုံကို ကိုယ်သတိမထားမိအောင်ဖြစ်နေသည်။ ကိုကျော်ဝေရဲ့ မျက်နှာ ကြီးမှာ မီးကင်ခံနေရသည့်နှယ်။

" အဲ . . . လွှတ် လွှတ်ပါ၊ ပြောပါ့မယ်၊ ဒီလိုပါ ဟတ္တာ ဆိုတာ တမျိုးကြီးကိုပြောတာ "

" ဟောတော် ဟတ္တာဆိုတာ တမျိုးကြီးဆိုတော့ အဲ့ဒီတမျိုး ကြီးကကော ဘာလဲ ပြောပါဦး "

" တမျိုးကြီးဆိုတာ အဟဲ . . . မွှေးမွှေးပေးချင်စိတ်ပေါက် လာလို့ပါ၊ ကိုယ်သွားမယ်နော် "

လူပျိုကြီးကိုကျော်ဝေက ဒဲ့ဒိုးကြီးပြောချပြီး တချိုးတည်း

www.burmeseclassic.com

www.burmeseclassic.com



လစ်သွားလေတော့သည်။ မိုးသီတာဝေးမှာသာ ပါးလေးကိုယောင်ရမ်းပွတ်ရင်း ရင်တွေတလှပ်လှပ်ဖိုလှိုက်ကျန်ရစ်ရှာလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ညနေ ငါးနာရီ။ ထိုနေ့က မိုးအေး၍လားမသိ နေဝင်စော သလိုပင်။

သီတာခိုင်နှင့်အတူ အေးအေးငြိမ်း လမ်းလျှောက်လာရင်း သီတာခိုင်ရဲ့ စကားတစ်ခွန်းကြောင့် အေးအေးငြိမ်းခြေလှမ်းတုံ့ကာနဲ ရပ်သွားသည်။

" နင့်ကို ရဲစွမ်းနိုင်က တွေ့ချင်လို့တဲ့ ကြာကန်ဘောင် ပေါ်က စောင့်နေတယ် "

" ဟင် အိမ်မှာတုန်းက နင်ပြောတော့ ကိုရီးယားဇာတ် လမ်းတွဲ ညနေဘက်မှာ အထူးထုတ်လွှင့်မှာမို့ လာခေါ်တာဆို "

သီတာခိုင်လာခေါ်သည်ကို သွေးရိုးသားရိုးထင်ပြီး အေး အေးငြိမ်းလိုက်လာခဲ့ခြင်းဖြစ်သည်။ အခုတော့ သီတာခိုင်က သူမကို ရဲစွမ်းနိုင်နှင့် အောင်သွယ်လုပ်ပေးနေခြင်းဖြစ်ကြောင်း သိလိုက် ရပေပြီ။

" ငါ့ကိုစိတ်မဆိုးပါနဲ့ဟာ . . . အမေ့မေက ရဲစွမ်းနိုင်အမေ ဒေါ်တင်တင်ကြီးဆီကို ငွေသွားချေးခိုင်းလို့ ငါငွေသွားချေးရင်း ရဲ စွမ်းနိုင်နဲ့ဆုံလို့ တိုးတိုးတိတ်တိတ် အကူညီတောင်းလိုက်လို့ပါ "

" အခုလို လုပ်တာတော့ ဘယ်ကောင်းမလဲ "

အေးအေးငြိမ်းက မျက်နှာအမူအယာပျက်ယွင်းစွာ စကား ဆိုလိုက်တော့ သီတာခိုင်အားနာသွားမိသည်။ သူငယ်ချင်း အချင်း ချင်း အခင်အမင်ပျက်သွားမှာကိုလဲ မလိုလား။

www.burmeseclassic.com

www.burmeseclassic.com



" ငါတောင်းပန်ပါတယ် အေးအေးငြိမ်းရယ်၊ နင် မတွေ့ချင်ရင်လဲ မသွားနဲ့နော် "

" ငါပြောတာ အဲ့ဒီလို မဟုတ်ဘူး . . . သူစောင့်နေတာကို အိမ်ကတည်းက နင်ပြောရင် ရေတွေဘာတွေချိုး အလှလေးဘာလေးပြင်ပြီးမှ ထွက်လိုက်ခဲ့မှာပေါ့၊ အခုတော့ ပေစုတ်စုတ်နဲ့ သွားတွေ့ရမှာ ဘယ်ကောင်းမလဲလို့ပြောတာ၊ ငါပြောတာ နင်နားလည်ပါတယ်နော် "

" ဟောတော့ "

အေးအေးငြိမ်းရဲ့ ဖြေရှင်းချက်ကြောင့် သီတာခိုင်မှာ အံ့ဩသွားရသည်။ ဒီပုံအတိုင်းဆိုလျှင်တော့ အေးအေးငြိမ်းကို ရဲစွမ်းနိုင်က နှစ်ခါပင်ပြောစရာလိုမည်မထင်။

" ကဲ . . . ဒါဆိုလဲ ငါ့တာဝန်ကျေပြီ နင့်ဖာသာ အိမ်ပြန်ရေချိုး အလှပြင်ချင်လဲပြင်လိုက်ဦး "

" အဲ့ဒီလိုတော့ ဘယ်ဖြစ်မှာလဲ စောင့်တဲ့သူက စောင့်နေတော့ အားနာစရာကြီး "

" ဒီလောက်တောင်ဖြစ်နေရင်လဲ ဆိုက္ကားငှားစီးသွားပါလား၊ မြန်မြန်ရောက်တာပေါ့ "

သီတာခိုင်က ခပ်ငေါ့ငေါ့ပြောလိုက်သည်။ ဒါကိုပင် အေးအေးငြိမ်းက အဟုတ်ထင်နေသေးသည်။

" ဒီနေရာကနေ ဆိုက္ကားဂိတ်သွားရမှာထက် ကြာတန်တိုသွားရတာ ပိုနီးမယ်ထင်တယ်၊ လမ်းလျှောက်သွားလိုက်တာပဲ ပိုမြန်မယ်ထင်ပါတယ်ဟာ "

" မြန့်ချင်သပဆိုလဲ ပြေးသာသွား၊ ကဲ . . . ငါတော့

www.burmeseclassic.com

www.burmeseclassic.com



လစ်ပြီ ”

သီတာခိုင်က နှုတ်ဆက်ထွက်ခွာသွားသည်။ အေးအေးငြိမ်းမှာရင်ခုန်သံတွေ စည်းချက်မညီမညာ၊ အတွေးတွေဆွတ်ပျံ့မွှေးအီစွာဖြင့် ကြာကန်ဆီကို ဦးတည်လျှောက်သွားခဲ့သည်။

“ သူက ငါ့ကိုတွေ့ရင် ချစ်တယ်လို့ပြောမယ်၊ အဲ့ဒီလို ပြောတဲ့အခါ ငါကခေါင်းကိုညိတ်ပြီး ခေါင်းလေးအောက်ကို ငုံ့ထားရမှာပဲ၊ အဲ့ဒီတော့မှ ငါ့မေးဖျားလေးကိုမပြီး ဖွဖွလေးနမ်း၊ အဟီး နော် အူတွေယားလိုက်တာ ”

အေးအေးငြိမ်းခမျာ ကိုယ့်အတွေးနဲ့ကိုယ် ရှိန်တိန်းဖိန်းတိန်းဖြစ်နေရသည်။ ကန်ဘောင်ထက်ကိုရောက်တော့ သစ်ပင်ခြေရင်းတစ်ခုမှာ ထိုင်စောင့်နေသော ရဲစွမ်းနိုင်ကိုလှမ်းမြင်လိုက်ရသည်။ အေးအေးငြိမ်း ကန်ဘောင်ထက်မှာ ပင်ကိုယ်ဟန်လေးအတိုင်း ဆတ်တောက်ဆတ်တောက် လှမ်းလျှောက်လာသည်ကိုမြင်လျှင်မြင်ချင်း ရဲစွမ်းနိုင်က မတ်တပ်ထရပ်ကာ ကုလားကားထဲက ကုလားမင်းသားဟန်မျိုးဖြင့် အေးအေးငြိမ်းဆီပြေးသွားလိုက်သည်။

“ ဟေး . . . အချစ်လေးငြိမ်း၊ ကိုယ့်ဆီကိုရောက်လာပြီနော်၊ ကိုအရမ်းဝမ်းသာတယ်ကွာ ”

ဘယ်လိုက အယ်လို ကန်ဘောင်ထက်ကို ဆတ်ဆော့ပြီးရောက်လာမှန်းမသိသော မဲလုံးနှင့်မွှေးနီဆိုသော ခွေးပေါက်စနှစ်ကောင်က ရဲစွမ်းနိုင်ပြေးလာသည်ကို ထိန့်လန့်ပြီး ကန့်လန့်ဖြတ်ပြေးသွားကြသည်။ တံဆိုးစွာပင် မဲလုံးရှေ့က ပြေးလို့လွတ်သွားပေမယ့် နောက်ကမွှေးနီကို ရဲစွမ်းနိုင်ခြေထောက်ဖြင့် ချိတ်မိပြီးရေကန်ထဲကို ကိုရိုကားယားကြီးလိမ့်ကျသွားလေသည်။ လူသံ၊ ခွေး

www.burmeseclassic.com

www.burmeseclassic.com



သံ၊ ရေကျသံများ ဆူညံသွားတော့သည်။

"အောင်မယ်လေးဗျ"

"ဗွမ်း"

"ကိန် ကိန် ကိန်"

ကြာကန်ထိပ်က အရက်ပုန်းဆိုင်မှာ အရက်သောက်ပြီး ဒယိမ်းဒယိုင်လျှောက်ပြန်လာသော အောင်မောင်းက ခွေးအော်သံကြား၍ ကြာကန်ဘောင်ပေါ်တက်လာသည်။ တကိန်ကိန် အော်နေသော မွေးနီနှင့် စိုးရိမ်တကြီးရပ်ကြည့်နေသော အေးအေးငြိမ်းကိုမြင်တွေ့သွား၏။

"မွေးနီ လာ လာ . . . ဟင် အေးအေးငြိမ်း နင်မွေးနီကိုဘယ်လိုလုပ်လိုက်တာလဲ"

"ကျွန်မ ကျွန်မလုပ်တာ မဟုတ်ဘူး သူ သူ"

အောင်မောင်းက မျက်လောက်နီကြီးဖြင့်ကြည့်ပြီး မာန်မာန်မဲမဲမေးလိုက်တော့ အေးအေးငြိမ်းက ကြောက်လန့်ပြီး ကြာကန်ထဲက ကုန်းရုန်းတက်လာသော ရဲစွမ်းနိုင်ကို လက်ညှိုးထိုးပြီး လွှဲချသည်။ အောင်မောင်းက ရဲစွမ်းနိုင်ကိုမြင်တော့ ပိုဒေါသထွက်သွားသည်။

"ဟော့ကောင် ရဲစွမ်းနိုင် မင်းလဲ မင်းအမေလိုပဲ အကြွင်းနာတရား အလွန်ကင်းမဲ့တဲ့ကောင်"

"ကိုအောင်မောင်း ခင်ဗျားမူးမူးနဲ့ လျှောက်မပြောနဲ့ ကျုပ်အဲ့ဒီခွေးလုပ်လို့ ရေကန်ထဲလိမ့်ကျတာ"

ရဲစွမ်းနိုင်စကားကြောင့် အောင်မောင်းမှာ ပိုဒေါသထွက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



" မဖြစ်နိုင်ဘူး ဒီခွေးက မင်းကိုရေထဲလိမ့်ကျအောင်တွန်းချတာဖြစ်ကို မဖြစ်နိုင်ဘူး၊ အဓိပ္ပာယ်မရှိတဲ့စကားတွေ "

အောင်မောင်းက တဗျစ်တောက်တောက်ပြောရင်း မွေးနီကိုပွေ့ချီကာ ထွက်သွားသည်။ မဲလုံးက အောင်မောင်းနောက်က အမြီးလေး တရမ်းရမ်းဖြင့်ပြေးလိုက်သွား၏။ ရဲစွမ်းနိုင်က ဤမျှဖြင့်ပြီးသွားတာ တော်ပါသေးရဲ့ဟူသည့်သဘောဖြင့် သက်ပြင်းချလိုက်သည်။

" သူ သူ့ကို ရေတွေစိုကုန်ပြီ အိမ်ပြန်အဝတ်အစားလဲလိုက်နော် "

" ရပါတယ်ငြိမ်းရယ်၊ ရေစိုနေပေမယ့် အချစ်က အနွေးဓါတ်ပေးနိုင်တာပဲဟာ၊ ဟိုသစ်ပင်လေးအောက်သွားထိုင်ကြမယ်နော် ဟော် "

ပြောလို့သာပြောရသည် ရဲစွမ်းနိုင်မှာ ချမ်းနေပေပြီ။ စကားအဆုံးမှာ မေးခိုက်သံလေးပင် မသိမသာပါနေ၏။

" ခဏပဲနော်၊ မှောင်တော့မယ်၊ တော်ကြာ အိမ်ကသိသွားရင် ခက်မယ် "

" မကြာပါဘူးကွာ စကားလေး တစ်ခွန်းနှစ်ခွန်း ပြောပြီးရင်ပြန်ကြတာပေါ့ "

သစ်ပင်လေးအောက်မှာ နှစ်ယောက်သားဝင်ထိုင်လိုက်ကြသည်။ ဘာစကားမှပင် မစရသေး၊ အေးအေးငြိမ်းနှာခေါင်းလေးရှုံ့ပွရှုံ့ပွဖြစ်သွားသည်။

" ဘာ ဘာနံ့ကြီးလဲ "

ရဲစွမ်းနိုင် ထိုင်ချလိုက်ကတည်းက အိပျော့ပျော့အထိအ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကို ခံစားလိုက်ရသည်မို့ မသက်သာ၍ ပြန်ထရပ်ပြီး ပုဆိုးကို လှည့်ကြည့်လိုက်သည်။

" ဟင် . . . ခွေး ခွေးချေးတွေ "

" အမလေးနံလိုက်တာ ဝေါ့ "

အေးအေးငြိမ်းက ထိုးအန်လိုက်သည်။ ထိုညနေခင်းလေးက မွှေးနီနှင့် မဲလုံးတို့စံနက်ကြောင့် ချစ်စကားလှလှလေးများ မပြောလိုက်ရဘဲ အိမ်ပြန်ခဲ့ကြရလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင်ကြီးရဲ့ SURF ကားအပြာကြီး စုလေးနွယ်တို့ အိမ်ရှေ့ထိုးရပ်လို့ ငါးမိနစ်လောက်ကြာပြီဆိုတာနဲ့ စုလေးနွယ်ရဲ့အမေ ဒေါ်သူဇာနွယ် ခွေးကျောင်းထွက်လာတော့တာပါပဲ၊ ဒေါ်သူဇာနွယ်ထက်တောင် အသက်နည်းနည်းပိုကြီးမယ် ထင်ရတဲ့ကုမ္ပဏီပိုင်ရှင်ကြီးရှေ့မှာနေရတာ မျက်နှာပူလို့ပဲလား လွတ်လွတ်လပ်လပ်နေကြရအောင် တမင်ရှောင်ပေးတာပဲလားတော့ မပြောတတ်ပါဘူး၊ သူဆွဲလာတဲ့ မွေးစုတ်ဖွားခွေးမလေးနဲ့ စကားတပြောပြော ရပ်ကွက်တစ်ပတ်ပြည့်အောင်လျှောက်လာလိုက်တာ အဆင်ကိုပြေလို့။

" ဟဲ့ သမီးရဲ့ ဒီဘက်ကိုလာလေ၊ ဘယ့်နှယ်မြေကြီးပေါ်ဆင်းချင်ရတာလဲ၊ ညစ်ပတ်ကုန်တော့မှာပဲ အဆင့်အတန်းရှိရှိကိုမနေချင်တဲ့ကလေးပဲ၊ ရိုက်ခံရမယ်နော် မေရီ "

သူကသာ ပြောချင်ရာလျှောက်ပြောနေသည်။ ခွေးမလေးက ဒေါ်ဘုမအကြော်တဲထဲကို ဇွတ်လှမ်းဝင်နေသည်။ ထိုအချိန်က ဒေါ်ဘုမ အကြော်ဆိုင်သိမ်းပြီး ပြန်သွားတဲ့အချိန်၊ အကြော်တဲထဲမှာက ဖိုခနောက်ဆိုင်အုတ်ခဲသုံးလုံးပဲရှိသည်။ မေရီဆိုတဲ့ ခွေးမလေးက ဇွတ်ရုန်းတော့ မနိုင်တဲ့အဆုံး ဒေါ်သူဇာနွယ်က အလိုက်သင့်နောက်က လိုက်သွားရသည်။ ခွေးမလေးက အကြော်တဲထဲရောက်သည်နှင့် ဖိုခနောက်ဆိုင် အုတ်ခဲများကို သေးခွပန်းပါတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပဲပြုတ်ရောင်းကုန်လို့ အိမ်ပြန်ရင်း မိပိုက မြင်တော့မဆိုင် ဒေါ်သဖြစ်သွားသည်။ ခပ်ဆတ်ဆတ်လေး ရန်တွေ့ပစ်လိုက်၏။

"ဒီမှာ ဒေါ်သူဇာနွယ်၊ ရှင် လူလိုသိဖို့ကောင်းပါတယ် "

" အောင်မာ ပဲပြုတ်သည်ကများငါ့ကို ငါက ဘာလူလိုမသိတာ လုပ်နေလို့လဲ "

ဒေါ်သူဇာနွယ်ကလဲ မခံ၊ ခပ်မာမာပင် ပြန်မေးသည်။

" သူများ စားဝတ်နေရေးအတွက် လုပ်ထားတဲ့ဟာကို ရှင့် ခွေးကသေးပန်းနေတာ ကောင်းသလား "

" ခွေးပဲ သူပန်းချင်တဲ့နေရာ ပန်းမှာပေါ့ ခွေးကလူလိုမသိတာ ဆန်းသလား "

" ခွေးက လူလိုမသိရင် ခွေးပိုင်ရှင်ကတော့ လူလိုသိသင့်တာပေါ့ "

" ညည်းစကားတွေ လွန်လာပြီနော်၊ ငါက ညည်းတို့လို လူမျိုးနဲ့တုဖက်ပြီး ရန်မဖြစ်ချင်လို့သာမှတ်ပါ၊ လာ လာ သမီးမေရီ သွားကြမယ် "

ခွေးမလေးကိုဆွဲပြီး ကျောက်လမ်းအတိုင်း ဒေါ်သူဇာနွယ် ထွက်သွားသည်။ မိပိုကတော့ ဒေါသတွေအပြည့်အသိပ်ဖြင့် တဗျစ်တောက်တောက်ပြောကျန်ရစ်သည်။

" ပြောရရင် မကောင်းရှိတော့မယ် ကိုယ့်သမီးအရင်းကို တောင် မထိန်းကျောင်းနိုင်တဲ့ မိန်းမကခွေးကို လူမြင်ခံပြီး ထိန်းပြနေသေးတယ်၊ ဒီခွေးလဲ ဘယ်နေ့ သူများမယားငယ်ဖြစ်ဦးမယ် မသိဘူး၊ အင်းလေ ဒီမိန်းမကြီးက စားရလို့ကတော့ ခွေးလဲမျိုးသာပေးမှာ မဟုတ်ပါဘူး "

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူက ဘာပြောပြော ဒေါ်သူဇာနွယ်တို့က မမူ၊ သူက မုဆိုးမတစ်ခုလပ်သာဆိုသည် အရွယ်ကတော်တော်တင်သေးတာ၊ ပြင်ပြင်ဆင်ဆင်ကလဲ နေတတ်တော့ လူပျိုဟိုင်းကြီးတွေ၊ အိမ်ထောင်ပျက်မုဆိုးဖိုတွေလောက်က စိတ်ဝင်စားတာ လောက်တော့ ခံရပါသေးသည်။

" ဟော . . . ဆရာလေး ကိုကျော်ဝေ ကျောင်းကပြန်လာပြီလား "

ဒေါ်သူဇာနွယ်က အပြုံးချိုချိုဖြင့် ကိုကျော်ဝေကိုနှုတ်ဆက်လိုက်သည်။ ဒေါ်သူဇာနွယ်က ရှိုးရှိုးနှုတ်ဆက်တာပါ၊ ကိုကျော်ဝေမှာတော့ တွန့်ကနဲဖြစ်သွားမိသည်။ စကားရပ်ပြောနေရမည်စိုးသဖြင့် စကားအမြန်ဖြတ်ပြီး ထွက်သွားသည်။

" ဟုတ်ကဲ့ ဒေါ်ကြီး သွားဦးမယ်နော် "

" ကြည့်စမ်း ကြည့်စမ်း လူကိုများ ဒေါ်ကြီးလေး ဘာလေးနဲ့ ဒါကြောင့် ဒင်းဒီအရွယ်အထိ မိန်းမမရတာ၊ ငှက်ပျော်တုံးဖက်သေရမယ့်မသာ "

ဒေါ်သူဇာနွယ်က ကိုကျော်ဝေကို မကျေမနပ်ပြောရင်း ဆက်လျှောက်လာခဲ့သည်။ ကြာကန်အနီး အရောက်မှာ ခွေးနှစ်ကောင်ကို တပြိုင်တည်းကျောင်းလာသော ဦးရန်ဝေးကိုတွေ့လိုက်ရသည်။ ဦးရန်ဝေး ကျောင်းလာသော ခွေးထီးလေးနှစ်ကောင်နှင့် ဒေါ်သူဇာနွယ်ရဲ့ ခွေးမလေးတို့ထိန်းလို့ မနိုင်လောက်အောင်ဖြစ်သွားရသည်။ ဒါကိုပင် ဦးရန်ဝေးရော ဒေါ်သူဇာနွယ်ကပါ သဘောအကျကြီးကျလျှက်ရှိသည်။

" အဟင်း ဟင်း ဟင်း အကိုကြီးသားတွေက တကယ်

www.burmeseclassic.com

www.burmeseclassic.com



အလှကြိုက်တဲ့ကောင်တွေပဲ၊ ကြည့်ပါဦး မေရီလေး ကိုမြင်တာနဲ့ အငမ်းမရဖြစ်နေလိုက်ကြတာ ”

“ အဟဲ ဟဲ ဟဲ ဒီကောင်တွေက ပြင်သစ်သွေးပါတော့ အလှကြိုက်တာ မဆန်းပါဘူးလေ ”

ဘာမှလည်းမဆိုင်၊ သူ့ခွေးတွေကို ပြင်သစ်သွေးပါတော့ အလှကြိုက်တာ မဆန်းပါဘူးလေ ”

ဘာမှလည်းမဆိုင်၊ သူ့ခွေးတွေကို ပြင်သစ်မျိုးဟုကြွားချင်တာ သက်သက်ဖြစ်ပုံရပါသည်။ မည်သို့ပင်ဖြစ်စေ ဒေါ်သူဇာနွယ်က ခွေးကိုအကြောင်းပြုပြီး ဦးရန်ဝေးကို အရောဝင်ခွင့်ရသည်ကို ပင်ကျေနပ်သွားသည်။ ခွေးသုံးကောင်က ပုတ်ခတ်လုံးထွေးပြီးဆော့နေကြသည်။

“ ဒါထက်နေပါဦး မသူဇာရဲ့ ခွေးမလေးကကော ဘယ်နိုင်ငံက မျိုးလဲဗျ ”

ဦးရန်ဝေးက ကောက်ကာငင်ကာမေးလိုက်တော့ ဒေါ်သူဇာနွယ် ဘာဖြေရမှန်းမသိဖြစ်သွားသည်။ ခွေးက သူ့သမီးလိုချင်သည်ဆို၍ ကုမ္ပဏီပိုင်ရှင်ကြီးက အလိုလိုက်ဝယ်ပေးထားခြင်းဖြစ်သည်။ သူမ ရမ်းဖြေလိုက်သည်။ နာမည်ကြီးပြီးရောပေါ့။

“ အာစင်နယ်ကလား လီဗာပူးကလား မပြောတတ်ပါဘူးရှင် ”

ဒေါ်သူဇာနွယ်၏ အဖြေကြောင့် ဦးရန်ဝေးမျက်လုံးပြူးသွားသည်။ ခွေးလောကမှာ အာစင်နယ်တို့ လီဗာပူးတို့ပြောတာ တစ်ခါမှမကြားဘူး၊ ဘောလုံးလောကမှာတော့ အလွန်ရေပန်းစားတဲ့နိုင်ငံတွေ။ သူတို့နှစ်ယောက် ရပ်ပြီးစကားပြောနေတုန်းမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ခွေးမလေးမေရီက ဘာစိတ်ကူးပေါက်သည်မသိ။ ဆတ်ကနဲ ရုန်းပြီးပြေးထွက်သွားသည်။ မေရီပြေးတော့ ဦးရန်ဝေးခွေးနှစ်ကောင်ကလဲ ပြေးလိုက်သွားကြသည်။ ဦးရန်ဝေးနှင့် ဒေါ်သူဇာနွယ်လဲ ခွေးဇောဖြင့် ရုတ်တရက် ဘာမှမစဉ်းစားဘဲ ပြေးလိုက်မိသွားကြလေသည်။

" ရော်နယ်ဒိုနဲ့ မိုက်တိုင်စန် မပြေးနဲ့ ပြန်လာခဲ့ "

" မေရီ မေရီ မပြေးနဲ့ "

ဆိုက္ကားဂိတ်ရှေ့အရောက်မှာ မဲလုံးနှင့်မွှေးနီတို့ကပါ ရောယောင်ပြေးလိုက်သွားကြသည်။ ခွေးတွေနောက်ပြေးလိုက်နေသော ဦးရန်ဝေးနှင့် ဒေါ်သူဇာနွယ်ကိုကြည့်ပြီး ဆိုက္ကားဆရာအုပ်စုမှာ တဝါးဝါးပွဲကျသွားလေတော့သည်။ ထိုနေ့မှာပင် ဦးရန်ဝေးနှင့် ဒေါ်သူဇာနွယ်တို့ ခွေးတွေနှင့် လိုက်တမ်းပြေးတမ်းကစားပွဲကြီးရဲ့ သတင်းဟာ ရပ်ကွက်အတွင်းမှာ ချက်ချင်းပင်ပျံ့နှံ့သွားပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ဒေါ်လေး ကြားပြီးပလား ဟို မိုးဆိုးမပိုင်းလုံးနဲ့ ဦးရန် ဝေးတို့ အပြေးပြိုင်ကြတဲ့အကြောင်း "

" ဟဲ့ မကြီးမငယ်နဲ့ သူတို့နှစ်ယောက်က ဘာကိစ္စအပြေး ပြိုင်ရတာလဲ "

ရဲစွမ်းနိုင်အမေ ဒေါ်တင်တင်ကြီးတို့ တိုက်ထဲကို ပဲပြုတ်သည် မိပိုက ငွေတိုးယူရန်ဝင်လာရင်း လတ်ဆတ်တိကျသော သတင်းဖြင့် အဖွင့်ပဏာမစကားဆိုလိုက်သည်။ ဒေါ်တင်တင်ကြီး ဘာ စိတ်ဝင်စားဟန်ပြလိုက်သဖြင့် မိပိုအတွက် အခွင့်ကောင်းရသွား သည်။

" ဦးရန်ဝေးကြီးနဲ့ ဒေါ်သူဇာနွယ်တို့က ကြာကန်ဘောင် ပေါ်မှာ ခွေးကျောင်းထွက်ရင်း ချိန်းတွေ့နေကြတုန်း ခွေးတွေလွှတ် ပြေးသွားလို့ နောက်ကလိုက်ကြတာလို့ပြောတာပဲ "

" ဟုတ်ပါ့မလားအေ၊ ကိုရန်ဝေးမှာက မမြနှစ်ကြီးဇုတ် ဘုတ်ရှိနေတဲ့ဟာပဲ "

မိပိုက သူ့စကားကို မယုံသက်ာလုပ်တာခံလိုက်ရသဖြင့် စိတ်ထဲခိုးလို့ ခုလုဖြစ်သွားသည်။

" ကျုပ်မြင်တာတော့ မဟုတ်ပါဘူး လက်သ[illegible] ကိုပေါက ပြောလို့ပြောရတာပဲလေ "

" ဟောတော် . . . မောင်ပေါက အိပ်ရာထဲ[illegible]

www.burmeseclassic.com



ပဲ သူက ဘယ်လိုလုပ်မြင်တာသိတာလဲ ”

မိပိုသက်သေထူလိုက်မိမှ ပိုလွဲသွားသည်။ ကိုပေါအိမ်ခေါင်ပေါ်က လိမ့်ကျလို့ အိပ်ရာထဲလဲနေတာ သုံးလလောက်ပင်ရှိပြီ။ ကိုပေါပြောသည်ဆိုတာကတော့ အမှန်၊ စောစောကမှ ကိုပေါတို့အိမ် မိပိုရောက်ခဲ့တော့ အိပ်ရာထဲကနေ မိပိုကိုသတင်းပေးလိုက်ခြင်းဖြစ်သည်။

“ ဒါတော့ ဒေါ်လေးရယ်၊ သူ့ကိုလဲ မြင်တဲ့သူက လာပြောသွားလို့ဖြစ်မှာပေါ့ ”

“ ညည်းဟာ မရေရာပါဘူးအေ ”

သူ့စကားကို ထိုသို့ထိုနှယ်အပယ်ချခံရသည်မျိုးကိုတော့ မိပိုက မခံချင်၊ မပြောဘဲ ထိန်ချန်ထားမည်ဟု စဉ်းစားထားသောသတင်းတစ်ခုကို ဖွင့်ချဖို့ဆုံးဖြတ်လိုက်သည်။

“ သေချာရေရာတဲ့ သတင်းတစ်ခုတော့ ရှိတယ် ”

“ ပြောစမ်းပါဦး ”

အပျင်းပြေ နားထောင်ရတာပေါ့ဆိုသည့်သဘောဖြင့် ဒေါ်တင်တင်ကြီးက စကားထောက်ပေးလိုက်သည်။ မိပိုကချက်ချင်းမပြောသေးဘဲ အိမ်ထဲကို မျက်စိတစ်ချက်ဝေ့ကြည့်လိုက်သေးသည်။ ပြီးတော့မှလေသံ တိုးတိုးလေးဖြင့် ပါးစပ်ကိုလက်ကာပြီးပြောသည်။

“ ကျုပ်ပြောတာလို့တော့ ပြန်မပြောနဲ့နော် တော်ကြာဒေါ်လေးသားက ကျုပ်ကိုလာရန်လုပ်နေဦးမယ် ”

“ အေးပါဟယ် ပြောမှာသာ ပြောစမ်းပါ ”

“ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ညနေခင်းကြီး ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား အောင်မောင်းကြာကန်ထိပ်က အရက်ဆိုင်မှာ အရက်သွားသောက်တယ်၊ အရက်တစ်လုံးလောက်ကုန်တော့ သူမူးပြီလေ ”

“ ဟဲ့ မိပို နင့်ယောက်ျား အောင်မောင်းအရက်သောက်တာ စာဖွဲ့နေစရာလား ”

ဒေါ်တင်တင်ကြီးက ဒေါသတကြီးထအော်သည်။ မိပိုက မပြီးသေးဘူးဆိုသည့် သဘောဖြင့်လက်ကာပြသည်။

“ ပြောချင်တာ အဲ့ဒါမဟုတ်ဘူး ဒေါ်လေးရဲ့ အောင်မောင်းပြန်လာတော့ ကြာကန်ဘောင်ပေါ်မှာ ဒေါ်လေးသား ရဲစွမ်းနိုင်နဲ့ ဆိုက္ကားသမားဖိုးခွေးဆောင်းညီမ အေးအေးငြိမ်းတို့ ချိန်းတွေ့နေတာကိုတွေ့ခဲ့ရသတဲ့၊ ရဲစွမ်းနိုင်မှာလဲ တစ်ကိုယ်လုံးရေတွေ ရွှဲနစ်လို့ဆိုပဲ ”

“ တောက် . . . ဒင်းက ကြိုက်စရာရှားလို့ ဒီဆိုက္ကားသမားညီမလိုဟာမျိုးကိုမှ ကြိုက်ရတယ်လို့၊ ဒင်းတော့ပြန်လာမှတွေ့ မယ် ”

“ ဒေါ်လေး ကျုပ်ပြောတယ်လို့ မပြောနဲ့နော် ”

“ အေးပါအေ မပြောပါဘူး၊ အခုလို အသိလာပေးတာကျေးဇူးလဲတင်ပါတယ်၊ နောက်လဲ ငါ့သားနဲ့ပတ်သက်လို့ ဘာပဲကြားကြားလာပြောနော် ”

ဟုတ်သွားပြီပေါ့၊ မိပိုအတွက်တော့ ကောင်းကောင်းအတွက်ဝင်သွားလေပြီ။

“ ဒေါ်လေး ကျုပ်ဆေးခန်းသွားချင်လို့ ငွေ၅၀လောက် ချေးပါနော် ”

www.burmeseclassic.com

www.burmeseclassic.com



" ဟဲ့ ဆေးခန်းသွားရအောင် ညည်းက ဘာဖြစ်နေလို့လဲ "

" ခုတလော ဘာဖြစ်တယ် မသိပါဘူးတော် ရင်တွေတုန်ပြီးမောမောနေတယ်၊ အသက်ရှူလို့လဲ မဝဘူး၊ အစကတော့ သွေးဆေးလေးရှူလိုက်ရင်ရတယ်၊ အခုဟာတော်တော်ဆိုးနေပြီ၊ အဲ့ဒါကြောင့်ပါ "

" အေးလေ ဒါဆိုလဲ ယူသွားပေါ့၊ အလွတ်ချေးတာဆိုတော့ တစ်ရာကိုဆယ်ငါးကျယ်တိုးပဲနော် "

" ကျုပ် နားလည်ပါတယ်တော် "

အတိုးများမှန်းသိသော်လဲ လွယ်လွယ်ကူကူချေးရသည်ကိုပင် ကျေးဇူးတင်ရသေးသည်။ မိပိုပြန်သွားပြီး သိပ်မကြာခင် ရဲစွမ်းနိုင် အပြင်ထွက်လည်နေရာမှ အိမ်ကိုပြန်ရောက်လာ၏။ ခရီးရောက်မဆိုက်ပင် ဒေါ်တင်တင်ကြီးက ပွဲကြမ်းရန်အသင့်ပြင်လိုက်သည်။

" ဟဲ့ အကောင် ဒီကိုလာဦး၊ နင့်ကိုမေးစရာရှိတယ် "

မိခင်ဒေါ်တင်တင်ကြီး၏ အခေါ်အဝေါ်အသုံးအနှုန်းကိုကြားလိုက်တာနဲ့ တစ်ခုခုအပြစ်ရှာတွေ့နေပြီဆိုတာကို ရဲစွမ်းနိုင်သတိပြုမိသွားသည်။ ဆေးလိပ်ခိုးသောက်တာကို သိသွားလို့လား၊ သူငယ်ချင်းတွေနဲ့ ဖဲစုရိုက်တာကိုပဲ ရိပ်မိသွားလေသလား။ တစ်ခုခုတော့ တစ်ခုခုပေါ့လေ။ ရဲစွမ်းနိုင်က အဆင်သင့် ခိုင်လုံစွာလိမ်လည်ရန်ပြင်ဆင်ထားလိုက်သည်။

" လွန်ခဲ့တဲ့တစ်ပတ်က နင် ဆိုက္ကားသမား ဖိုးအောင်းညီမနဲ့ ကြာကန်ဘောင်ပေါ်မှာ ချိန်းတွေ့တယ်ဆို "

www.burmeseclassic.com

www.burmeseclassic.com



" ပေါက်တီးပေါက်ရှာမေမေရာ၊ မေ့မေ့ကို ဘယ်သူကပြောတာလဲ "

" ပြောတဲ့သူက အတီအကျပြောသွားတာ အဲ့ဒီနေ့က နင်ရေတွေစိုရွှဲပြီး အိမ်ကိုပြန်လာတာလေ၊ နင် ဘာငြင်းချင်သေးလဲ "

အတီအကျကြီးပါလား၊ ရဲစွမ်းနိုင်က ဒါမျိုးတော့ဖြတ်ထိုးဉာဏ်လွတ်ကောင်း၊ ဆယ်တန်းကို သုံးခါကျပြီး ကျောင်းနဲ့ဝေးသွားရတဲ့ကောင်မို့သာပေါ့။

" အမေကလဲ နည်းနည်းတော့ ခေါင်းသုံးဦးမှပေါ့ဗျာ၊ ကောင်မလေးနဲ့ ချိန်းတွေ့တာ ရေထဲဆင်းငုပ်ပြီးချိန်းတွေ့လို့ရမလား "

" အဲ . . . ဟုတ်သားပဲ၊ အေး ဘာပဲဖြစ်ဖြစ် နင်ကလေကချေအောက်တန်းစား မိန်းကလေးတွေနဲ့ မပတ်သက်မိစေနဲ့နော်၊ ကြပ်ကြပ်သတိထား "

ဒေါ်တင်တင်ကြီးက သူ့သဘောထားအမှန်ကို အတီအကျကြီးထုတ်ပြန်လိုက်သည်။ ရဲစွမ်းနိုင်ရင်မှာ ကန္တာရဆူးတစ်ချောင်းနစ်ဝင်သွားသလို ခံစားလိုက်ရသည်။

*

www.burmeseclassic.com

www.burmeseclassic.com



" အမ မမြနှစ် တံခါးဖွင့်ပါဦး "

" ဟယ် တင်တင်ပါလား မလာစဖူး အလာထူးလို့ပါလား "

ဒေါ်မြနှစ်က တံခါးထဖွင့်ပေးရင်း ဝမ်းသာအားရ ဒေါ်တင်တင်ကြီးကို နှုတ်ဆက်လိုက်သည်။ ဒေါ်တင်တင်ကြီးက အိမ်ထဲကို မျက်လုံးဝေ့ကြည့်ရင်း ဧည့်ခန်းထဲကိုဝင်ထိုင်လိုက်သည်။

" ကိုရန်ဝေး အိမ်မှာရှိသလား "

" မရှိဘူး၊ ပင်စင်သွားထုတ်ရင်း မြို့ထဲက သူ့သူငယ်ချင်းတွေအိမ်ကို လျှောက်လည်ဦးမယ်ပြောသွားတယ် "

" အရပ်ထဲမှာ ပြောနေကြတာကို အမမမြနှစ်ကြားပြီးပလား "

" အရပ်ထဲက ဘာတွေပြောနေကြလို့လဲ "

ဒေါ်မြနှစ်က စိတ်ဝင်တစားမေးသည်။ ဒေါ်တင်တင်ကြီးကလည်း မပြောလျှင်မဖြစ်တော့ဘူးဆိုသော အိုက်တင်အပြည့်ဖြင့် မိပိုဆီမှ ကြားခဲ့ရသောသတင်းကို ဝေဝေဆာဆာကြီးပြန်လည်ဖောက်သည်ချတော့သည်။ ဒေါ်တင်တင်ကြီးရဲ့ စကားဆုံးသည်နှင့် ဒေါ်မြနှစ်မှာ ဘီလူးသူရဲစီးသော မျက်နှာကြီးဖြင့် ဝုန်းကနဲထရပ်ပြီး ထမီကိုတင်းတင်းပြင်ဝတ်လိုက်သည်။

" တွေ့မယ် အဲ့ဒီကောင်မတော့ ပါးရှစ်စိတ်ခွဲအောင်ကို ရိုက်ပစ်မယ် "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် ဒါမျိုးကကြာကြာလွှတ်ထားလို့ကောင်းတာ မဟုတ်ဘူး "

ဒေါ်တင်တင်ကြီးက မြှောက်ထိုးပင့်ကော်လုပ်လိုက်သည်။ သူတို့စကားပြောနေကြသည်ကို ခိုးနားထောင်နေသော မိုးသီတာဝေးမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားရရှာသည်။

" အမေ အမေ ဘယ်သွားပြီး ဘာလုပ်ဦးမလို့လဲ "

" ညည်းအလုပ် မဟုတ်ပါဘူး "

ဒေါ်မြနှစ်က သူ့ဒေါသနှင့်သူ ဟောဟောဒိုင်းဒိုင်း အိမ်ထဲမှ ထွက်သွား၏။ ဒေါ်တင်တင်ကြီးကလည်း တာဝန်ဝတ္တရားတစ်ခု ထမ်းဆောင်ပြီး၍ ဝန်ပေါ့သွားသူလို အိပက်အိပက်ဖြင့်သူ့အိမ်သူ ပြန်သွားလေတော့သည်။

ဒေါ်သူဇာနွယ်တို့အိမ်ရှေ့မှာ SURF ကားကြီးလည်းရှိမနေ၊ အိမ်ထဲမှာ ကုမ္ပဏီပိုင်ရှင်ကြီးလဲ ရှိမနေလို့သာ အရှက်ကွဲသက်သာပေသည်။ ဒေါ်မြနှစ်ရဲ့ ခုနှစ်သံချီစွပ်စွဲပြောဆိုသံ၊ ဆဲသံ၊ ပတ်ကြမ်းတိုက်သံများက ဆူညံပွက်လောရိုက်သွားလေတော့သည်။

ဒေါ်သူဇာနွယ်ရော စုလေးနွယ်မှာပါ အားနည်းချက်ရှိနေသည်မို့ ဘာတစ်ခွန်းမှ နှုတ်လှန်မပြောရဲဘဲ အိမ်ထဲမှာငြိမ်ကုပ်နေလိုက်ကြသည်။ ဒေါ်မြနှစ်ကြီးကတော့ အကြမ်းတမ်းဆုံးစကားလုံးအဘိဓာန်ပြုစုလို့ ရနိုင်လောက်အောင် အဆက်မပြတ်အော်ကြီးဟစ်ကျယ် ပွဲကြမ်းနေသည်။ ရပ်ကွက်ထဲက လူကြီးကလေးမကျန်ထွက်ကြည့်ပြီး ဝမ်းသာကျေနပ်နေကြသည်။ သူ့မအမေအကြောင်းကိုသိသော မိုးသီတာဝေးက ရှက်လွန်း၍ ဒေါ်မြနှစ်နောက်ကိုလိုက်လာပြီး ဇွတ်ဆွဲခေါ်ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



" အမေရယ် တစ်ရပ်ကွက်လုံးထွက်ကြည့်နေကြတာ မရှက်ဘူးလား၊ လာပါ အမေရယ် တော်ပါတော့ "

"ရှက်စရာမလိုပါဘူး၊ ဟဲ့ကောင်မ . . . နောက်တစ်ခါငါ့ယောက်ျားနဲ့ကြားလို့ကတော့ ပါးရှစ်စိတ်ကွဲပြီသာမှတ်၊ မြနှစ်တဲ့ တစ်နှစ်ထဲရှိတယ်ဟေ့"

နောက်ဆုံးပိတ် သတိပေးချိန်းခြောက်စကားကို ခပ်ကျယ်ကျယ်ပြောပြီး မိုးသီတာဝေးဆွဲခေါ်ရာနောက်ကို မပါချင်ပါချင်ပါသွားလေတော့သည်။ အားအားယားယား ရှိနေသော ရပ်ကွက်ထဲက မိန်းမများရဲ့ ပါးစပ်တွေက ပိတ်ပြီးမကျန်ရစ်။ တစ်ယောက်နှင့်တစ်ယောက် မပြီးနိုင်မစီးနိုင် အမြင်ချင်းဖလှယ်နေကြသေးသည်။

" စကတည်းက ငါကြိုပြောဖူးတယ် မဟုတ်လား၊ ဒီမိန်းမဝတ်ပုံစားပုံနေပုံထိုင်ပုံက အသိသာကြီးပါ ဘယ်နေ့ဘယ်ယောက်ျားနဲ့ငြိမယ်မသိဘူးလို့ "

" ငါလည်း သတိထားမိပါတယ်၊ ဒါပေမယ့် ဦးရန်ဝေးကြီးလို လူရိုးတပေါက်ထိုးကြီးနဲ့ဆိုတော့ အံ့ဩတောင်သွားမိတာပေါ့"

" အဲ့ဒီလို လူရိုးဆိုတဲ့လူတွေက ပိုပြီးစိတ်ချရတာဘဲ "

ကောင်းကြရော။ ဦးရန်ဝေးခမျာ အချောင်နာမည်ပျက်စာရင်းထဲဝင်သွားပါလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ကမ္ဘာ့စစ်တုရင် ချန်ပီယံ ကာစပါးရော့တို့ ကရမ်းနစ်တို့ကတော့ ဂျာမနီက ဖရန့်ဖွတ်စစ်တုရင်ပြိုင်ပွဲကြီးမှာဝင်ပြီး ယှဉ်ပြိုင်ကြတယ်၊ မင်းတို့လည်း ဖရန့်ဖွတ်မှာ ပြိုင်ပွဲဝင်နိုင်အောင် ကြိုးစားကြပေါ့ကွာ "

နေ့လည်ခင်းပျင်းပျင်းရှိသည်မို့ မြေကြီးမှာတုတ်ခြစ် ကျားကွက်ရေးပြီး ကျားထိုးနေကြသော ကြက်ဖနှင့်ဖိုးဆောင်းကို ဦးလူကလေးက နောက်တောက်တောက်လှမ်းပြောသည်။ ရှုံးထွက်တလှည့် စီကစားနေကြသည်မို့ ငထွားနှင့်ရွှေဂဲတို့ကလဲ ကျားထိုးပွဲကို အာရုံကျနေကြသည်။ ဦးလူကလေးမှာ ဂိတ်တဲလေးထဲမှာထိုင်ပြီး စကားပြောဖော်မဲ့နေသည်။ ထို့ကြောင့် အားလုံးမခံချင်အောင် လျှောက်ပြောနေခြင်းဖြစ်သည်။

" ကရမ်းနစ်၊ အနန်၊ ရှိုင်းရော့၊ လီကို၊ မိုရိုဇီဗစ်တို့နဲ့ကွန် ပျူတာ စစ်တုရင်ပြိုင်ထိုးတာ သရေပွဲဖြစ်သွားသတဲ့ ဘယ်လောက် အံ့သြစရာကောင်းလဲ "

" မအံ့သြပါဘူးဗျာ . . . ဦးရန်ဝေးကြီးက ဒေါ်သူဇာနွယ်ကို အပီကပ်နိုင်ပြီး ဦးလေးညှံ့နေတာသာ အံ့သြဖို့ကောင်းတာပါ "

" ဟာကွာ မဟုတ်တာ "

ရွှေဂဲကနောက်လိုက်တော့မှ ဦးလူကလေးမှာ ရှက်အမ်း

www.burmeseclassic.com

www.burmeseclassic.com



အမ်းကြီးဖြစ်သွားရသည်။ စိတ်ထဲကတော့ ဒေါ်သူဇာနွယ်ကို အပျော်သဘောရောကြည့်ရလျှင်ကောင်းမလားဟု စိတ်ကူးလိုက်မိသည်။ သိပ်တော့ ခက်ခက်ခဲခဲရှိမည်မထင်၊ ဦးရန်ဝေးကို မခံချင်တာလဲပါသည်။ ထိုစဉ်အောင်မောင်းက စောင်စုတ်များကိုပွေ့ပြီး ဆိုက္ကားဂိတ်ဆီကို ဦးတည်လျှောက်လာသည်။ အောင်မောင်းနောက်က မွှေးနီနှင့် မည်းလုံးတို့က အမြီးတနှံ့နှံ့လိုက်ပါလာသည်။ ဒီနှစ်ကောင်က ကြီးလာသည်နှင့်အမျှ အောင်မောင်းကိုလဲ တော်တော်ခင်တွယ်နေကြလေပြီ။

" ဟော့ကောင် အောင်မောင်း မင်းလက်ထဲက ဘာတွေလဲကွ "

" စောင်စုတ်တွေ ဦးလေးရဲ့၊ အရက်ဆိုင်ကတောင်းလာတာ၊ ဆောင်းဝင်ပြီလေ ဒီကောင်တွေညဆို ချမ်းနေမှာစိုးလို့ "

အောင်မောင်းက ဆိုက္ကားဂိတ်ထဲက ဝါးကွပ်ပျစ်လေးတွေအောက်ကို စောင်စုတ်များကျကျနနခင်းပေးသည်။ မွှေးနီက အောင်မောင်းခင်းပေးသော စောင်စုတ်ထက်ကို တက်ဝပ်သော်လည်း မဲလုံးကတော့ စောင်စုတ်ကို တစ်နေရာကို ချီဆွဲသွားသည်။

" မဲလုံး အရိုက်ခံရမယ်၊ လာ ဒီကိုပြန်ယူလာခဲ့ "

အောင်မောင်းက အမိန့်ပေးလိုက်တော့မှ မဲလုံးကပြန်ချီလာသည်။ ထိုအဖြစ်ကိုကြည့်ပြီး ဦးလူကလေးကသဘောကျသွားသည်။

" တယ်ဟုတ်ပါလားကွ . . . မင်းစကားကို နားထောင်သားပဲ "

" ဒီနှစ်ကောင်က စရိုက်ချင်းမတူဘူး၊ မွှေးနီက သူ့ဖာ

www.burmeseclassic.com

www.burmeseclassic.com



သာအေးအေးနေတယ်၊ မဲလုံးကျတော့ အဆော့သန်တယ် ကလေးတွေက မွေးနီကိုချစ်ကြတယ်၊ မဲလုံးကျတော့ ကြောက်ကြတယ်လေ၊ မဲလုံးက ကိုက်ချင်လို့မဟုတ်ပါဘူး သူကဆော့ချင်တာသက်သက်ပါ ”

ခွေးနှစ်ကောင်အကြောင်း အသေးစိတ်ရှင်းပြနေသော အောင်မောင်းဆီမှ အရက်နံ့သင်းသင်းကို ဦးလူကလေး သတိပြုမိလိုက်သည်။

“ ဟင်. . . အောင်မောင်း မင်းနေ့ခင်းကြီး သောက်လာတယ်ထင်တယ် ”

“ စိတ်ညစ်လို့ နည်းနည်းပါးပါးဝင်ချလာတာပါ ဦးလေးရယ် ”

“ ဆိုစမ်းပါဦး ဘာတွေများ စိတ်ညစ်စရာတွေရှိနေလို့လဲ ”

“ မိပိုပေါ့ဗျာ. . . ခဏ ခဏ မောတယ် မော်တယ် အသက်ရှူမဝဘူးဆိုတာတွေဖြစ်နေလို့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဆေးခန်းသွားပြပါတယ်။ ငွေတစ်ထောင်တောင်ပေးခဲ့ရတယ်၊ ဆရာ ဝန်က ဒီနေ့ထပ်လာဖို့ ချိန်းလိုက်ပြန်ရော အိမ်မှာက စားဖို့တောင် အနိုင်နိုင်လေ ”

ဦးလူလေး စိတ်မကောင်းဖြစ်သွားမိသည်။ ကျားထိုးနေရင်း ကြက်ဖက လှမ်းနောက်လိုက်သေးသည်။ ကြက်ဖနောက်မှန်း သိသော်လည်း အောင်မောင်းမှာ မရယ်နိုင်။

“ အောင်မောင်းရေ မိပိုမောမောနေတာ မင်းနဲ့အများကြီး ဆိုင်တာပဲ၊ လျှော့သင့်တာလဲ လျှော့ပေါ့ကွာ၊ တစ်ပျိုးမတွေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်တာကိုပြောတာ ”

“ ကြက်ဖ စကားကိုလျှော့မချနဲ့ မင်းဘာကို ရည်ရွယ်ပြီး ပြောလဲဆိုတာ ငါတို့သိတယ် ”

ငထွားက စကားထောက်လိုက်သဖြင့် အားလုံးရယ်လိုက်ကြသည်။

“ နေပါဦး ဆရာဝန်က ဘာရောဂါလို့ပြောလိုက်သလဲ ”

“ နှလုံးနဲ့ ဆိုင်တယ်လို့ပဲပြောတယ်၊ တိတိကျကျတော့ ဒီနေ့သွားမှသိရမှာ ခုပုံအတိုင်းဆို သွားနိုင်မှာလဲ မဟုတ်ပါဘူးဗျာ ပြီးတော့ မိပိုမှာက ကိုယ်ဝန်ကလဲရှိနေပြီ ”

ဦးလူကလေးကိုပါ ရင်မောမှုများက ကူးစက်သွားသည်။ အိပ်ကပ်ထဲမှတစ်ထောင်တန် ငွေစက္ကူတစ်ရွက်ကိုထုတ်ပြီး အောင်မောင်းဆီထိုးပေးလိုက်သည်။

“ ရော့ကွာအောင်မောင်း ဒီပိုက်ဆံကိုယူပြီး ဆေးခန်းကို အခုချက်ချင်းသွားလိုက် ”

“ အားနာပါတယ် ဦးလေးရာ၊ ကျွန်တော် မယူပါရစေနဲ့ ”

“ ဟောကောင် လျှာရှည်မနေနဲ့ မင်းကိုပေးတာမဟုတ်ဘူး မိပိုကျန်းမာရေးအတွက်ပေးတာ၊ မိပိုမှာ ကိုယ်ဝန်ရှိနေပြီဆိုတော့ အထူးဂရုစိုက်ရလိမ့်မယ်၊ နောက်ထပ် ငွေလိုသေးတယ်ဆိုရင် ငါ့ဆီလာပြော ”

ဦးလူကလေး သဒ္ဒါရက်ရောရသော အကြောင်းကို သိမိသွားကြ၍ ပြုံးတော့ပြုံးမိကြသည်။ ဘယ်သူမှတော့ အပြောင်အပျက်မပြောကြ၊ အောင်မောင်းလဲ မငြင်းသာတော့ ဦးလူလေး

www.burmeseclassic.com

www.burmeseclassic.com



ပေးသောငွေကိုယူကာ ကျေးဇူးတင်စကားပြောပြီး အိမ်ကိုပြန်သွားလေတော့သည်။ မွေးနီနှင့် မည်းလုံးတို့ကလဲ ဝပ်နေရာမှထကာ အောင်မောင်းနောက်ကို ပြေးလိုက်သွားကြလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာနွယ်တို့အိမ်ရှေ့မှာ SURF ကားကြီးရပ်ထားသည်။ ဒေါ်သူဇာနွယ်က ခွေးကျောင်းထွက်ရန် အပြင်သို့ထွက်လာသည်။ ဘယ်ဘက်ကို စတင်ဦးတည်ပြီး ခွေးကျောင်းထွက်ရလျှင်ကောင်းမလဲကို ရပ်ပြီးစဉ်းစားနေစဉ် မြင်ကွင်းတစ်ခုကြောင့် ဒေါ်သထွက်သွားသည်။

တခြားမဟုတ် တန်ဖိုးကြီးမားလှသော SURF ကားကြီးကို မဲလုံးမည်သောလမ်းဘေးခွေးက ပယ်ပယ်နယ်နယ် ကျကျနနကြီးကားယားခွသေးပန်းနေသောကြောင့်ပင်တည်း။ မဲလုံးက ထိုမျှစော်ကားရရုံနှင့် အားရသေးပုံမရ၊ ဒေါ်သူဇာနွယ်၏ အချစ်တော်မေရီလေးကို မတန်မရာ မွှေးမွှေးလာပေးနေသေးသည်။ ဒါတော့ ဘယ်လိုမှ သည်းမခံနိုင်၊ ဒေါ်သူဇာနွယ်က ခဲတစ်လုံးကိုကောက်ပြီး မဲလုံးကိုထိမှန်အောင် ချိန်ရွယ်ပြီးပေါက်လိုက်သည်။ မဲလုံးမှာ တကိန်ကိန်အော်ပြီးပြေးထွက်သွားလေသည်။ ထိုမြင်ကွင်းကို လှမ်းမြင်လိုက် သူက ငထွား၊ ငထွားက ဆိုက္ကားကိုရပ်ပြီး ဆင်းလိုက်သည်။

" ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ မဲလုံးက ခင်ဗျားကို ဘယ်နှယ့်လုပ်လို့ ခဲနဲ့ထုရတာလဲ "

" နင့်ယောက်ဖက ကားကိုသေးနဲ့ပန်းပြီး ငါ့ခွေးကိုဘာနမ်းလို့ပေါက်လိုက်တာ ဘာဖြစ်တုန်း "

" မတရားသဖြင့် မလုပ်ပါနဲ့ . . . ခင်ဗျားဟာ ခွေးခွေးချင်း

www.burmeseclassic.com

www.burmeseclassic.com



လာနမ်းတာကိုသာနာတာ ”

ငထွားစကားထဲမှာ ထိခိုက်သောအဓိပ္ပာယ်ပါနေသဖြင့် ဒေါ်သူဇာနွယ် ဆတ်ဆတ်ခါသွားသည်။

“ နင် မစော်ကားနဲ့နော် ”

“ ကျုပ်က စော်ကားတာ မဟုတ်ဘူး မှန်တာကို မှန်တဲ့အတိုင်းပြောတာ ”

ရန်ပွဲအသွင်ဆောင်တော့မည့်ဆဲဆဲတွင် သူတို့အနီးသို့ ကျောင်းဆရာလေး ကိုကျော်ဝေ ကျောင်းကပြန်လာသည်နှင့် ဆုံ၍ သာတော်သေးသည်။

“ ငထွား မင်းဘာဖြစ်နေတာလဲ ”

“ အလကားပါ ကိုကျော်ဝေရာ၊ ဒီမိန်းမကြီးက မဲလုံးကိုခဲနဲ့ ပေါက်လွှတ်လိုက်လို့ ဆင်းပြောတာပါ ”

“ ဟာကွာ . . . မင်းကလဲ တစ်ရပ်ကွက်တည်းသားချင်းတွေ ပြေပြေလည်လည်ပြောမှပေါ့ ကဲ သွား သွား ဂိတ်မှာဆိုက္ကားတစ်စီးမှ မရှိကြဘူး ”

ကိုကျော်ဝေ ဖြန်ဖြေလိုက်သဖြင့် ငထွားက ဆိုက္ကားကိုနင်းပြီး ထွက်သွားသည်။ ပြဿနာက အဲ့ဒီတော့မှ စလေသည်။ ငထွားထွက်သွားသည်နှင့်ပင် ဒေါ်သူဇာနွယ်၏ မျက်နှာတပြင်လုံးမှာ တိမ်ညိုမည်းများ ရုတ်ချည်းဆင်းလာကာ မျက်ရည်မိုးများ တဖြိုင်ဖြိုင် ရွာချပါလေတော့သည်။

“ အဲ့ဒါသာကြည့်ပါတော့ မောင်လေးရယ်၊ မမတို့ဘဝက လူမလေးခွေးမခန့်ဆိုတဲ့ အဖြစ်ပါကွယ် အီး အစ် အစ် ဟီး ”

“ ဟာ . . . မငိုနဲ့လေ မမ အဲ . . . ဟုတ်ပေါင် ဒေါ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး "

ကိုကျော်ဝေမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားသည်။ ဒေါ်သူဇာနွယ်ကတော့ မျက်ရည်ကို လက်ခုံနှင့် ပွတ်သုတ်လိုက်၊ နှုပ်ညှစ်လိုက်နှင့် ဟန်ကိုကျလို့။

" ကိုကျော်ဝေ ဒီနားမှာရပ်ပြီး ဘာလုပ်နေတာလဲ၊ လာသွားကြမယ် "

ဘယ်အချိန်က နောက်မှာရောက်နေမှန်းမသိသော မိုးသီတာဝေးက ကိုကျော်ဝေရဲ့လက်ကို ပိုင်ပိုင်နိုင်နိုင်ကြီးဆွဲကိုင်ပြီး ခေါ်သွား၍ သက်သာရာရသွားသည်။ ဒေါ်သူဇာနွယ် ခမျာမှာတော့ တိုင်တည်ရင်ဖွင့်စရာရပြီဆိုပြီး ခံစားမှုအပြည့်သွင်းကာ ပြောမယ် ကြံကာရှိသေး ကိုကျော်ဝေပါသွား၍ ကိုးလိုးကန့်လန့်ကြီး ကျန်ခဲ့ရှာလေသည်။

" အဟီး ဆရာလေးကိုကျော်ဝေ ဒီတစ်ခါတော့ မငြင်းနဲ့တော့နော် "

ကိုကျော်ဝေနှင့် မိုးသီတာဝေးတို့ အနီးမှကပ်ရှောင်သွားသော ဆိုက္ကားပေါ်မှ ဖိုးဆောင်းက လက်ပူးလက်ကျပ်မိပြီဆိုတဲ့ သဘောဖြင့် အော်ပြောသွားသည်။ ဆိုက္ကားဘေးတွဲမှာက မိပိုကို အောင်မောင်းက ထိန်းကိုင်သွားသည်။ ဆေးခန်းက ပြန်လာကြဟန်တူသည်။ ကိုကျော်ဝေ နားများထူပူသွား၏။ မိုးသီတာဝေးကတော့ အရေးမစိုက်၊ ကိုင်ထားသော လက်ကိုလဲ မလွှတ်။

" လွှတ် လွှတ်ပါဦး၊ လူတွေပြောကုန်ကြလိမ့်မယ် "

" ပြောကြပါစေ ဘာအရေးစိုက်စရာလိုလဲ "

အိုးကမပူ စလောင်းကပူ ဖြစ်နေ၍ မိုးသီတာဝေးက ဘု

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်ပြန်ပြောသည်။ ကိုကျော်ဝေက သက်ပြင်းမောကြီးတစ်ချက်ချလိုက်သည်။

" ပြောပါဦး . . . စောစောက ဟိုမိန်းမက ဘာလို့ငိုပြီးရှင်က ဘာကိစ္စသွားချော့နေရတာလဲ "

" ဟာ . . . ဘယ်ကသာ ချော့ရမှာလဲ "

ကိုကျော်ဝေက မျက်လုံးကြီးပြူးပြီး အကြောက်အကန်ငြင်းလိုက်သည်။

" ရှင်နဲ့ အဲ့ဒီမိန်းမ ဘယ်အခြေအနေရောက်နေပြီလဲ၊ မှန်မှန်ပြောနော် မှန်မှန်မပြောရင် အိမ်အထိကိုလိုက်လာမှာ "

မိုးသီတာဝေးက အပီကြီးချိန်းခြောက်တော့ ကိုကျော်ဝေအကြီးအကျယ်တုန်လှုပ်သွားရသည်။ ဒီကလေးမက တကယ်လိုက်ချင်လိုက်လာမှာ။

" အိမ်ကိုတော့လိုက်မလာပါနဲ့ကွာ၊ တော်ကြာ ပြဿနာတွေတက်ကုန်ပါဦးမယ်၊ ဘာလို့ ဘယ်အခြေအနေအထိရောက်ရမှာလဲ ကိုယ့်အမေလောက်ရှိတဲ့ဟာကြီးကို "

မဲလုံးဆိုသော ခွေးဂြိုလ်မွှေသည့်ကိစ္စကို လိပ်ပတ်လည်အောင်မနည်းကြီး ရှင်းပြလိုက်တော့မှ မိုးသီတာဝေးက ကျေနပ်သွားသည်။

" နောက်ကို ဘာအကြောင်းနဲ့မှ အဲ့ဒီမိန်းမနဲ့ မပတ်သက်ရဘူးနော် "

" ဘာဖြစ်လို့လဲ "

" ဘာဖြစ်ရမှာလဲ ဒီက သဝန်တိုလို့ပေါ့ "

" ဘာဖြစ်လို့ သဝန်တိုရတာလဲ "

www.burmeseclassic.com

www.burmeseclassic.com



" ကိုယ်ချစ်ရတဲ့ သူဆိုတော့ သဝန်တိုတာပေါ့လို့ "

" ဗူဒွေါ "

ကိုကျော်ဝေ ကိုယ့်နားကိုယ်ပင် မယုံချင်လောက်အောင် ဖြစ်သွားရသည်။ ခေတ်ကာလ သားသမီးများ ရဲတင်းလွန်းလှချည်လား၊ ကိုကျော်ဝေက စိတ်ထဲရှိတဲ့အတိုင်း ဘွင်းဘွင်းကြီး ပြောချလိုက်မိသည်။

" ဟို . . . ဟိုလေ၊ မင်းကို ကိုယ်က ရည်းစားစကားတောင် မပြောရသေးဘူးလေ "

" ဟင် . . . ဟိုတစ်ခါက မွှေးမွှေးပေးချင်တယ်ဆိုတာ ရည်းစားစကား မဟုတ်ဘူးလား "

" မဟုတ်ဘူးလေ မွှေးမွှေးပေးချင်တယ်ဆိုတာ မွှေးမွှေးပေးချင်တာ သက်သက်ပဲ "

ကိုကျော်ဝေရဲ့ ဖြေရှင်းချက်က ဘာကြီးမှန်းမသိ၊ အီလည်လည်ကြီး။ မိုးသီတာဝေးက နှုတ်ခမ်းကြီးစူပုတ်ပစ်လိုက်ပြီး အတည်ပြုမေးခွန်းတစ်ခုမေးလိုက်သည်။

" ဒါဆို ဝေးကို မချစ်ဘူးပေါ့လေ၊ ဝေးထိုင်ငိုပစ်လိုက်မှာနော် "

မိုးသီတာဝေးက ရုတ်ချည်းပင် ဆောင့်ကြောင့်ထိုင်ချလိုက်သည်။ ကိုကျော်ဝေမှာ ပြူးတူးပျာတာ ဖြစ်သွားလေသည်။

" ဟာ ဟေ့ . . . အဲ့ဒီလိုတော့ မငိုနဲ့လေ၊ ဟို မင်း မင်းကို ကိုယ်ချစ်မိနေပြီထင်တာပဲ "

" မရဘူး မရဘူး ထင်တာပဲလို့မရဘူး "

" ထ ထနော် . . . မင်းကိုကိုယ်ချစ်ပါတယ် "

www.burmeseclassic.com

www.burmeseclassic.com



" လူကိုစိတ်ညစ်အောင်လုပ်တဲ့ လူကြီး၊ ကဲဟယ် သွားတော့ မယ်နော် "

မိုးသီတာဝေးက ကိုကျော်ဝေရဲ့ လက်မောင်းအိုးကြီးကို လက်သီးနှင့် ပစ်ထိုးပြီး ခပ်မြူးမြူးလေး လှည့်ထွက်သွားသည်။ ကို ကျော်ဝေရဲ့ ရင်ထဲမှာ စစ်ကြိုခေတ်ရထားအိုကြီး ဥသြဆွဲပြီး ခုတ် မောင်းသွားလေသည်။

" ဘာလိုလိုနဲ့ ကထိန်ရာသီကိုတောင် ရောက်လာပြီ နော် "

ထွေးက ဒိုးဇတ်ပြားလေးကို ချဆက်ရင်း မှတ်မှတ်ရရ သတိပေးသည့် သဘောဖြင့် ပြောလိုက်သည်။ ဦးလူကလေးက စကားဝိုင်းဖွဲ့ရန်ချောင်းနေသည်မို့ စကားလမ်းစရသွားသည်။

" ဟုတ်တယ်ကွ မင်းတို့ ဆိုက္ကားဂိတ်က အမြဲဦးဆောင် နေကျပဲဟာ ဒီနှစ်အတွက် မပြင်ဆင်ကြသေးဘူးလား "

" မပြင်ဆင်သေးဆို ကထိန်အတွက် နေ့စဉ်စုထားတဲ့ရန် ပုံငွေက မပြည့်သေးလို့ဗျ "

ဦးလူကလေးအမေးကို ဖိုးဆောင်းတ ဝင်ဖြေသည်။

" ရန်ပုံငွေ မပြည့်နိုင်တာကိုချည်း မပြောနဲ့လေကွာ၊ ဂိတ် မှူးက မိန်းမနှစ်ယောက်ကြားဗျာများပြီး ကထိန်ကိစ္စကို မတက်ကြွ တာလဲ ထည့်ပြောဦး "

မကြာခင်ကမှ မိန်းမနောက်တစ်ယောက်ထပ်ယူလိုက် သော ဂိတ်မှူးရွှေဂဲကိုရည်ညွှန်းပြီး ကြက်ဖကနောက်လိုက်သည်။ ရွှေဂဲက တဟဲဟဲရယ်နေသည်။ ဦးလူကလေးက တအံ့တသြ

" ဟော . . . ရွှေဂဲမင်းက မိန်းမနှစ်ယောက်ယူတာပေါ့ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား၊ သူများသားသမီးကို ကျွေးနိုင်မွေးနိုင်လို့လားကွာ ”

“ အဲ့ဒီအတွက်တော့ မပူနဲ့ဦးလေးရေ ရွှေဂဲနောက်ယူလိုက်တဲ့ ကောင်မလေးက နယ်ကနေ ရန်ကုန်ကိုတက်လာပြီး စက်ရုံမှာ အလုပ်ဝင်လုပ်နေဟာ သူ့စားရိတ်နဲ့သူ ရွှေဂဲကို အဟီး ”

“ ဒါဆို အဲ့ဒီကောင်မလေးနဲ့က တစ်အိမ်သပ်သပ်ငှားနေကြတာလား ”

ဦးလူကလေးက စစ်ပေါက်ပေါက်မေးနေသည်မို့ အာရှ နောက်သွားကြပြီး ဒိုးဇက်ဝိုင်းကိုသိမ်းလိုက်ကြတော့သည်။ ရွှေဂဲကိုယ်တိုင်ပဲ ဇာတ်စုံခင်းပြလေသည်။

“ ဒီလို ဦးလေးရေ . . . အစက ကောင်မလေးကို ကျွန်တော်က ယူဖို့ကြံရွယ်တာမဟုတ်ဘူး၊ ကျွန်တော့်မိန်းမက ဆက်ဆော့ပြီး အဆောင်မှာ ငှားနေရတာ သနားလို့တဲ့လေ အိမ်မှာနေဖို့ခေါ်လာတာ ”

ရွှေဂဲမိန်းမက စက်ရုံရှေ့မှာ ဘိန်းမုန့်ကို ဗန်းထဲထည့်ပြီး အမြဲသွားရောင်းနေကျ၊ မုန့်ဝယ်ရင်း စကားလက်ဆုံကျရင်း ခင်လာခြင်းဖြစ်သည်။ ရွှေဂဲတို့အိမ်က ဖင့်မလှည့်သာခေါင်းမလှည့်သာ တကယ့်ကျဉ်းကျဉ်းလေး ရွှေဂဲအပြစ်မဆိုသာ၊ အတတ်ဆန်းပြီး မစဉ်းမစား ခေါ်လာမိသော ရွှေဂဲမိန်းမကိုသာ အပြစ်ပုံရမလိုဖြစ်နေသည်။

“ တစ်ညက အရက်လေးတစ်ပိုင်းကျော်ကျော်လောက် ညပိုင်းမှာသောက်ပြီး အိမ်ပြန်တော့ ကျွန်တော့်မိန်းမဗီဒီယိုသွားကြည့် နေတာက ဇာတ်လမ်းက စတော့တာပါပဲဗျာ ”

ရွှေဂဲက ဇာတ်လမ်းကိုကျော်ချပြောရင်း ဟားဟား ဟီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



နိဂုံးချုပ်လိုက်သည်။

" ရွှေဂဲက နှစ်ယောက်တောင်ယူရဲပေမယ့် တစ်ယောက်တောင် မယူရဲတဲ့လူလာပါပြီဗျာ "

ဖိုးဆောင်းပြောလို့ အားလုံးလှည့်ကြည့်လိုက်တော့ ဆိုက္ကားဂိတ်ဆီ လှမ်းလာနေသော ကိုကျော်ဝေကို တွေ့ကြရသည်။ ဖိုးဆောင်းက ရယ်ကျဲကျဲနှင့် သတင်းပေးသည်။

" သွားအထင်သေးမနေနဲ့ဦး၊ ဦးရန်ဝေးသမီးနဲ့ ကိုကျော်ဝေ လက်ချင်းချိတ်ပြီးလျှောက်လာတာကို ကျွန်တော့်မျက်စိနဲ့ တပ်အပ်ကိုမြင်ခဲ့တာဗျ "

" တယ်ဟုတ်နေကြပါလားဟေ့ . . . မောင်ကျော်ဝေကလဲ ရိုးလှရိုးလှနဲ့ ကြံမယ့်ကြံတော့ ကိုရန်ဝေးသမီး အပျိုပေါက်စလေးကိုမှ ကြံတတ်ပလေ "

ဦးလူကလေးက ကိုကျော်ဝေနှင့် မိုးသီတာဝေး သုံးလေးနှစ်ကွာသည်ကိုသိ၍ ပြောခြင်းဖြစ်၏။ ကိုကျော်ဝေက တည်ငြိမ်အေးဆေးစွာ ဆိုက္ကားဂိတ်တဲလေးထဲကို ဝင်လာသည်။

" ဘာတွေ ဆွေးနွေးတိုင်ပင်နေကြတာလဲဗျ "

" တစ်နှစ်မှ တစ်ခါသာခင်းလို့ရတဲ့ ကထိန်အကြောင်းနဲ့ တစ်သက်မှာ မယားနှစ်ယောက်ယူတဲ့ ရွှေဂဲအကြောင်းပါ ကိုကျော်ဝေ "

ကြက်ဖက နှစ်ခုပေါင်းပြောလိုက်သဖြင့် ရယ်ကြသည်။ ဦးလူကလေးက ကထိန်ကိစ္စကို စကားဆက်သည်။

" မင်းတို့လိုနေတဲ့ ရုံပုံငွေကို ငါစိုက်ပေးမယ်ကွာ၊ ငွေခြင်းသခြင်းပဲ လုပ်ငန်းစကြတော့ "

www.burmeseclassic.com

www.burmeseclassic.com



" နှစ်တိုင်းသုံးခဲ့တဲ့ ဖိုးသူတော်ရုပ်က တော်တော်အခြေအနေဆိုးနေပြီဗျ "

" ဟုတ်တယ် နှစ်တိုင်းဖိုးသူတော်ရုပ်ကိုချည်း သုံးပြီးအလှူခံရတာ ရိုးလဲရိုးနေပြီ "

ဖိုးဆောင်းစကားကို ငထွားကဖြည့်စွက်လိုက်သည်။ ဦးလူကလေးက မေးသည်။

" ဒါဖြင့် မင်းတို့က ဘယ်လိုအရုပ်မျိုးကို လုပ်ချင်ကြတာလဲ "

" အမယ်ကြီးအိုရုပ်လုပ်ဖို့ ကျွန်တော်စိတ်ကူးရထားတာရှိတယ် "

ငထွားက ဝင်ပြီး သူ့စိတ်ကူးကိုပြောသည်။ ဦးလူကလေးမျက်နှာကြီးက ရှုံ့မဲ့သွားသည်။

" အဲ့ဒီအရုပ် လုပ်မယ်ဆိုရင်တော့ ငါ ငွေမစိုက်တော့ဘူး "

" ငထွားရာ မင်းကလဲ စိတ်ကူးစိတ်ကန်း အမယ်ကြီးအိုရုပ်လုပ်ရမယ်လို့ ဘာသာရေးဆိုတော့ အသင့်တော်ဆုံးက သီလရှင်ရုပ်ပဲကွ "

" ခွီးတဲ့မှပဲ မင်းပြောတာက ပိုဆိုးနေပြီ "

ရွှေဂဲစကားကို ဦးလူကလေးက စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ ဟိုအရုပ်သည်အရုပ်လုပ်မည် ကြံဆရင်း နောက်ဆုံး ဦးရွှေရိုးရုပ်လုပ်ရန် အတည်ပြုလိုက်ကြသည်။ လုပ်မည့်နေရာကို ဖိုးဆောင်းအိမ်က ကျယ်ဝန်းသဖြင့် ဖိုးဆောင်းအိမ်ကိုပဲ ရွေးခြယ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“ အခုချိန်မှာ ကိုပေါ်သာ အိပ်ရာထဲလဲမနေရင် အများကြီးအထောက်အကူရမှာဗျနော် ”

ကိုကျော်ဝေက ကိုပေါ်ကို တမ်းတမ်းတတပြောသည်။ အားလုံးကလည်း တစ်သဘောထဲပြောကြသည်။

“ ဒီလိုလုပ်မယ်လေ၊ အရုပ်မလုပ်ခင် ကိုပေါ်ဆီက အကြံဉာဏ်သွားတောင်းကြရင် မကောင်းဘူးလား ”

“ ဟုတ်တာပေါ့ သိပ်ကောင်းတယ်၊ သူလဲ အိပ်ရာထဲလဲနေတာကြာပြီဆိုတော့ ငါတို့ရောက်သွားရင် ဝမ်းသာမှာကွ ”

ညနေဘက်ဆိုက္ကားသိမ်းချိန်ရောက်တော့ အားလုံးစုပြီး ကိုပေါ်အိမ်ကို သွားကြသည်။ သူတို့ထင်သည့်အတိုင်းပင် ကိုပေါ်က တော်တော်ဝမ်းသာသွားသည်။ အကြံဉာဏ်များလည်း အစအဆုံး အသေးစိတ်ချပြပေးသည်။

*

www.burmeseclassic.com

www.burmeseclassic.com



" မင်းတို့လဲ ဒီမှာနေရစ်ကြတော့ ငါလဲဂီလာနမိန်းမကြီး ဆီကိုပြန်ပြီး ပြုစုလိုက်ဦးမယ်၊ ဟောဒီမှာ မင်းတို့ညကျဆာရင်စား ဖို့ ဟော်တယ်စာတွေ "

အောင်မောင်းက အရက်ဆိုင်မှတောင်းလာသော အရိုး အရင်းများထည့်ထားသည့် ကျွတ်ကျွတ်အိတ်ထုပ်ကြီးကို ဆိုက္ကား ဂိတ်တဲအနီးမှာ ချပေးထားခဲ့သည်။ မဲလုံးက တအီအီနှင့် နှုတ်ဆက် သလို မွေးနီက အောင်မောင်းခြေဖမိုးကို လျှာဖြင့်လျက်ပြီးနှုတ် ဆက်သည်။ ဒါကသူတို့ပြုနေကျ ညစဉ်ဝတ္တရားတစ်ခုလို ဖြစ်နေ တာကြာပြီ။

" အေးပါကွာ မင်းတို့က သိပ်လိမ္မာပါတယ်၊ ဟောဒီက အောင်မောင်းဆိုတဲ့ကောင်ကသာ မိုက်တွင်းနက်ပြီးရင်းနက်နေတာ ပါ "

အောင်မောင်းက ပါးစပ်ထဲတွေ့ကရာပြောရင်း ယိုင်နဲ့နဲ့ ခြေလှမ်းများဖြင့် လှမ်းထွက်သွားလေတော့သည်။

" ဟော့ကောင် ရဲစွမ်းနိုင် မင်းအတွက် အကွက်ပဲကွ "

" ကိုအောင်မောင်းကြီး မူးပြီးသိုင်းကွက်နင်းပြီး လမ်း လျှောက်သွားတာနဲ့ ငါ့အတွက်အကွက်က ဘာလို့ရမှာလဲ "

ညဦးပိုင်း လက်ဘက်ရည်ဆိုင်လေးမှာ ထိုင်နေ၍အောင် မောင်း မူးပြီးလမ်းလျှောက်သွားတာကို ငေးကြည့်နေသော ရဲစွမ်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်ကို သူငယ်ချင်းနန္ဒက ရုတ်တရက်ပြောလိုက်သည်မို့ ရဲစွမ်းနိုင်နားမလည်ပဲ ဖြစ်သွားသည်။ နန္ဒက ရေနွေးကို ပါးစပ်ထဲငုံထားရာမှ ဖွီးကနဲထွေးထုတ်ပစ်လိုက်သည်။

" ခွီးတဲ့မှပဲ ငါပြောတာ ကိုအောင်မောင်းနဲ့ မဆိုင်ဘူးကွ၊ ဆိုက္ကားဂိတ်ကလူတွေ အလှူခံဖို့ ဦးရွှေရိုးရုပ်ချိုးကြမယ့် ကိစ္စကိုပြောတာ "

" တော်တော့ကွာ ငါ့ပါသာမှ ငြိမ်းနဲ့တွေ့ခွင့်မရလို့ ညစ်နေရတဲ့အထဲ ပေါက်ကရတွေ လာပြောမနေစမ်းနဲ့၊ သူတို့ပါသာ ဦးရွှေရိုးရုပ်ချိုး ချိုး၊ ဦးပလွေရိုးရုပ်ချိုး ချိုး၊ ငါနဲ့ဘာဆိုင်လို့လဲ "

ရဲစွမ်းနိုင်က စိတ်ပျက်လက်ပျက်ပြောသည်။ နန္ဒက အဆက်စီးနင်းနိုင်စွာပြုံးသည်။

" မင်း တော်တော်မပါးနပ်တဲ့ကောင်ပဲ စကားကိုလဲ ဆုံးအောင်နားမထောင်ထတ်ဘူး၊ ဒီည ဆိုက္ကားဂိတ်က လူတွေဘယ်အိမ်မှာစုပြီး အရုပ်လုပ်ကြမယ်ထင်လဲ "

" ဟော . . . ပြောစမ်းပါဦး ဘယ်အိမ်မှာစုလုပ်ကြမှာလဲ၊ ပေါက်ပြီ . . . ပေါက်ပြီ ငြိမ်းတို့အိမ်မှာပဲ စုလုပ်ကြမယ်လို့ မင်းပြောချင်တာ မဟုတ်လား၊ ကျေးဇူးပဲ နန္ဒရာ "

နန္ဒက အနိုင်ရသော လေသံဖြင့်ရယ်သည်။ ရဲစွမ်းနိုင်ပုခုံးကို တစ်ချက်ပုတ်လိုက်ပြီး ဆရာလုပ်လိုက်သေးသည်။

" မဆိုးပါဘူး ငါ့တပည့်ကြီး တော်လာပြီ၊ ဆက်ပြီးကြိုးစားရင် မအောင်မြင်နိုင်တယ် "

" လုပ်မနေနဲ့ဟောကောင် မင်းငါနဲ့လိုက်ခဲ့ ငြိမ်းတို့အိမ်ရှေ့သွားပြီး အရိပ်အခြေကြည့်လုပ်ရှားကြမယ် "

www.burmeseclassic.com

www.burmeseclassic.com



လက်ဘက်ရည်ဖိုးရှင်းပြီး ထထွက်ခဲ့ကြသည်။ အေးအေးငြိမ်းတို့ အိမ်ရှေ့မြေကွက်လပ်မှာ ယာယီမီးချောင်းလေးများဆင်ပြီး ဝါးခွဲသူခွဲ ကော်ကျိုသူကျိုဖြင့် အလုပ်ရှုပ်နေကြသည်။ အေးအေးငြိမ်းနှင့် အမေဒေါ်တောတို့လဲ အငြိမ်မနေရ၊ ရေနွေးအိုးတည်ရ လက်ဖက်သုပ်ပေးရနှင့်ဖြစ်သည်။ ရဲစွမ်းနိုင်နှင့် နန္ဒတို့ အေးအေးငြိမ်းတို့ အိမ်ရှေ့ကိုရောက်လာကြသည်။ ရဲစွမ်းနိုင်က နန္ဒကို တိုးတိုးလေးကပ်ပြောသည်။

" ဟိုမှာ ဆရာကျော်ဝေလဲ ရှိတယ်ကွ မြင်လား၊ မင်း ဆရာကိုကျော်ဝေကို ဝင်ရောပြီး ကူလုပ်ရင်း ငြိမ်းကို အခွင့်သာတာနဲ့ ကပ်ပြောလိုက် ငါကြာကန်ဘောင်ပေါ်က ပိန္နဲပင်ကြီးအောက်မှာ စောင့်နေတယ်လို့ "

" စိတ်ချ . . . နန္ဒဆိုတဲ့ကောင်က ဒီလောက်တော့ ပိုင်ပါတယ် "

နန္ဒက အေးအေးငြိမ်းတို့ အိမ်ထဲကိုဝင်သွားလေသည်။ ရဲစွမ်းနိုင်က ကြာကန်ဘက်ကို လျှောက်လာခဲ့သည်။ ကြာကန်ဘက်မှာက ပကတိ ငြိမ်သက်နေသည်။ လရောင် မရှိ၊ ညအမှောင်ထုက မှောင်မိုက်မည်းနက်စွာ လွှမ်းခြုံထား၏။ ပုရစ်သံများ တကျီကျီတကျာကျာဆူညံနေသည်။ ကန်ဘောင်အနီးကိုရောက်တော့ လေအေးအေးတစ်ချက်တိုးဝှေ့ အတိုက်ခံလိုက်ရသည်။ ရဲစွမ်းနိုင်မှာ တစ်ကိုယ်လုံးကြက်သီး တဖြန်းဖြန်းထသွားသည်။ တစ္ဆေများ အခြောက်ခံရလျှင် ဆိုသောအတွေးက ခေါင်းထဲဝင်လာသည်။ ခြေဦးပြန်လှည့်ရရင်ကောင်းမလား၊ ချစ်သူရောက်လာမယ်လေ၊ သတ္တိတွေပြန်မွေးကြည့်သည်။ သုံးလေးလှမ်းဆက် လှမ်းပြီးတော့ ကြောက်စိတ်က

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်လာသေးသည်။ အချစ် . . . အချစ် . . . အချစ် . . .။ သံဗုဒ္ဓေဂါထာတော်ကို မရ၍ အချစ်ဂါထာကိုပဲရွတ်ပြီး ထိန်ပင်ကြီး အောက်ဆိုက်ဆိုက် မြိုက်မြိုက်ရောက်ရှိလာပါတော့သည်။

"ဖြန်း"

"အားပါး ကိုက်လိုက်တဲ့ ခြင်တွေ"

လက်ဖဝါးနှစ်ဘက်ဖြင့် တလှည့်စီခြင်ရိုက်ရင်း ရဲစွမ်းနိုင်မှာ အေးအေးငြိမ်းအလာကို မျှော်နေပါသည်။ အေးအေးငြိမ်းက တော်တော်နှင့် ပေါ်မလာ။ ဘယ်ပေါ်လာပါ့မလဲ ဥာဥ့်တော်တော်နက်သည်အထိ နန္ဒမှာလူအလစ်နှင့် မကြုံသေး၊ ရဲစွမ်းနိုင်ကို ဆရာကြီးလုပ်ခဲ့မိပြီး အခုတော့ စက္ကူတွေကို မနားတမ်းကော်သုတ်ပေး နေရရှာသည်။

"သူခိုးဟေ့ သူခိုး သူခိုး"

သူခိုးအော်သံများဆူပွက်သွားသည်။ ကိုကျော်ဝေတို့ လူသိုက်လဲတွေ့ရာ တုတ်ဓားများကိုဆွဲယူပြီး အော်သံကြားရာဆီကို ပြေးထွက်သွားကြသည်။ နန္ဒလဲ မနေသာကိုကျော်ဝေတို့နှင့် ရောယောင်ပါသွားလေတော့သည်။

သူခိုးက မြင်ရိုင်းတစ်ကောင်အလား ရှေ့ကပြေးသည်။ ရပ်ကွက်ထဲက လူများက နောက်မှသဲကြီးမည်းကြီးလိုက်သည်။ ဆိုက္ကားဂိတ်ရှေ့ရောက်တော့ သူခိုး၏ ကံကြမ္မာအဆိုးဘက်ကို ရောက်သွားလေသည်။ မွေးနီနှင့်မဲလုံးတို့က ရှေ့မှဆီးပြီး တစ်ဟုန်ထိုးပေါင်သည်။ သူခိုးက ပတ်ရှောင်ပြီးဆက်ပြေးရန်ကြံသည်။ သူခိုးထက် ခွေးနှစ်ကောင်က လျင်သည်။ သူခိုးကို အလစ်မပေး၊ မထူးတော့သည့်အဆုံး သူခိုးက မည်းလုံးကို ခြေထောက်ဖြင့် ခပ်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်း တစ်ချက်ဆောင့်ကန်ထားခဲ့ပြီး ဆက်ပြေးသည်။

သူခိုးနောက်ကို မွေးနီက တစ်ဟုန်ထိုးဆက်လိုက်သည်။ ဓါတ်တိုင်တစ်တိုင်အကွာလောက်မှာပင် သူခိုးခြေသလုံးကို မွေးနီက အမိအရ လှမ်းခဲနိုင်လိုက်၏။ သူခိုးလဲသွားသည်။ မွေးနီကို သူခိုးက ကျန်ခြေတစ်ဖက်ဖြင့် ကန်ဖို့ကြိုးစားသည်။ မရ။ မည်းလုံးကပါ ရောက်လာပြီး လက်မောင်းကိုလှမ်းဟပ်သည်။ သူခိုးမှာ အသံနက်ကြီးဖြင့် အော်ဟစ်နေတုန်း လူအုပ်ကြီးရောက်လာသည်။ သူခိုးမှာ သွေးချင်းချင်းနီနေလေပြီ။

" မွေးနီ၊မည်းလုံး လွှတ်လိုက် လွှတ်လိုက်ကြပါ သားကြီးတို့ရာ "

လူအုပ်ကြားထဲမှ ထွက်ပေါ်လာသော အောင်မောင်းရဲ့ အသံ။ အောင်မောင်းအသံကိုကြားတော့မှ မွေးနီနှင့် မဲလုံးတို့က လွှတ်လိုက်ကြသည်။ ရပ်ကွက်လူကြီး ဦးသက်မောင်က သူခိုးကို ဝိုင်းရိုက်ရန်သွေးဆူနေသော လူအုပ်ကြီးကို မနည်းထိန်းနေရသည်။

"မလုပ်ကြနဲ့ ဘယ်သူမှ ဘာမှ မလုပ်ကြနဲ့နော်. . . ငါတို့ လူကြီးတွေ ဥပဒေအတိုင်းအရေးယူနိုင်အောင် ဆောင်ရွက်ပေးမယ်"

" အောင်မလေး အောင်မလေး တော်ပါသေးရဲ့ ကျုပ်ပစ္စည်းတွေ ပြန်ရပေလို့သာပေါ့ "

ဒေါ်တင်တင်ကြီးက သူခိုးအနီးမှ အထုပ်ကိုလှမ်းယူလိုက်သည်။ ဦးသက်မောင်က ဒေါ်တင်တင်ကြီး လက်ထဲမှ အထုပ်ကို ပြန်တောင်းသည်။

" ခင်ဗျား ပစ္စည်းတွေကို ဒီအတိုင်း ပြန်ယူလို့မရသေးဘူး

www.burmeseclassic.com

www.burmeseclassic.com



သူခိုးကို ရဲလက်ကို အပ်တဲ့အခါ သက်သေခံပစ္စည်းအဖြစ် သေချာ တင်ပြရဦးမယ် ”

“ ရှုပ်လိုက်တာတော် သူခိုးကို မိနေပြီပဲဟာ ကိုယ့်ပစ္စည်း ကိုယ်ပြန်ယူရင် ပြီးတဲ့ဟာကို ”

“ ခင်ဗျား စကားကို ပြီးစလွယ်မပြောနဲ့ ”

“ တော်ကလဲ ရပ်ကွက်လူကြီးဆိုပြီး လျှာကိုရှည်တယ် ”

“ ခင်ဗျားကိုပါ သူခိုးနဲ့ အတူရောပြီး တိုင်ချက်ဖွင့်ရ မယ် ”

ဦးသက်မောင်နှင့် ဒေါ်တင်တင်ကြီးတို့ တစ်ယောက်တစ် ခွန်းစကားများ နေကြသည်မို့ ကျန်လူများက ဝိုင်းပြီးဖြန်ဖြေပေးနေ ရသေးသည်။ သူခိုးကို ရပ်ကွက်ရုံးသို့ ခေါ်သွားကြသည်။ လူစုခွဲ ပြီး ကိုယ့်အိမ်ကိုယ်ပြန်အိပ်ကြလေသည်။ ကိုယ့်အိမ်ကိုယ် ပြန်မအိပ် သေးဘူးမှာ ရဲစွမ်းနိုင်ပင်၊ ကြာကန်ကြီးထက်မှာ ဇီဝိတဒါနမြောက် အောင်ခြင်တွေကို သွေးလှူနေရှာသည်။ သူခိုးကိစ္စကြောင့် နန္ဒလဲ ရဲစွမ်းနိုင်ကို မေ့သွားပြီး အိမ်ကိုပြန်အိပ်တော့သည်။

“ တောက် . . . နန္ဒာဆိုတဲ့ကောင် ငါ့ကိုပတ်သွားပြီထင် တယ် ”

သန်းခေါင်ကျော်တော့မှ လက်လျှော့ပြီး အိမ်ကိုပြန်လာ ခဲ့သည်။ အိမ်ကိုရောက်တော့ မီးလင်းနေသည်ကိုတွေ့ရ၍ အမေ မအိပ်သေးသည်ကို သိလိုက်ရသည်။ အိမ်တံခါးကလဲ ဖွင့်ထား သည်မို့ မရဲတရဲ လှမ်းဝင်လိုက်သည်။

“ သေနာကောင်လေး ဘယ်အချိန်ရှိနေပြီလဲ ဟင်၊ နင် ဘယ်ကိုသွားအလေလိုက်နေတာလဲ၊ ကိုယ့်အိမ်မှာ သူခိုးအခိုးခံရတာ

www.burmeseclassic.com

www.burmeseclassic.com



ကုန်တော့မလို့ "

" ဟာ . . . ဟုတ်လား ကျွန်တော် ဟိုဘက်ရပ်ကွက်မှာ ကမ္ဘာ့ဖလားပွဲ စလောင်းက လွှင့်တာသွားကြည့်နေလို့ပါ အမေရယ်၊ သူခိုးရောမိရဲ့လား "

" မိလို့သာပေါ့၊ မဟုတ်ရင် ရှိတာလေးတော့ ကုန်ပြီ၊ မဖြစ်ဘူး ဒီအတိုင်းဆို အိမ်လုံခြုံအောင် ခွေးကောင်းကောင်းတစ်ကောင် တော့ မွေးမှကိုဖြစ်မယ် "

" လမ်းထိပ် ဆိုက္ကားဂိတ်မှာနေတဲ့ ခွေးနှစ်ကောင်ကို အိမ် ခေါ် မွေးထားပါလား အမေ "

" လမ်းဘေးက ခွေးလေ ခွေးလွင့်ကို မွေးရမလား သေနာ လေးရဲ့၊ တတ်နိုင်ရင် အယ်လ်ဇေးရှင်း ခွေးတစ်ကောင်လောက် မွေးရမှာ "

ရဲစွမ်းနိုင်ဘာမှ ဆက်မပြောတော့၊ အတယ်၍သာ မွေးနီနှင့် မဲလုံးတို့က သူခိုးဖမ်းပေးထားသည် ဆိုတာကိုသာသိလျှင် သူ့ အမေကို မည်သို့ဝေဖန်မည်မသိပါ။

*

www.burmeseclassic.com

www.burmeseclassic.com



" ကိုရန်ဝေး တော်အသုံးမကျလို့ အိမ်ကဟာမလေး နာမည်ဒီလောက်ပျက်ရတာ သိရဲ့လား "

" ဟ . . . ငါက ဘာအသုံးမကျပြီး ငါ့သမီးက ဘာတွေ နာမည်ပျက်နေလို့တုန်း "

ဦးရန်ဝေးက အေးတိအေးစက် တုံ့ပြန်လိုက်သည်မို့ ဒေါ်မြနှစ် အကြီးအကျယ် ဒေါသဖြစ်သွားရသည်။

" အရပ်ထဲက ပြောကုန်ကြပြီလေ. . . မိုးသီတာဝေးနဲ့ ကျော်ဝေ အရပ်ထဲမှာတောင် လက်ချင်းတွဲပြီး သွားရဲကြတယ်တဲ့ အဲ့ဒါတွေဟာ တော့်ကြောင့်ဖြစ်ရတာတွေပဲ "

" မင်းနှယ်ကွာ . . . သူ့ဖာသာ ရည်းစားထားတာကို ဘာလို့ငါ့လာအပြစ်ပြောနေရတာလဲ "

" တော့်ကို အစကတည်းက ကျုပ်မပြောဘူးလား၊ ကိုယ့်သမီးက အပျိုပေါက်လေးဖြစ်နေပြီ ကိုယ့်သားလောက်ရှိတဲ့ ကောင်တွေနဲ့ မရောပါနဲ့ဆိုတာကို အခုတော့ကောင်းသေးလား "

" ကောင်းပါတယ်၊ တခြားတစ်ယောက်နဲ့ဆိုရင်တော့ ငါ သဘောတူချင်မှတူမယ်၊ မောင်ကျော်ဝေဆိုရင်တော့ မဆိုးပါဘူး လူရိုးလူအေးလေးပါကွာ "

" တော်သဘောတူလဲ ကျုပ်က ဘယ်နည်းနဲ့မှ သဘော မတူနိုင်ဘူး၊ တကတည်းတော် ကိုယ့်သမီးရှေ့ရေးကို နည်းနည်းလေး

www.burmeseclassic.com

www.burmeseclassic.com



မှ ထည့်မစဉ်းစားတဲ့ ဖအေမျိုးကတော့ ရှားတယ် ”

“ မင်းတစ်ယောက်တည်းသာ ပြောရစ်တော့ကွာ ငါမြို့ထဲသွားစရာရှိသေးတယ် ”

စကားနည်း ရန်စဲသဘောထားကာ ဦးရန်ဝေးက လက်ဆွဲသားရေအိတ်ကလေးကို ကောက်ဆွဲပြီး အိမ်ထဲမှ ထွက်သွားလေတော့သည်။

ဒေါ်မြနှစ်ခိုင်းလိုက်သော ကုန်ပစ္စည်းများကို မိုးသီတာဝေး တစ်ခုမကျန်အောင်လှည့်ပတ်ဝယ်ပါသည်။ ဘာခက်တာမှတ်လို့၊ သိမ်ကြီးဈေးမှာတင် ကိစ္စပြီးတာပဲလေ၊ အရင်က တစ်ယောက်တည်းလိုက်ဝယ်ရတာဆိုတော့ ပင်ပန်းသည်ဟုထင်ခဲ့သည်။ ယခုတော့ ထိုသို့မဟုတ်ပြီ။ သူမဘေးမှာ သူမချစ်သော ကိုကျော်ဝေ အဖော်ပါသည်လေ။

“ ကိုကို အအေးဆိုင်မှာ ဝင်ထိုင်ကြမယ်နော် ”

“ ထိုင်လေ၊ အဲ့ဒီလို စားချင်ရာစား သွားချင်ရာသွားလို့ရအောင် မနေ့က ကတည်းက ဦးလူကလေးဆီက ကိုကိုပိုက်ဆံသုံးထောင်ကြိုချေးထားတာ ဝေးရဲ့ ”

တော်လိုက်သည့်ကိုကျော်ဝေ၊ သူ့မဟာစွမ်းဆောင်ချက်ကြီးကို ပွင့်ပွင့်လင်းလင်း ဒုံ့ဒိုးကြီးပြောရဲပါပေ့ မိုးသီတာဝေးခမျာတွန့်ကနဲ ဖြစ်သွားရရှာလေသည်။

“ မလိုပါဘူး ကိုကိုရာ ပစ္စည်းစားရင်း တစ်ခုဖျောက်လိုက်ရင် တစ်ထောင်နှစ်ထောင်လောက်တော့ ဖြတ်သုံးလို့ရတာပဲဟာ ”

မိုးသီတာဝေးကလည်း မညံ့ပါ၊ မိဘစီးပွားတော်တော်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေဦးတော့မည်။ သူတို့နှစ်ယောက်လက်ချင်းတွဲပြီး လမ်းလျှောက်လာရင်း ပလက်ဖောင်းတစ်နေရာ အရောက်မှာ မျက်နှာချင်းဆိုင်လျှောက်လာသော ဦးရန်ဝေးကို ဘွားခနဲတွေ့လိုက်ကြရသည်။ ကိုကျော်ဝေမှာ တော်တော်ကြီးထူပူသွားသည်။

" ဟာ . . . ဟိုမှာ ဦးလေး ဦးရန်ဝေး "

ဦးရန်ဝေးက လမ်းဘေးဝဲယာကို မျက်စိကစားကြည့်လိုက်တော့ လမ်းဘေးမှာ ကလေးဦးထုပ်လေးများ ဖြန့်ခင်းရောင်းနေသောဆိုင်လေးတစ်ဆိုင်ကိုသာတွေ့ရသည်။ ထိုဆိုင်လေးနားဝင်ထိုင် ပြီးရှောင်ပေးမည်အလုပ်မှာ ကိုကျော်ဝေးက ရှေ့ကလာရပ်သည်။

" အဟဲ ဦးလေး ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့နော် "

" ဘာကို တစ်မျိုးထင်ရမှာလဲ "

ဦးရန်ဝေးက သူမမြင်ချင်ယောင်ဆောင်ပေးနေတာကို မသိရကောင်းလား ဆိုပြီး စိတ်တိုနေသည်မို့ ဘုဆတ်ဆတ်ပြန်မေးသည်။ ဒါကိုပင် ကိုကျော်ဝေက ပိုလန့်လာပြီး ပြောင်လိမ်ပြောလိုက်မိသည်။

" ဦးလေး သမီးနဲ့ မြို့ထဲမှာတွေ့လို့ စကားပြောရင်း အတူလျှောက်လာမိတာပါ "

အဲဒီတော့မှ ဦးရန်ဝေး ပိုပြီးစိတ်တိုသွားသည်။

" ဟော့ကောင် မင်းကို ဘယ်သူက စစ်နေလို့ ဖြေရှင်းချက်လာထုတ်နေရတာတုန်း "

" အဟဲ ဦးလေးသံသယ မဖြစ်စေချင်လို့ပါ။ ဒါနဲ့ကျော်ဦးလေးအိမ်မှာ ကလေးဖြင့် မရှိဘဲနဲ့ ကလေးဦးထုပ်က ဘာအတွက်-

www.burmeseclassic.com

www.burmeseclassic.com



ဝယ်တာလဲ ”

ကိုကျော်ဝေက အလိုက်ကန်းဆိုး မသိစွာ ဆက်လျှာရှည် လိုက်မိပြန်သည်။ ဦးရန်ဝေးက ရွှဲ့ဖြေလိုက်သည်။

“ ကိုလူကလေးကို လက်ဆောင်ပေးဖို့ ကဲ ဆက်လျှာရှည် မနေနဲ့ သွားကြတော့ ”

ကိုကျော်ဝေ အူလည်လည်ဖြစ်သွားသည်။ သူမအဖေ အကြောင်းကို ကောင်းကောင်းသိထားသော မိုးသီတာဝေးက တခစ်ခစ်ရယ်မဆုံး ရှိပါတော့သည်။ အအေးဆိုင်ကိုရောက်တော့မှ ဦးရန်ဝေးက သဘောတူနေကြောင်းပြောပြသောအခါ ကိုကျော်ဝေက သူ့နဖူးသူ ရိုက်မိပါတော့သည်။

“ သေပါတော့ကွာ . . . ဒီလိုမှန်းသိရင် လိမ်မပြောပါဘူး၊ ဦးလေးက ကိုကို့ကို တစ်သက်လုံး လူလိမ်လို့ထင်သွားတော့မှာပဲ၊ ရှိုး ရှက်လိုက်တာနော် ”

*

www.burmeseclassic.com

www.burmeseclassic.com



" ဟယ်လို တက်စတင် ဝမ်း တူး သရီး ဖူး ဖူး "

ဆိုက္ကားဂိတ်မှာ ဓါတ်စက်ဌားဆင်ပြီး အလှူခံရန် စတင်ပြင်ဆင်နေကြပြီဖြစ်သည်။ ဆိုက္ကားဂိတ်ရှေ့မှာ စားပွဲခုံလေးတစ်လုံးချထား၏။ စားပွဲခုံထက်မှာ လူဝင်ပြီးကလို့ရသော ဦးရွှေရိုးပုံ ကိုယ်တစ်ပိုင်းပြတ် စက္ကူရုပ်ကြီးတင်ထားသည်။ ဦးရွှေရိုးလက်တစ်ဖက်က ငွေဖလားကြီးပိုက်ထားသည်။ ရွှေဂဲက မိုက်ကရိုဖုန်းကို ကောက်ကိုင်ပြီး အသံလာ မလာစမ်းလိုက်သည်။ သူပဲ အကျအနဟောတော့ ပြောတော့မယောင်။ ပြီးတော့မှ ဦးလူကလေးဆီ မိုက်ကရိုဖုန်းကို ထိုးပေးသည်။

" ရော့ ဦးလေးပြောဗျာ "

" ဟာ ငါမပြောတတ်ပါဘူး မင်းဖာသာပြောပါလား "

" ကျွန်တော်လဲ မိုက်နဲ့တစ်ခါမှ စကားမပြောဖူးဘူးဗျ ဖြစ် မှာမဟုတ်ဘူး "

ကြက်ဖ၊ ငထွား၊ ဖိုးဆောင်း တကယ်ပြောဆိုတော့ ဘယ်သူမှ မပြောရဲကြဘူး။ ငထွားကဝင်ပြီး အကြံပေးသည်။

" ဘာမှပြောမနေနဲ့ကွာ သဒ္ဒါပေါက်တဲ့လူက လာလှူလိမ့်မယ်၊ ဒီမှာ ပဒေသာပင်တွေလဲ ချထားတာပဲ, အလှူခံဖလားလဲရှိနေတာပဲ၊ စိုင်းစိုင်းခမ်းလှိုင် သီချင်းသာဖွင့်ထားလိုက် "

" ဟာကွာ မဟုတ်သေးပါဘူး ကထိန်အတွက် အလှူခံတာ

www.burmeseclassic.com

www.burmeseclassic.com



စိုင်းစိုင်းခမ်းလှိုင် သီချင်းနဲ့ဆိုတော့ မလိုက်ဖက်ဘူးထင်တယ် ဘုရားသီချင်း တရားသီချင်းတွေရှိတယ် မဟုတ်လား ”

ငထွားစကားကို ဦးလူကလေးက ကန့်ကွက်လိုက်သည်။ ငထွားက တိတ်ခွေအားလုံးကို တစ်ခုချင်းစစ်ကြည့်လိုက်သည်။ တွံတေးသိန်းတန်၊ သန်းဖေလေး၊ ကိုမင်းနောင်၊ တွံတေးစိုးအောင်၊ ဘီအီးဒီအောင်သိုက်ပြဇာတ်၊ တို့တင်ဌေးပြဇာတ်၊ ဇော်ဝင်းထွဋ်၊ ထူးအိမ်သင်၊ ထူးအယ်လ်လင်း၊ Rဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ လေးလေးဝါး၊ တင်ဇာမော် တခြားဘာခွေမှ မရှိ။ မထူးပါဘူးဆိုပြီး တွံတေးသိန်းတန်အခွေကို ကောက်ဖွင့်လိုက်သည်။ အပျင်းတော့ ပြေတာပေါ့။

သီချင်းက စကာပဲ ရှိသေးသည်။ မွေးနီနှင့် မဲလုံးတို့က ကြူကြူပါအောင် အူတော့သည်။ ဒါကို ဖိုးဆောင်းက ကောက်ချက်ချနေသေးသည်။

“ ဒါ ဒီကောင်တွေ ဝမ်းသာပီတိဖြစ်လို့ အူတာကွ ”

“ မင်းက ဘယ်လိုလုပ် သိတာလဲ ”

“ ဘုန်းကြီးကျောင်းက ကြေးစည်တီးတိုင်း ဒီနှစ်ကောင် ထထ အူတာကို ငါတွေ့ဖူးတယ်၊ ဝမ်းသာပီတိဖြစ်ရင် ခွေးအူတတ်တယ်လို့ ငါ့အမေက ပြောဖူးတယ်ကွ ”

ရပ်ကွက်နှစ်ခုကြားမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။ ယခု အလှူခံတာလဲ ထိုကျောင်းမှာ ကထိန်ခင်းရန်ပင်ဖြစ်သည်။ ထိုကျောင်းမှ ကြေးစည်ထုတိုင်း မွေးနီနှင့်မဲလုံးတို့က အူနေကြမို့ ဖိုးဆောင်းက ပြောခြင်းဖြစ်သည်။ဒါကို မျှော်ဂိုက စကားလိုက်ကပ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



" အသုဘချလို့အူတာကျတော့ မင်းဘယ်လိုပြောမလဲ "

" မင်းသေချာနားထောင်ကြည့်ရင် သိလိမ့်မယ်၊ ဒီကောင်တွေက ဝမ်းသာလို့ အူရင်တသံ ဝမ်းနည်းလို့ အူရင်တသံ မတူဘူး "

ဟုတ်မဟုတ်တော့ မသိ၊ ဖိုးဆောင်းချေပချက်ကြောင့် ရွှေဂဲငြိမ်သွားသည်။ ဦးလူကလေးက သတိတရပြောလိုက်သည်။

" ခွေးအကြောင်းပြောမှပဲ တင်တင်ကြီး ခွေးဝယ်တဲ့အကြောင်း ပြောဖို့သတိရတယ် "

" ဒေါ်ငွေတိုးကို ပြောတာလား "

" ဟုတ်တယ်၊ မနက်က သူ့အိမ်ရှေ့က ဖြတ်လျှောက်တော့ အိမ်ထဲမှာ ခွေးဖြူတစ်ကောင် သံကြိုးနဲ့ချည်ထားတာတွေ့တယ်၊ အစကတော့ အမှတ်တမဲ့ပါပဲ သူကတမင်ခေါ်ပြောလို့ သိခဲ့ရတာ "

မနက်ခင်းက ဒေါ်တင်တင်ကြီးက ဦးလူကလေးဖြတ်လျှောက်သွားသည်ကိုမြင်တော့ သူမခွေးဝယ်ထားကြောင်းကိုခေါ်ကြွားသည်။

" သူခိုး ခိုးခံလိုက်ရကတည်းက ခွေးကောင်းခွေးသန့်တစ်ကောင် ဝယ်ထားဦးမယ်လို့ စိတ်ကူးရတာ အခုတော့ တကယ်ဝယ်ဖြစ်သွားပြီ ဦးလူကလေးရေ၊ တစ်သိန်းခွဲတောင်ပေးရတယ်၊ ဒါပေမယ့် တန်ပါတယ်၊ သူက အယ်လ်ဇေးရှင်းနဲ့ ဒိုဘာမင်စပ်ကျထားတာလေ၊ မျိုးရိုးက မနိမ့်ဘူး၊ စောစောကတောင် ဦးရန်ဝေးလာကြည့်သွားသေးတယ် "

" ဟုတ်တာပေါ့ သူ့အမျိုးလားဆိုပြီး လာကြည့်တာနေမှာပေါ့ ဟဲ ဟဲ၊ ဒါထက်ခွေးက အထီးလားအမလား ဗျ "

www.burmeseclassic.com

www.burmeseclassic.com



" အမပါ၊ ခွေးထီးက ဈေးပိုကြီးတယ်လေ "

" ဒါကတော့သဘာဝပါပဲဗျာ၊ လူလဲဒီလိုပါပဲ တင်တင်ကြီး နင်သားတွေဘာတွေ စပ်ချင်ရင်ပြောနော် "

" သေနာကြီး ကိုယ့်ဖာသာအိမ်မှာပဲ အောင်မြင်အောင် သားစပ်စမ်းပါဦး "

" ဟဲဟဲ. . . ငါကခွေးသားစပ်ချင်ရင်လို့ ပြောတာပါ "

ဦးလူကလေးက သူနှင့် ဒေါ်တင်တင်ကြီး ပြောခဲ့ဆိုခဲ့ကြပုံကို ပြန်ပြောပြသည်။ အားလုံးကတဝါးဝါး တဟားဟား ဖြစ်ကုန်ကြသည်။ သူတို့ရယ်မောပြီး သိပ်မကြာလိုက်ပါ။ ဆိုက္ကားဂိတ်ဆီသို့ ဦးရန်ဝေး မျက်နှာကြီးသုန်မှုန်ပြီး လှမ်းလာသည်။ ရွှေဂဲက ခရီးဦးကြိုပြုလိုက်သည်။

" ဦးလေး ရန်ဝေး အလှူခံထည့်မလို့ထင်တယ် "

" အလှူခံကနောက်မှထည့်မယ်၊ လူကလေးကို အရင်သတ်မယ် "

" ကျုပ်က ဘာပြောမိ ဘာလုပ်မိလို့လဲ ကိုရန်ဝေးရဲ့ "

" မင်း မနက်ကတင်တင်ကြီး ကိုဘာစကားပြောခဲ့တာလဲ "

" သားစပ်ချင်ရင်ပြောလို့ ပြောခဲ့တယ်လေ "

ဦးလူကလေးက သိသိကြီးဖြင့် စကားလမ်းကို တမင်လွှဲလိုက်သည်။ ဦးရန်ဝေးက ပိုစိတ်တိုသွားပုံရသည်။

" ငါနဲ့ပတ်သက်ပြီး မင်းပြောခဲ့တာ ဘာစကားလဲ "

" ဩော် ကိုရန်ဝေးက ခွေးလာကြည့်တယ်ဆိုတော့ သူ့ခွေးတွေနဲ့ မျိုးတူလားလို့လာကြည့်တာနေမှာလို့ ပြောခဲ့သေးတယ်၊ အဲ့ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ ”

ဦးလူကလေးက မင်သေသေဖြင့်ပြောရင်းမေးလိုက်တော့ ဦးရန်စေး ဒေါသလျော့သွားသည်။ ကျေတော့ သိပ်ကျေနပ်သေးပုံမရ။

“ တင်တင်ကြီးပြောတာ အဲ့ဒီလို မဟုတ်ပါဘူး ”

“ ဒါတော့ သူကဘယ်လို နားကြားလွဲတယ်မှ မသိတာ ”

“ အေး အဲ့ဒီလိုဆိုရင်တော့ပြီးတာပဲ ”

ဦးရန်စေးက စိတ်ကိုလျှော့ပြီးချာခနဲ ပြန်လှည့်ထွက်သွားသည်။ အကြောင်းသိသော ဆိုက္ကားအုပ်စုက ပြုံးစိစိဖြစ်ကုန်ကြသည်။ ဦးလူကလေးလဲ တဟဲဟဲ ရယ်ရင်းအိမ်ကိုထပြန်သွားသည်။

“ ဒီနေ့ ဂိတ်ကိုစောစောသိမ်းမယ်ဟေ့ ”

ရွှေဂဲက အားလုံးကို သတိပေးနှိုးဆော်လိုက်သည်။ရွှေဂဲစကားကို ကန့်ကွက်မည့်သူ တစ်ယောက်မှမရှိ၊ ရပ်ကွက်ထဲကို အလှူခံထွက်ကြရန် အားလုံးတက်ကြွနေကြသည်။ ဦးရွှေရိုးရုပ်ကြီးကို ဖိုးဆောင်းက ကိုင်ကြည့်ရင်းပြောသည်။

“ ဒါကြီးထဲကို ဘယ်သူဝင်က မှာလဲ ”

ခြေလှမ်းယိုင်ယိုင်ဖြင့် လှမ်းလာသော အောင်မောင်းက အားတက်သရောဝင်ပြောသည်။ မွေးနီနှင့် မဲလုံးတို့က အောင်မောင်းလှမ်းလာသည်ကို မြင်ကတည်းက အောင်မောင်းဆီကို ပြေးပြီး မတပ်ရပ်နှုတ်ဆက်ကြသည်။

“ မင်းတို့ဒီနေ့ ညနေခင်း အလှူခံထွက်ကြမယ်ဆို၊ ရုပ်ထဲကို ငါဝင်ကမယ်ဟေ့ ”

“ ဟုတ်မှလဲ လုပ်ပါအောင်မောင်းရာ တော်ကြာဦးရွှေရိုး

www.burmeseclassic.com

www.burmeseclassic.com



ကို ထူနေရပါဦးမယ် ”

“ ငါ ကချင်လွန်းလို့ကို တစ်ပိုင်းထဲချလာတာပါကွာ ”

တစ်ပိုင်းတည်းဟုသာပြောသည်။ အောင်မောင်းမျက်လုံးတွေက နီရဲနေပြီ။ သို့သော် မတတ်နိုင်၊ နှစ်စဉ်လဲ အောင်မောင်းမပင်အများဆုံး အရုပ်ထဲဝင်ကခဲ့သည်မဟုတ်လား၊ ငထွားက လောဆော်လိုက်သည်။

“ ငါ ဆိုက္ကားအိမ်ပြန်ထားလိုက်တော့မယ်၊ ဖိုးဆောင်းနဲ့ကြက်ဖ မင်းတို့လဲပြန်ထားကြတော့ ရွှေဂဲဆိုက္ကားပေါ် မာတ်စက်တင်ကြရအောင် ”

ငထွား၊ ဖိုးဆောင်းနှင့်ကြက်ဖတို့ ဆိုက္ကားများကို အိမ်ပြန်ထားလိုက်ကြသည်။ ဆိုက္ကားဂိတ်ကို ဆရာလေးကိုကျော်ဝေရောက်လာသည်။ အောင်မောင်းက ဦးရွှေရိုးရုပ်ကြီးထဲကို အစမ်းဝင်ကြည့်နေသည်။ ရွှေဂဲက ကူညီပြီးမပေး စွပ်ပေးနေသည်။

“ ဘယ်လိုလဲ ဒီနေ့ညနေစပြီး အလှူခံဖြစ်မှာလား ”

“ဟုတ်တယ် ဟိုကောင်တွေ ဆိုက္ကားသွားသိမ်းပြီး ပြန်လာတာနဲ့ စထွက်မှာ ကိုကျော်ဝေ ”

သိပ်မကြာခင် အားလုံးရောက်လာကြသည်။ ငထွားက တိပ်ခွေရွေးသည်။

“ အင်း . . . ကလို့ကောင်းမယ့် အခွေကတော့ စိုင်းစိုင်းခမ်းလှိုင်အခွေပဲရှိတယ်၊ အဲ့ဒါပဲဖွင့်ကွာ ”

“ ကောင်းကွာ ဦးရွှေရိုးက ဟစ်ဟော့ပ်နဲ့ ”

ကိုကျော်ဝေက စိတ်ပျက်လက်ပျက်ပြောသည်။ မည်သို့ပင်ဖြစ်စေကက်ဆက်မှ စိုင်းစိုင်းခမ်းလှိုင်သီချင်းထွက်ပေါ်လာသည်။ အောင်

www.burmeseclassic.com

www.burmeseclassic.com



မောင်းက ဦးရွှေရိုးရုပ်ထဲမှနေ၍ ဘာကကြိုးမှန်းမသိသော ကကြိုးဖြင့် ယိမ်းထိုးနေလေတော့သည်။ အလှူခံအုပ်စုမှာ ရုပ်ကွက်လမ်းများထဲကို တစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် လှည့်လည်အလှူခံနေသည်။ မွှေးနီနှင့် မဲလုံးတို့ကလဲ အောင်မောင်းနှင့် မကွဲမကွာ တတောက်ဆတ်ဆတ် ပြေးလိုက်ပျော်ရွှင်နေကြသည်။

ကလေးတရုန်းရုန်း ခွေးတရုန်းရုန်း။

" ဒီခေတ်ကြီးမှာ မိန်းကလေးတွေလှတာ × × × သေပြီဆရာ "

ရုပ်ကွက်ထဲမှ လူများက သဒ္ဓါတတ်အားသ၍ လှူကြတန်းကြပါသည်။ အောင်မောင်းမှာလဲ ချွေးတွေရွဲနစ်နေပြီး အားလုံးပျော်နေကြသည်။ အလင်းရောင်ပျောက်လို့ လမ်းမီးပေးချိန်ရောက်မှ အလှူခံကိစ္စကို သိမ်းလိုက်ကြသည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ဆရာလေး ကိုကျော်ဝေ ကိုကျော်ဝေ "

အိမ်ရှေ့က အော်သံကြား၍ ကိုကျော်ဝေ အိမ်တံခါးကို ဖွင့်ပြီး လှမ်းကြည့်လိုက်သည်။ ကြက်ဖနှင့် ငထွား။ ကိုကျော်ဝေ လှမ်းပြီး အသံပြုလိုက်သည်။

" ငထွားနဲ့ ကြက်ဖပါလား ဘာဖြစ်လာကြတာလဲ "

" အောင်မောင်းမိန်းမ မီပိုရောဂါအသည်းအသန် ဖြစ်နေလို့ အပြင်ထွက်ခဲ့ပါဦး ကိုကျော်ဝေ "

ကိုကျော်ဝေ အပြင်ကိုထွက်ရန်ပြင်လိုက်သည်။ ကိုကျော်ဝေ့ အမေဒေါ်အေးစိန်က ကိုကျော်ဝေကို နားမလည်စွာကြည့်ပြီး မေးသည်။

" ဟဲ့ ငါ့သားက ဘယ်တုန်းက ဆေးကုတဲ့အတတ် တတ်လိုက်တာတုန်း "

" ဟာဗျာ . . . အမေကလဲ၊ ကျွန်တော်က ဆေးကုတတ်လို့ မဟုတ်ပါဘူးဗျ၊ ကူညီသင့်တာဝိုင်းကူညီရအောင် လာခေါ်ကြလို့ သွားရမှာပါ "

" သိပါဘူးဟယ်၊ ငါ့သားကို အားကိုးတကြီးလာခေါ်ကြတယ်ဆိုတော့ ဆေးကုတတ်လို့များလားလို့ "

ဒေါ်အေးစိန်ကို ရှည်ရှည်ဝေးဝေးရှင်းပြမနေတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဝေအိမ်အပြင်ကို ထွက်သွားလိုက်သည်။ ကြက်ဖနှင့် ငထွားတို့ အသံများတုန်ရင်နေသည်။ အချိန်က ည ၁၁နာရီ။

"မေတ္တာမွန်ဆေးခန်းက ဆရာဝန်က အောင်မောင်းတို့ကို ငွေမတတ်နိုင်မှန်းသိလို့ တမင်ညစ်တာပါဗျာ "

ကြက်ဖက မကျေမချမ်းပြောသည်။ ကိုကျော်ဝေက အကျိုးအကြောင်း မသိ၍မေးရသည်။

" မိပိုကဘယ်လိုဖြစ်တာလဲ ဆရာဝန်က ဘာပြောလို့လဲ"

" ကိုကျော်ဝေပဲ စဉ်းစားကြည့်လေ၊ မိပိုက အရမ်းကိုအမောဖောက်နေတာဗျ၊ ဆေးခန်းကိုသွားပြတော့ ဆေးရုံကိုပို့ဖို့ပဲတွင်တွင်ပြောနေတယ်၊ ဆေးရုံပို့ဖို့ဆိုတာ လွယ်တာမှတ်လို့၊ ပြီးတော့ ဒီအချိန်ကြီးကျမှဗျာ၊ သူတတ်နိုင်သလောက်ကုပေးဖို့ကောင်းပါတယ် "

ငထွားက သူထင်သလိုပြောနေသည်။ ကိုကျော်ဝေသက်ပြင်းချလိုက်မိသည်။

" ဆရာဝန်က သူမနိုင်လောက်တဲ့ ရောဂါမို့ ဆေးရုံကိုညွှန်တာနေမှာပါကွာ ဒါထက် မိပိုနဲ့အောင်မောင်းက ဘယ်မှာတုန်း "

" အောင်မောင်းလဲ ဘာလုပ်ရမှန်းမသိလို့ ဆိုက္ကားဂိတ်ထဲမှာ မိပိုကို ခဏလှဲခိုင်းထားတယ်၊ ဂိတ်မှာ ဖိုးဆောင်းနဲ့ ရွှေဂဲတို့လဲ စောင့်နေကြတယ် "

ညကြီးမင်းကြီးဖြစ်နေ၍ ဆေးရုံပို့ရန် အခက်အခဲကို ကိုကျော်ဝေစဉ်းစားရင်း ဆိုက္ကားဂိတ်ကို လိုက်ပါလာခဲ့သည်။ ဆိုက္ကားဂိတ်ရောက်တော့ မည်သူသွားခေါ်လာသည်မသိ ဦးလှဘာလေးလဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည်။ မွှေးနီနှင့်မဲလုံးတို့လဲ တအီအီဖြင့် အနားမှမခွာ။ မိပိုက အသက်ကိုပင်ခက်ခက်ခဲခဲ ရှူနေရသည်။

" ဆေးရုံပို့ရမယ်ဆိုလဲ ပို့ကြတော့လေကွာ လူမမာကသိပ် အခံရခက်နေမှာပေါ့ "

" ဆေးရုံပို့ရအောင် အခုချိန်ကြီးမှာ ကားကဘယ်ကရမှာလဲ "

သူတို့ရပ်ကွက်လေးမှ ဆေးရုံကိုရောက်အောင် ကားဖြင့်သွားမှသာဖြစ်မည်။ အချိန်မတော်ကြီးမှာ ဘယ်ကကားငှားလို့ရမည်နည်း။ ရွှေဂဲကလေသံဖျော့ဖျော့ဖြင့် မရဲတရဲအကြံပေးသည်။

" ဟို ဒေါ်သူဇာနွယ်တို့ အိမ်ရှေ့မှာတော့ ကားရှိတာပဲလေ "

" ဟာ . . . ဟုတ်တာပေါ့ . . . အဲ့ဒီ ပုဂ္ဂိုလ်ကို အကူညီတောင်းကြည့်ရင်ကောင်းမယ် "

ကိုကျော်ဝေက အားတက်သရောပြောသည်။ ဖိုးဆောင်းနှင့် ငွေထွားတို့က စိတ်ပျက်လက်ပျက် ငြင်းဆိုလိုက်ကြသည်။

" ကျွန်တော်တို့တော့ သိပ်မထင်ဘူးကိုကျော်ဝေ "

" ဟုတ်တယ် . . . အဲ့ဒီ ပုဂ္ဂိုလ်မျိုးက ကျွန်တော်တို့ဆင်းရဲသားတွေကို အဖက်လုပ်မယ်မထင်ပါဘူးဗျာ "

" ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ကြိုးစားကြည့်ရမှာပေါ့ "

ကိုကျော်ဝေက ပြောပြောဆိုဆိုဖြင့် ထထွက်သွားသည်။ ကိုကျော်ဝေနောက်မှ ဦးလူကလေးလိုက်သွားသည်။ ကျန်သူများက မျှော်လင့်ချက်ကင်းမဲ့စွာ မချိမဆန့်ခံစားနေရသော မိပိုကိုသာဝိုင်းအုံကြည့်နေကြသည်။ အောင်မောင်းမှာ အရက်ဒီဂရီတို့လွင့်ပျယ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်ရည်တွေသာကျနေရှာသည်။ မကြာခင် ထင်မှတ်မထား သော SURF ကားအပြာကြီး ဆိုက္ကားဂိတ်ရှေ့သို့ ထိုးဆိုက်လာ သည်။ ကားပေါ်မှ ဒေါ်သူဇာနွယ်၊ ကိုကျော်ဝေ၊ ဦးလူကလေးတို့ ဆင်းလာကြသည်။ ဒေါ်သူဇာနွယ်က မိပိုကို ယုယကြင်နာစွာ ထွေး ပွေ့လိုက်သည်။

" ဆေးရုံကို ဘယ်သူတွေလိုက်ဦးမှာလဲ တစ်ယောက်နှစ် ယောက်တော့ လိုက်ခဲ့လို့ရပါတယ်၊ ဒီညတော့ ကျွန်မပဲ စောင့်ပေးရ မှာပေါ့၊ တစ်ရပ်ကွက်တည်းသားချင်းတွေပဲ "

" ညီလေး အမျိုးသမီးလား၊ ဘာမှ အားမငယ်ပါနဲ့ကွာ. . အကိုငွေရေးကြေးရေးကို တာဝန်ယူပါ့မယ် "

အောင်မောင်း ပုခုံးကိုဖက်ပြီး ကုမ္ပဏီပိုင်ရှင်ကြီးက ကြင် နာစွာပြောလိုက်သည်။ အောင်မောင်းဘာမှ ပြန်မပြောနိုင်၊ မျက် ရည်များကသာ အဆက်မပြတ် စီးပျော်ကျနေတော့သည်။ ဆေးရုံ ကို အောင်မောင်းနှင့် ကိုကျော်ဝေတို့ လိုက်ပါသွားကြသည်။ အဲ့ဒီ ညက မွေးနီနှင့် မဲလုံးတို့ အူလိုက်တာ မနက်မိုးလင်းတဲ့ အထိပါပဲ။

" နမိတ်မကောင်းဘူးကွာ "

ဖိုးဆောင်းက အမှတ်ထင်ထင်ပြောသည်။ ကျန်သူများက ဘာမှ ထင်မြင်ချက်မပေး၊ အားလုံးငြိမ်သက်နေကြသည်။ သန်း ခေါင်ကျော်လေပြီ။ မည်သူမျှ အိမ်ကိုမပြန်ဖြစ်ကြ။ မိုးလင်းလုလု အချိန်လေးမှာပဲ SURF ကားကြီးပြန်ဝင်လာသည်။ ကားပေါ်မှ ကိုကျော်ဝေက အောင်မောင်းကို ဖေးကူတွဲမပြီး ဆင်းလာသည်။

" ကံတရားပဲပေါ့ အောင်မောင်းရာ စိတ်ကိုတရားနဲ့သာ ဖြေပေါ့၊ ကျေးဇူးပဲနော် အကို "

www.burmeseclassic.com

www.burmeseclassic.com



" ရပါတယ်ဗျာ ကျွန်တော်လဲ စိတ်မကောင်းပါဘူး၊ သွားမယ်နော် "

SURF ကားကြီးက မောင်းထွက်သွားသည်။ မိပိုဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်းကိုမမေးဘဲ သိလိုက်ကြရပါပြီ။ ဦးလူကလေးက အောင်မောင်းကိုမေးသည်။

" အောင်မောင်း မင်းဘာလုပ်ချင်သလဲ "

" ကျွန်တော် အရက်သောက်ချင်တယ်၊ မူးပြီး ဘာကိုမှ သတိမရရင်ကောင်းမယ် "

အောင်မောင်းက ငိုသံပါကြီးဖြင့်ပြောသည်။ အားလုံးက နားလည်ပေးလိုက်ကြပါသည်။ သူတို့အုပ်စုတစ်စုလုံး ကိုခင်ဆောင်ရဲ့ အရက်ဆိုင်လေးကို နှီးပြီးဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။ ဘာစကားမှ မပြောဖြစ် အောင်မောင်းကသာ ငိုရင်းပြောရင်း တစ်ခွက်ပြီး တစ်ခွက်ဆင့်သောက်သည်။ မကြာခင် အောင်မောင်းဇက်ကျိုးကျသွားပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



" မောင်ကျော်ဝေ မင်းတို့ဘယ်လို စိတ်ကူးထားကြလဲ ဆိုတာ ငါ့ကိုလဲပြောဦး "

လက်ဖက်ရည်ဆိုင်ထဲက စားပွဲဝိုင်းကို ဝင်လာထိုင်ရင်း ဦးရန်ဝေးက ကိုကျော်ဝေကို အဆက်စပ်မဲ့စွာမေးလိုက်သည်။ ကိုကျော်ဝေက သူ့အပြစ်နှင့်သူမို့ ထိတ်လန့်တကြားဖြေလိုက်သည်။

" ဟို ဟိုလေ. . . အခုချိန်အထိတော့ ဦးလေးသမီးနဲ့ ကျွန်တော်တို့က တစ်ယောက်ကိုတစ်ယောက် လေ့လာနေတဲ့အချိန် ကာလပါပဲခင်ဗျာ "

" ခွီးတဲ့မှပဲ ငါမေးတာ အောင်မောင်းမိန်းမ မိပိုရဲ့စျာပန အတွက် မင်းတို့ဘယ်လိုစီစဉ်ထားလဲ မေးတာကွ "

ဦးရန်ဝေး မျက်နှာကြီးနီရဲသွားသလို၊ ကိုကျော်ဝေ ခမျာ မလဲ ချက်ချင်းပင်ထပြေးချင်စိတ်ပေါက်သွားမိသည်။ ဦးလူကလေး ကတော့ အားမနာစတမ်း တခွီးခွီးရယ်နေပါတော့သည်။ ကိုကျော်ဝေက မနည်းကြီးကန္တြေပြန်ဆည်ယူရင်း အစီအစဉ်ကိုထိန်းပြောရ သည်။

"မိပိုဆုံးတဲ့အချိန်မှာပဲ ဒေါ်သူဇာနွယ်ရဲ့ သားမက် ကုမ္ပဏီပိုင်ရှင်ကြီးက ငွေသုံးသောင်းကူထားခဲ့တာရှိပါတယ်၊ ကျန် တာကတော့ သဒ္ဒါတတ်အားသ၍ ဝိုင်းကူကြရုံပဲပေါ့ ဦးလေးရယ် "

" အင်း ဒီလိုဆိုတော့လဲ မိပိုသေကံကောင်းတယ်ဆိုရမှာ ပေါ့ တစ်ခုတော့ရှိတယ်နော် ငွေတွေကို အောင်မောင်းလက်ထဲထည့်

www.burmeseclassic.com

www.burmeseclassic.com



မပစ်လိုက်ကြနဲ့ဦး၊ ဒီကောင်က မူးမူးရူးရူးနဲ့ ”

ဦးရန်ဝေးစကားကို ဦးလူကလေးက သိပ်ကြိုက်ပုံမရ၊ မူလ ကတည်းကလဲ စကားကပ်ပြောချင်နေတာလဲ ပါမည်ထင်သည်။

“ အောင်မောင်းက မူးပေမယ့် မရူးပါဘူးဗျာ၊ သူ့မိန်းမ သူသိပ်ချစ်ရှာတာဗျ၊ မနေ့ညကတည်းက ငွေတွေကို မောင်ကျော် ဝေနဲ့ ကျုပ်ကို ထိန်းသိမ်းပေးဖို့အပ်ရှာတယ်၊ ဒါထက် ဈာပနကိစ္စ အတွက် ခင်ဗျားကော ဘယ်လောက်အကူငွေ ထည့်ဖို့စိတ်ကူးထား လဲ ”

“ ထည့်ရမှာပေါ့ဗျာ အခုတော့ မပါသေးဘူး ”

“ ကျုပ်မသိလို့ မေးစမ်းပါရစေဦး ခင်ဗျားကို ခင်ဗျားမိန်းမ က ပိုက်ဆံတိုင်းပေးတာလား ”

ဦးလူကလေးရဲ့ တည့်တည့်ကြီးပုတ်ချတာကိုခံလိုက်ရ သည်ကြောင့် ဦးရန်ဝေးမှာ ရှူးရှူးရှားရှားဖြစ်သွားလေသည်။ စား ပွဲခုံကို လက်ဖြင့်ပုတ်ပြီးပြောသည်။

“ ကိုလူကလေး ခင်ဗျား ကျုပ်ကိုရန်စတာလား ”

“ အဟဲ နောက်တာပါဗျာ ခင်ဗျားကလဲ၊ ကဲ. . . မောင် ကျော်ဝေ မင်းဖိတ်စာရိုက်ဖို့နဲ့ ယပ်တောင်ကိစ္စတွေလုပ်ရဦးမယ်ဆို သွားတော့လေကွာ ငါလည်းအိမ်ခဏပြန်လိုက်ဦးမယ် ”

ဦးလူကလေးက အကင်းပါးစွာဖြင့် ရှောင်ထွက်သွားသည်။ ဦးရန်ဝေးမှာ မကျေမချမ်းဖြင့် အိမ်ကိုအမြန်ဆုံးရောက်အောင်ပြန် သွားလေသည်။ အိမ်ထဲကို လှမ်းဝင်ရင်း ဒေါ်မြနှစ်ကို အသံမဆိုင် လေသံမာမာဖြင့် လှမ်းပြောသည်။

“ မြနှစ် ငါ့ကိုငွေတစ်ထောင်လောက်ပေးစမ်း ”

www.burmeseclassic.com

www.burmeseclassic.com



" အလိုတော် စောစောစီးစီး ဘာကိစ္စ ငွေတစ်ထောင်အရေးတကြီးလာတောင်းရတာတုန်း "

ဒေါ်မြနှစ်က ခပ်ကန်ကန်ပြောလိုက်သည်။ ဦးရန်ဝေး ဒေါသတွေကို ဆွပေးလိုက်သလိုဖြစ်သွားသည်။

" ငါတောင်းတာကိုသာ ပေးစမ်း၊ နင်အဲ့ဒီလိုတွေလုပ်လို့ ပတ်ဝန်းကျင်မှာ လူအထင်သေးစရာဖြစ်ရတာ "

" မဆီမဆိုင်တော် ကျုပ်က ဘာတွေလုပ်နေလို့တုန်း "

ဒေါ်မြနှစ်ကလဲ တစ်ခွန်းမခံ၊ ဒီတော့ ဦးရန်ဝေးပေါက်ကွဲရလေပြီ။ ဖအေနှင့် မအေတစ်ယောက်တစ်ခွန်း အော်သံကြား၍ မိုးသီတာဝေးက ဧည့်ခန်းထဲထွက်လာမိသည်။ ကျည်ဆံက မိုးသီတာဝေးဆီ ပြောင်းသွားသည်။

" ဒီသမီးကြောင့်လဲ ရှက်ရ၊ မအေကြောင့်လဲ ရှက်ရနဲ့ "

" ဟော . . . ဖြစ်ရပြန်ပြီ၊ ကျုပ်သမီးကကော တော်ရှက်ရအောင် ဘာလုပ်နေလို့တုန်း "

" တော်စမ်းကွာ ငါဘာမှမပြောချင်တော့ဘူး "

ဦးရန်ဝေး ပြောချင်သည့်အဓိပ္ပာယ်က ဘာမှန်းမသိအောင်ဖြစ်သွားတော့သည်။ ဒါကိုပင် ဒေါ်မြနှစ်က အငြိမ်မနေနိုင်၊ အဓိပ္ပာယ်ပေါ်အောင် ဖော်ထုတ်ချင်စိတ်က နှိုးဆွလာသည်။

" ဘာမှ မပြောချင်လို့မရဘူး တော်ငွေတစ်ထောင်တောင်းတာ အကြောင်းကိုရှိရမယ် "

" အကြောင်းရှိလို့ တောင်းတာပေါ့ "

" အကြောင်းရှိရင် အကျိုးအကြောင်းကို ပြေပြေသည်လည်ပြောလေ "

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြနှစ်ပြောပုံက အထက်စီးနင်းနိုင်လွန်းသည်ဟု ဦးရန်ဝေးထင်သွားပုံရသည်။ ဒါမျိုးတော့ လုံးဝသည်းမခံနိုင်။ နဝါးမှန်းသိအောင် အမြီးတော့လှုပ်ပြလိုက်ချင်သေးသည်။

" ဟော့ မြနှစ်၊ နင့်ကိုလှုပ်ကျွေးခဲ့တာ အနှစ် ၂၀ နော် "

" တော် ဘာမှမလုပ်ပဲ ထိုင်စားတာ ဆယ့်ငါးနှစ်ရှိပြီ "

" ဖိုင်း "

ဦးရန်ဝေးက ထိုင်ခုံတစ်လုံးကို ခြေထောက်ဖြင့်ဆောင့်ကန်လိုက်သည်။ ဒေါ်မြနှစ်ကလဲ ပန်းအိုးကို စားပွဲထက်မှ လက်နှင့်တွန်းချလိုက်သည်။ မိုးသီတာဝေး မနေသာတော့။

" ခလွမ်း "

" အို ဖေဖေနဲ့ မေမေတို့ကလဲ ဘာမှမဟုတ်ဘဲနဲ့ အကုန်ပျက်စီးကုန်ပြီ၊ ဖေဖေကငွေတစ်ထောင် ဘာအတွက်လိုတာလဲ ပြောလိုက်ရင် ပြီးတဲ့ဟာကို "

" ဘာအတွက်လိုလို ငါကနင့်အမေကို အစီရင်ခံနေရမှာလား "

ဦးရန်ဝေးက ဒေါသတကြီးပြောသည်။ ဒေါ်မြနှစ်ကလည်း ကြက်ခေါင်းဆိတ်မခံ။

" ရှင် ထင်တိုင်းလျှောက်သုံးနေလို့ ဖြစ်မလား၊ ကျုပ်အခုလို စစ်စစ်စီစီနေနိုင်လွန်းလို့ လူ့အဆင့်တန်းမီမီနေနိုင်ထိုင်နိုင်တာနားလည်လား "

" အောင်မာ ဒီစည်းစိမ်ချမ်းသာက ဘယ်သူရှာကွေးထားတာလဲ "

ပြဿနာက မီးခိုးကြွက်လျှောက် ဆက်ပြီးလာဖွယ်ရာရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်တွင် ကြေးစည်ထုသံ တစ်ချက်ထွက်ပေါ်လာသည်။ ရပ်ကွက်ထဲမှ ရှိရှိသမျှသော ခွေးများထိုးအူကြလေတော့သည်။ မိပို အသုဘချဖို့က အစောကြီးရှိပါသေးသည်။ ဝိရိယကောင်းလွန်းသော ဖိုးဆောင်းနှင့်ကြက်ဖတို့က ဘုန်းကြီးကျောင်းမှ ကြေးစည်ကိုစောစောစီးစီး သွားငှားလာကြပြီး ရပ်ကွက်ကို သတိပေးလိုက်ဟန်တူသည်။

" အဲ့ဒါပဲ လူထဲသူထဲမှာ မျက်နှာပူစရာဖြစ်ပြီ "

ဦးရန်ဝေးက ကြေးစည်သံကို နားထောင်ရင်းအဆက်မရှိအစပ်မရှိပြောလိုက်သည်။ ဒေါ်မြနှစ်ရော မိုးသီတာဝေးပါ နားမလည်အောင်ဖြစ်သွားရသည်။

" အဖေ ဘာကိုပြောတာလဲ "

" မိပို အသုဘအတွက် ရပ်ကွက်ထဲမှာ အကူငွေကောက်နေကြတယ်လေ၊ ဟို ကုမ္ပဏီပိုင်ရှင်ကောင်က သုံးသောင်းတောင်ထည့်သတဲ့ "

ထိုတော့မှ ဒေါ်မြနှစ်နှင့် မိုးသီတာဝေးတို့ သဘောပေါက်သွားသည်။ ဒါမျိုးတော့ ဘယ်လိုမှ အကြောမခံနိုင်။ နှမျောတာနေရာနှင့် နေရာပေါ့။ ဒေါ်မြနှစ်က ခါးကိုထောက်ပြီး ဦးရန်ဝေးကိုရန်တွေ့သလိုပြောသည်။

" ဘာလဲ တော်က ငွေတစ်ထောင်လောက်ကို အကူငွေသွားထည့် မလို့ပေါ့လေ၊ ရှက်စရာကောင်းလိုက်တာတော်၊ ရပ်ကွက်ထဲ မယားငယ်လာထားတဲ့ လူမျိုးကတောင် သုံးသောင်းကူသေးရင် မြနှစ်တို့က သိက္ခာအကျမခံဘူး ငွေငါးသောင်းအခုသွားထူပစ်မယ် "

www.burmeseclassic.com

www.burmeseclassic.com



" ဟော "

ဦးရန်ဝေး ပါးစပ်ဟောင်းလောင်းပွင့်သွားရသည်။ ဒေါ်မြနှစ်က ပိုက်ဆံအိတ်ကြီးကို ယူပြီးအိမ်ထဲမှထွက်သွားလေသည်။ မိုးသီတာဝေးလဲ မယောင်မလည်ဖြင့် သူ့အမေဒေါ်မြနှစ်နောက်မှ လိုက်သွားလေသည်။

အသုဘအိမ်မှာ လူကတော်တော်စုံနေသည်။ ဖိုးဆောင်း၊ ကြက်ဖ၊ ငထွား၊ ရွှေဂဲနှင့် ဦးလူကလေးတို့က ချက်ပြုတ်ကြဖြင့် အလုပ်ရှုပ်နေကြသည်။ ကိုကျော်ဝေက အပြင်ထွက်သွားလိုက်ပြန် ဝင်လာလိုက်ဖြင့် ဘာတွေဘယ်လိုစီမံနေသည်မသိ၊ အေးအေးငြိမ်းတို့ မိန်းကလေးတသိုက်က ယပ်တောင်များမှာ စာရွက်ကလေးများ ကပ်နေကြသည်။ ရဲစွမ်းနိုင်နှင့် နန္ဒတို့မှာလဲ ဟိုလိုလိုသည်လိုလိုဖြင့် အကွက်ချောင်းနေကြ၏။ အသုဘရှင် အောင်မောင်းက အရက်ခိုးရီဝေသော မျက်နှာဖြင့် အိမ်ဝမှာထိုင်ပြီး ဧည့်သည်များကို နှုတ်ဆက်နေသည်။ မွေးနီနှင့် မဲလုံးတို့က အောင်မောင်းကိုတိုးလိုက် ခွေ့လိုက်ဖြင့် အားပေးနှစ်သိမ့်နေသယောင်ပင်။

" အောင်မောင်းရော့ ဒါအကူငွေ ၅သောင်းတော့ "

" ဗျာ "

ဒေါ်မြနှစ်က အားလုံးကြားလောက်အောင် အသံကိုမြှင့်ပြောရင်း ငွေ၅သောင်းကို အောင်မောင်းလက်ထဲထိုးထည့်ပေးလိုက်သည်။ အောင်မောင်းက အကြီးအကျယ်အံ့သြသွားသလို၊ အားလုံးကလဲ ဒေါ်မြနှစ်ကို တခြားကမ္ဘာဂြိုဟ်က သတ္တဝါတစ်ကောင်လို ဝိုင်းကြည့်လိုက်ကြသည်။ နန္ဒက ရဲစွမ်းနိုင်ကို တိုးတိုးအေးကပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



" ရဲစွမ်းနိုင် မင်းတို့အိမ်ကကော ဘယ်လောက်ကူသေးလဲ "

" မကူရသေးဘူးထင်တယ်၊ အိမ်ပြန်ပြီး အမေ့ကိုသွားပြောဦးမယ် "

" ရဲစွမ်းနိုင်ထထွက်သွားသည်။ အိမ်ထဲကို လှမ်းဝင်သည်နှင့် ခွေးဖြူမက ဟောင်သံပေးပြီး နှုတ်ဆက်သည်။ ဒေါ်တင်တင်ကြီးက ငွေစက္ကူတစ်ထပ်ကို အပြန်ပြန်အလှန်လှန် စစ်ဆေးရေတွက်နေသည်။

" အမေ သူများတွေက အပြိုင်အဆိုင်ကူနေကြပြီဗျ "

" ဘာကို အပြိုင်အဆိုင်ကူနေကြတာတုန်းဟဲ့ "

" ကိုအောင်မောင်း မိန်းမ မမိပိုဆုံးတာကို ကူနေကြတာလေဗျာ၊ ဟို ကုမ္ပဏီပိုင်ရှင်က သုံးသောင်းဒေါ်မြနှစ်ကြီးက ငါးသောင်း ကျွန်တော့်ရှေ့မှာတင်ကူနေတာတွေ့ခဲ့တယ် "

ရဲစွမ်းနိုင်စကားကိုကြားသည်နှင့် ဒေါ်တင်တင်ကြီးမျက်နှာမှာဝင်းလက်သွားသည်။

" ဟေ . . . ဒါဆို အောင်မောင်းတော့ တော်တော်အဆင်ပြေနေမှာပဲ၊ အခုနေရစရာရှိတာလေး သွားတောင်းထားမှပဲ "

" ဟာဗျာ . . . အမေ့ဟာလဲ မဟုတ်သေးပါဘူး "

ရဲစွမ်းနိုင်တော်တော်စိတ်ပျက်သွားမိသည်။ ပြောမိသည့်ပါးစပ်ကိုပင် ပိတ်ပိတ်ရိုက်ပစ်ချင်မိတော့သည်။ မည်သို့ဆိုစေ ဒေါ်တင်တင်ကြီးကတော့ အသုဘအိမ်ကို ချီတက်သွားလေပြီ။ အောင်မောင်းက ဒေါ်တင်တင်ကြီးကိုမြင်သည်နှင့် ထထကြွကြွပင်စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



" အတော်ပဲဗျာ အခုတင်ပဲ ဒေါ်လေးကို သတိရနေတာ၊ ကျွန်တော့်မိန်းမဘဝကူးကောင်းအောင် သူယူထားတဲ့ အကြွေးလာဆပ်မလို့ဗျ "

" ရပါတယ် မောင်အောင်မောင်းရယ် မီဗိုယူထားတာက သုံးထောင်ပဲရှိတာပါ၊ အတိုးနဲ့ဆိုတော့ သုံးထောင့်ရှစ်ရာပေါ့နော် "

ကြားလားဆိုသည့် သဘောဖြင့် ဦးလှကလေးက ရွှေဂဲကို မျက်လုံးဝင့်ပြလိုက်သည်။ ဒါမျိုးတော့ ရွှေဂဲက ငြိမ်မနေတတ်ပါဘူး။

" အောင်မောင်းရာ မင်းဆပ်နေစရာ မလိုပါဘူး၊ သူ့ဖာသာ မီဗိုနောက်လိုက်တောင်းလဲရတာပဲဟာ "

" ဟဲ့ သေနာကောင် နင်ဘာစကားပြောတာလဲ၊ နင့်လိုဆိုက္ကားသမားကလေကချေကများ "

" တင်တင်ကြီး အသုဘအိမ်နော် သတိထားဦး "

ဦးလှကလေးက ဟန့်လိုက်မှ ဒေါ်တင်တင်ကြီးဗျစ်တောက်ဗျစ်တောက် ပြောရင်းလှည့်ပြန်သွားတော့သည်။ မွှေးနီနှင့် မဲလုံးတို့က ဒေါ်တင်တင်ကြီးကို လှမ်းဟောင်နေကြ၍ အောင်မောင်းက တစ်ချက်ငေါက်လိုက်ရသေးသည်။

" တူဝေ ဝေ ဝေ "

" အု ဝူး ဝူး "

ကြက်ဖနှင့် ဖိုးဆောင်းတို့က ကြေးစည်ကို ရိုက်လိုက်ကြသည်။ ရွှေဂဲက ရေအိုးကိုရိုက်ခွဲလိုက်သည်။ ကိုကျော်ဒီ ငှားလာသော အသုဘပို့ဆောင်ရန် ယာဉ်သုံးစီးက အိမ်ရှေ့မှာ ထိုးရပ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယာဉ်ထက်မှာ ရပ်ကွက်ထဲမှ လူများရောက်နေကြလေပြီ။ ရပ်ကွက်ထဲက လူများထဲမှာ ဒေါ်သူဇာနွယ်နှင့် သူ့သမီးစုလေးနွယ်ကိုပါတွေ့လိုက်ရသည်။ အားလုံးက တရင်းတနှီးဖော်ဖော်ရွေရွေ ဆက်ဆံနေကြသည်ကိုတွေ့ရသည်။

ကားတစ်စင်းထက်သို့ မွေးနီနှင့် မဲလုံးတို့ပြေးတက်သွားကြသည်။ မည်သူမျှမောင်းမချကြပါ။ သူတို့လဲ အသုဘပို့ကြမည့်သဘော။ အောင်မောင်းကတော့ အဆက်မပြတ်စီးကျနေသောမျက်ရည်များကို သူ့အကျီလက်ဖြင့်တို့ တို့သုတ်ရင်း အနီးမှကိုကျော်ဝေကိုတိုင်တည်ကာ တဖွဖွပြောနေတော့သည်။

" ကျွန်တော့် မိန်းမလေး အသေလှပါတယ်ဗျာ "

ကျည်စုသုသာန်ခရီးကား တော်တော်ဝေးပြီး ချောင်ကျလှသည်။ သုသာန်မှာ မိပိုအလောင်းကို ဆေးရုံကကြိုပို့ပေးထားသည်။ သုသာန်ဇရပ်သို့ရောက်သည်နှင့် မွေးနီနှင့် မဲလုံးတို့က လူတွေကိုတိုးဝှေ့ပြီးပြေးဆင်း၏။ မိပိုအလောင်းအနီးကိုသွားပြီး ဆွဲဆွဲငင်ငင်အူကြလေတော့သည်။ မကြာခင်မှာပင် ရွှေဂဲ၊ ဖိုးဆောင်း၊ ကြက်ဖနှင့် ငထွားတို့က မိပိုအလောင်းကို မယူလိုက်ကြပြီး မီးသင်္ဂြိုဟ်စက်ဆီကိုယူဆောင်သွားကြလေသည်။

ဘဝတစ်ခုကား မီးခိုးခေါင်းတိုင်မှ မီးခိုးများအဖြစ်ပြောင်းသွားရှာလေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com



" ကွယ်လွန်သူ မိပိုကိုရည်စူး၍ လှူဒါန်းပါသည် "

ထိုစာတန်းရေးထားသော ဂျပ်စက္ကူလေးကိုကြည့်ပြီး အောင်မောင်းမှာ ပီတိကြောင့်လား လွမ်းဆွတ်မှုကြောင့်လားမသိ နီမြန်းနေသော အရက်ခိုးထ မျက်လုံးများက ချက်ချင်းပင် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလာသည်။ အောင်မောင်းလက်ထဲမှ ဂျပ်စက္ကူကို ဦးလူကလေးက ဆွဲယူကြည့်ပြီးခေါင်းခါသည်။ ကိုကျော်ဝေက သူကိုယ်တိုင်ရေးပေးထားသည်မို့ ဘာမှားသလဲ သိချင်သွားမိသည်။

" ဘာမှားတာတွေ့လို့လဲ ဦးလေးရဲ့ "

" မောင်ကျော်ဝေရေးပေးတာမှားလို့ မဟုတ်ပါဘူး မပြည့်စုံလို့ပါ "

" ဗျာ "

ရုတ်တရက်မို့ ကိုကျော်ဝေလဲ ကြောင်အမ်းအမ်းဖြစ်သွားရသည်။ ဦးလူကလေးက တစ်ချက်ပြုံးလိုက်ပြီး စကားကိုခပ်လေးလေးပြောသည်။

" ကွယ်လွန်သူမိပိုနှင့် ရင်သွေးလေးကိုရည်စူးပြီး ဆိုရင်ပိုပြည့်စုံမယ်ထင်တယ် "

" ဟာ ဟုတ်တယ် ဦးလေးရာ အဲ့ဒီအချက်ကို ကျွန်တော်လုံးဝမေ့နေတယ်၊ အခုချက်ချင်းပြန်ပြင်ရေးမယ်ဗျာ "

www.burmeseclassic.com

www.burmeseclassic.com



ဂျပ်စက္ကူနောက်တစ်ရွက်ကိုယူပြီး ကိုကျော်ဝေကဆော့ဖ် ပင်နှင့် အဝိုင်းပေါက်နှင့် အလုပ်များသွားသည်။ ဆိုက္ကားဂိတ်က ပဒေသာပင်တစ်ခု၊ အောင်မောင်းက ပဒေသာပင်တစ်ခုမို့ဒီနှစ် တော့ တော်တော်မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားလေပြီ။ ရွှေဂဲက ခပ် သောသော စကားတစ်ခွန်းဆိုလာသည်။

" အသုဘပို့တဲ့နေ့က ဦးလေးသတိထားမိလား "

" ဘာကိုလဲ "

" စုလေးနွယ်ဆိုတဲ့ ကောင်မလေးရဲ့ ဗိုက်ကိုလေ "

" ဟော . . . ဘာဖြစ်လို့လဲ သတိမထားမိပါဘူး "

ကိုယ့်အလုပ်နှင့် ကိုယ်ရှုပ်နေကြသည်မို့ ဘယ်သူမှ သတိ မထားမိ၊ ရွှေဂဲပြောတော့မှ အားလုံးစိတ်ဝင်စားသွားကြသည်။ ဖိုး ဆောင်းက အားလုံးကိုယ်စားရွှေဂဲကိုမေးသည်။

" စုလေးနွယ် ဗိုက်က ဘာဖြစ်နေလို့လဲ "

" ပူပူဖောင်းဖောင်းလေး ဖြစ်နေပြီကွ "

ရွှေဂဲအဖြေကြောင့် အားလုံးအံ့သြသွားကြသည်။ စုလေး နွယ် ကိုယ်ဝန်ရှိနေပြီဆိုတဲ့ ပြဿနာတရပ်က သူတို့အားလုံးအ တွက် အရေးထားဆွေးနွေးစရာ ကိစ္စတစ်ခုလိုဖြစ်သွားသည်။

" ဒါဆိုရင် ဟိုကုမ္ပဏီပိုင်ရှင်က တရားဝင်တာဝန်ယူမယ် ဆိုတဲ့သဘောလား "

ကိုကျော်ဝေက တွေးတွေးဆဆပြောသည်။ ကိုကျော်ဝေ့ စကားကို ဦးလူကလေးကဆက်သည်။

" ပေါ်ပေါ်တင်တင်တာဝန်ယူနိုင်လို့ သားသမီးယူတာ ဖြစ်မှာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



" မယားကြီးက ပြဿနာတွေဘာတွေ လာမရှာတာတော့ အံ့ဩစရာပဲ "

ဖိုးဆောင်းကလဲ သူတွေးမိသလိုပြောသည်။ ငထွားကလဲ သူ့ယူဆချက်ကို ဖြည့်စွက်လိုက်သေးသည်။

" မယားကြီးက မသိလို့ဖြစ်မှာပေါ့ "

အောင်မောင်းက စီးကျလာသော မျက်ရည်များကိုသုတ်ရင်း ရှိုက်နေသည်။ အောင်မောင်းကို ဝိုင်းကြည့်လိုက်ကြတော့ အောင်မောင်းက အဝေးကိုငေးရင်းပြောသည်။

" မိပို မသေခင်က ပြောသွားဖူးတယ် စုလေးနွယ်နဲ့ကုမ္ပဏီပိုင်ရှင် အခုလိုနေကြတာကို ကုမ္ပဏီပိုင်ရှင်ရဲ့ မယားကြီးက သိတယ်တဲ့၊ သူ့မှာသားသမီးမရနိုင်တာက တစ်ကြောင်း၊ မကောင်းတဲ့ မိန်းမတွေနဲ့ရှုပ်ရင် မလိုလားအပ်တဲ့ရောဂါတွေ သူ့ယောကျ်ားမှာ ရလာနိုင်တာက တစ်ကြောင်းမို့ ကျေကျေနပ်နပ်ခွင့်ပြုထားတာလို့ ဒေါ်သူဇာနွယ်က မိပိုကိုတစ်ခါက ပြောဖူးသတဲ့လေ "

အားလုံး ဘာထင်မြင်ချက်မှ ဆက်မပေးနိုင်အောင် ဖြစ်သွားကြရသည်။ မိပိုသာအသက်ဆက်ရှင်နေသေးလျှင် စုလေးနွယ်မွေးလာမည့်ကလေးအတွက် ဘယ်သူတွေက ဘယ်လိုဘယ်လောက်တာဝန်ယူမည်ဆိုသည်ကို သိကြရမှာမလွဲပင်။ အောင်မောင်းက ဝေဒနာတစ်ရပ်ကို မခံစားနိုင်တော့သည့်အလား မည်သူ့ကိုဘာမျှမပြောပဲ ဆိုက်ကားဂိတ်မှ ထထွက်သွားသည်။ ဦးလူကလေးကတော့ လှမ်း သတိပေးလိုက်သေးသည်။

" အောင်မောင်း မင်းစွတ်သောက်မနေနဲ့ဦးနော် "

" ဟုတ်ကဲ့ပါ ဦးလေးရယ် "

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းလှမ်းထွက်သွားသလို မွှေးနီနှင့်မဲလုံးကလဲ အမြီးတွေ တလှုပ်လှုပ်ဖြင့်နောက်မှ ပြေးလိုက်သွားကြလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ဗိုး . . . ပြဿနာကတော့စပြီ "

ကြက်ဖက လက်ဖက်ရည်ဆိုင်ထဲကို လှမ်းဝင်လာရင်း ညည်းညည်းညူညူပြောသည်။ ဦးလူကလေးက ဘာလဲဆိုသည့် သဘောဖြင့် မေးငေါ့ပြီးမေးသည်။ ကြက်ဖက ရေနွေးကြမ်းတစ်ခွက်ကို မှုတ်သောက်ရင်းပြောပြသည်။

" ညက ဦးလေးတို့ မကြားလိုက်ဖူးလား ဒေါ်တင်တင်ကြီးအိမ်ကခွေးက လမ်းထဲမှာဆော့နေတဲ့ ဦးအောင်မင်းသားလေးကို ကိုက်လိုက်လို့လေ "

" ဟုတ်လား၊ အဲ့ဒီ ခွေးဖြူမနဲ့တော့ ဒုက္ခပါပဲဗျာ . . . လွန်ခဲ့တဲ့သုံးလေးရက်လောက်တုန်းက အမေ့ကိုလိုက်ဆွဲလို့ဗျ "

ကိုကျော်ဝေကလဲ ကြက်ဖပြောမှ သတိတရဝင်ပြောသည်။ ဦးလူကလေးကလဲ သူတွေ့တာမြင်တာကို ရယ်ရွှန်းပတ်ရွှန်းစကားဆိုသည်။

" အဲ့ဒီ ခွေးဖြူမ ဆိုးမဆိုးတော့မသိဘူး၊ တညခင်းက မွေးနီနဲ့ခွေးဖြူမ ကြည်ကြည်ဖြူဖြူ အပေးအယူမျှနေတာကိုတွေ့လို့ တင်တင်ကြီးကိုတောင် မနေ့ကဝင်နောက်လိုက်သေးတယ် "

ဦးလူကလေးက ဒေါ်တင်တင်ကြီး ဆွေ့ဆွေ့ခုန်သွားပုံကို သတိရပြီးပြုံးမိသည်။ ဦးလူကလေးကလဲ ပါးစပ်ထဲသားလာလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ ချမ်းသာပေးသူမဟုတ်။

" ဟဲ့ တင်တင်ကြီးရဲ့ငါမသိလို့ မေးစမ်းပါရစေဦး၊ နင့်ခွေးဖြူမက ဘာအမျိုးနဲ့ ဘာအမျိုးစပ်ကျတယ်ဆိုတာ တစ်ခါပြောဖူးတယ်နော် "

" အဟင်း ဟင်း ဟင်း ရှယ်လီဖြူကိုမေးတာလား၊ သူက အယ်လ်ဇေးရှင်းနဲ့ ဒိုဘာမင်စပ်ကျတာလေ ကိုလူလေးရဲ့၊ ပုံစံကိုကြည့်ပါလား ဗမာခွေးတွေနဲ့မှ မတူတာ "

ဒေါ်တင်တင်ကြီးက အကောင်းမေးသည်မှတ်ပြီး တရိုးတကိုး ရှင်းပြသည်။ ဦးလူကလေး စကားလမ်းကြောင်းတည်သည်ကတခြား။

" နေ့ခင်းကျ ကြိုးချည်ထားပြီး ညခင်းကျလွှတ်ထားတာလား "

" လွှတ်ထားတာပေါ့၊ သူခိုးသူဝှက်ရန်က ရှိတော့ သူ့ကိုလွှတ်ထားရင် ခြံလုံတယ်လေ "

ဦးလူကလေးက သေချာအောင်မေးပြီးမှ ခေါင်းကိုတချက်ညိတ်လိုက်သည်။

" ဒါထက် ဒီလက ဘာလလဲဟ "

" တော်သလင်းလ ရောက်ပြီလေ၊ ဒါလေးတောင် မသိတော့ဘူးလား "

" ဒါဆိုသေချာပါပြီ မနေ့ညက မွေးနီဆိုတဲ့ ဆိတ္တာလိုက်ကခွေးနဲ့ နင့်ခွေးဖြူမ ဟဲ ဟဲ "

ဦးလူကလေးက အပိုင်ချီပြောပြီး ထထွက်သွားခဲ့သည်။ ဒေါ်တင်တင်ကြီးခမျာ ယမ်းပုံမီးကျဖြစ်ပြီး ကျိန်ဆဲချွန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြက်ဖက ရေနွေးသီးသွားအောင်ရယ်သည်။

" ဖွီး ဦးလေးပြောပုံ အတိုင်းဆို ဘာအမျိုးမှန်းမသိရတော့တဲ့ ခွေးမျိုးတမျိုး ကျွန်တော်တို့ရပ်ကွက်ထဲမှာ ပေါက်ဖွားလာဦးမယ့်သဘောပေါ့နော် "

ရယ်စရာမောစရာပြောနေကြရင်း မွေးနီတို့မည်းလုံးတို့အကြောင်းမှ အောင်မောင်းအကြောင်းရောက်သွားလေသည်။ ကိုကျော်ဝေရဲ့ အသံက ကရုဏာသံပါနေသည်။

" မိပိုသေပြီးကတည်းက အောင်မောင်းတစ်ယောက်လဲ မိုးမလင်းစွတ်သောက်နေတော့တာပဲနော် "

" အေးကွာ ငါလဲကြုံရင်တော့ ကြုံသလိုပြောတာပါပဲ၊ ခက်တာက သံယောဇဉ်အရသာပြောလို့ရမှာပေါ့ ဆွေမတော်မျိုးမတော်ဆိုတော့ ဆုံးမဖို့ဆိုတာလဲ အခက်သားကိုး "

ဦးလူကလေးက ပြောပြီးသက်ပြင်းချသည်။ ရွှေဂဲလက်ဖက်ရည်ဆိုင်ထဲကိုဝင်လာသည်။ ရွှေဂဲနှင့်အတူ သတင်းတစ်ခုပါလာသည်။ တိုက်တိုက်ဆိုင်ဆိုင် အောင်မောင်းသတင်းဖြစ်နေသည်။

" အောင်မောင်း တစ်ယောက်တော့ လမ်းဆုံးတော့မယ်ထင်ပါရဲ့ဗျာ "

" ဟေ. . . အောင်မောင်း ဘာဖြစ်လို့လဲ "

ကြက်ဖက ရွှေဂဲကိုစိုးရိမ်တကြီးမေးလိုက်သည်။ ရွှေဂဲက စိတ်မကောင်းကြီးစွာ ခေါင်းကိုခါရမ်းရင်းပြောသည်။

" မဖြစ်သင့်တဲ့ ကိစ္စပါဗျာ၊ အောင်မောင်းက ဒေါ်ငွေတင်ကြီးဆီမှာ အိမ်ပေါင်ထားသတဲ့ "

အားလုံး စိတ်မသက်မသာဖြင့် စကားသတိတ်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုမနက်က ဘာစကားမှ သိပ်မပြောဖြစ်ကြတော့ပဲ လက်ဖက်ရည်ဝိုင်းက လူစုကွဲသွားသည်။ သည်ပုံအတိုင်းဆိုလျှင် အောင်မောင်းတော့ ဘဝပျက်စပြုနေလေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းတွေက ရောင်စုံ၊ ကြာကန်ကြီးက ပန်းချီကားတစ် ချပ်လိုလှနေသည်။ ကြာကန်ကြီးရဲ့ အလှကိုမေ့လျော့နေသူ နှစ်ဦး ကတော့ ပိန္နဲပင်ကြီးအောက်မှာ အသက်ပင်ရှူမိမှန်းမသိကြ၊ ရင် ခုန်သံတို့ ကူးလူးထွေးယှက်နေသည်။ ရဲစွမ်းနိုင်ရဲ့ နွယ်ရှင်လက်များ ကို အတန်ငယ်တွန်းဖယ်ရုန်းထွက်ရင်း အေးအေးငြိမ်းက သက်ပြင်း နုနုလေးချကာမေးသည်။

" မောင့် မေမေကမောင်နဲ့ ငြိမ်းကို သဘောမတူရင် ဘယ် လိုလုပ်ကြမလဲဟင် "

" အဲ့ဒါတွေကို မေ့ထားလိုက်စမ်းပါငြိမ်းရာ "

" မေ့ထားလို့ မရဘူးမောင်၊ မောင်နဲ့အခုလိုတွေ့ရတဲ့ အခါ တိုင်း ငြိမ်းစိတ်ထဲမှာ အဲ့ဒီကိစ္စကြီးက အမြဲတမ်းခြောက်လှန့်နေ တယ် "

ရဲစွမ်းနိုင်က ပေါ့ပေါ့ပါးပါးလေးရယ်ရင်း အေးအေးငြိမ်း ရဲ့ပါးပြင်မို့မို့ဖောင်းဖောင်းလေးကို မနာအောင်ဆွဲလိမ်လိုက်သည် ပြီးမှ နှစ်သိမ့်သလိုပြောသည်။

" ငြိမ်းရယ် လက်ထပ်ကြဖို့ဆိုတာ အဝေးကြီးရှိသေးတဲ့ ဟာကို "

" ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ "

www.burmeseclassic.com

www.burmeseclassic.com



အေးအေးငြိမ်းက နှုတ်ခမ်းလေးကို စူထားလိုက်သည်။ ရဲ စွမ်းနိုင်က ပိုပြီးတင်းတင်းကျပ်ကျပ် ဖက်ထားလိုက်သည်။ အောင် မောင်းတစ်ယောက် မွှေးနီနှင့်မဲလုံးတို့ကို အဖော်ပြုပြီး ယိုင်ထိုးနေ သောခြေလှမ်းများဖြင့် ကန်ဘောင်ရိုးအတိုင်း လမ်းလျှောက်လာ သည်။

" ဖယ်ဦး၊ ဟိုမှာ ကိုအောင်မောင်းကြီးလာနေတယ် "

" သူ့ဟာသာလာတာ ဘာဖြစ်လဲ၊ သူက သူ့လမ်းကိုသူ တောင် မနည်းစမ်းကဝါးဝါးလျှောက်နေရတာ "

ရဲစွမ်းနိုင်က အရေးမစိုက်သလိုပြောလိုက်သည်။ အောင် မောင်းက ရဲစွမ်းနိုင်ကို လှမ်းမြင်လိုက်တော့မှ သတိရသွားသည်။ ဒေါ်တင်တင်ကြီးဆီကို အိမ်ပေါင်တာ သုံးသိန်း၊ တစ်သိန်းခွဲပဲယူ ထားရသေးသည်။ ကျန်တစ်သိန်းခွဲကို ဒီရက်မှာပေးမည်ဟုဆို သည်၊ ထိုတစ်သိန်းခွဲရလျှင် နယ်ကိုပြန်မည်ဟု စဉ်းစားထားသည်။ အလုပ်ကတော့ ဘာလုပ်ရမည်မသိသေး၊ ဒေါ်တင်တင်ကြီးတို့ အိမ် ဘက်သို့ ခြေဦးလှည့်လိုက်သည်။

ဒေါ်တင်တင်ကြီးတို့ အိမ်ထဲကိုလှမ်းဝင်တော့ မွှေးနီကမြူး သွားသည်။ အောင်မောင်းပင် အိမ်ထဲကို မဝင်ရသေး၊ မွှေးနီက သူ့ချစ်မြတ်နိုးရသော ရှယ်လီဖြူခေါ် ခွေးဖြူမကို လျှာဖြင့်သွားလျက် သည်။ ဒေါ်တင်တင်ကြီးက တံမြက်စည်းလှည်းနေရာမှ လှမ်းမြင် ပြီး တံမြက်စည်းဖြင့် မွှေးနီကိုလှမ်းပစ်လိုက်သည်။ မွှေးနီက တကိန့် ကိန့်အော်ပြီး ထထွက်ပြေးသွားသည်။ အောင်မောင်းက ဒေါ်သ ထွက်လာကာ လွှတ်ခနဲပိတ်ပြောပစ်လိုက်မိသည်။

" ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲ ဒေါ်တင်တင်ကြီး "

www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုလုပ်ရမှာလဲ ငါ့ခွေးအကောင်းစားကို ကျက်သရေမရှိတဲ့ လမ်းဘေးကခွေးလေခွေးလွင့်က ရာရာစစလာလုပ်တာကိုးဟဲ့ "

" ခင်ဗျား အဆင့်အတန်းမခွဲပါနဲ့၊ ခင်ဗျားသားတောင်ဖိုးဆောင်းညီမကို ချစ်သေးကြိုက်သေးတာပဲ "

ဆိုင်တာမဆိုင်တာကိုတော့ မသိ၊ အောင်မောင်းက လောလောလတ်လတ်မြင်လာခဲ့သည်မို့ စွတ်ပြောမိခြင်းဖြစ်သည်။ ဒေါ်တင်တင်ကြီးကလဲ အနာပေါ်တုတ်ကျသလို ဖြစ်သွားသည်။

" အဲ့ဒီစကားကို နင်ဘာအထောက်အထားနဲ့ ပြောတာလဲ "

" အထောက်အထား ဟုတ်လား၊ အခုပဲ ကျုပ်ကန်ဘောင်ပေါ်မှာ ခင်ဗျားသားက ဖိုးဆောင်းညီမကို ပွေ့နေဖက်နေတာတွေ့ခဲ့သေးတာ၊ ခင်ဗျား မယုံရင်သွားကြည့် "

အောင်မောင်းစကားကျွံသွားမှန်း ချက်ချင်းသိလိုက်ပါသည်။ သို့သော်နောက်ကျသွားလေပြီ။ ဒေါ်တင်တင်ကြီးက ထမီကို လက်နှစ်ဘက်ဖြင့် စုံမပြီး ကြာကန်ဘက်ကို ထွက်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ကျော်လောက်ကြာသည် အထိပင် ဒေါ်တင်တင်ကြီးရဲက ခက်ထန်ရိုင်းပျပုံကို ပြောမဆုံးအောင် ရှိနေကြသည်။ ဆိုက္ကားဂိတ်မှာ ကိုကျော်ဝေက ဒေါ်တင်တင်ကြီးအကြောင်း ဖိုးဆောင်း ဆိုက္ကားထွက်သွားချိန်မှာ ကျန်သူများကိုပြောဖြစ်သည်။ ထိုစဉ်ကတော့ ပြဿနာက ဝေ့ဝဲပြီး သူ့ရင်ဝကိုလာဆောင့်မည်ဟု ကိုကျော်ဝေလုံးဝမသိ။

" ဒီလိုကိစ္စမျိုးဆိုတာ တတ်နိုင်သလောက် ကိုယ့်သားသမီးကိုယ် တိုးတိုးတိတ်တိတ်ဆုံးမရမှာ၊ ဒေါ်တင်တင်ကြီးလုပ်ပုံက တစ်ဖက်စောင်းနင်းနိုင်လွန်းတယ်၊ ဖိုးဆောင်းတို့ မိသားစုကလဲ ရိုးလို့ အေးလို့သာပေါ့ မဟုတ်ရင် တုတ်တပြက်ဓားတပြက်ဖြစ်ကုန်နိုင်တယ် "

" ဖိုးဆောင်းနေရာမှာ ကျွန်တော်သာဆို အဲ့ဒီဒေါ်ငွေတိုးတို အစိမ်းလိုက်ဝါးစားပစ်တယ် "

ကြက်ဖက တကယ်ပင်ဒေါသတကြီးဝင်ပြောသည်။ ရွှေဂဲ တနောက်သည်။

" ပြုတ်ကျော်လေး လုပ်စားတော့ တစ်နပ်နှစ်နပ်စားရတာပေါ့ "

" အဲ့ဒီနေ့က ဖိုးဆောင်းညီမအေးအေးငြိမ်းကိုပဲ ဖိုးဆောင်းတို့ သားအမိက ဖိဆူကြငေါက်ကြတော့ ကောင်မလေးခမျာ ရှက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်သောက်မယ် လုပ်သေးတာ အဆိပ်ရှာလို့ အလွယ်တကူ မရလို့သာ ကံကောင်းတာလေ ”

ငထွားက သူကိုယ်တိုင်ဖိုးဆောင်းကို ဝင်ဆွဲခဲ့ ထိန်းခဲ့ရသည်မို့ သတင်းအချက်အလက်ကို လိုအပ်သည်ထက် ပိုအသေးစိတ်ပြောနေသေးသည်။ ရွှေဂဲက နည်းနည်းပိုလွန်းသည်ဟု ထင်သွားပုံရသည်။

“ ကောင်မလေးကို မင်းက အသေအချာညွှန်ပြလိုက်ရမှာကွ၊ ဦးလူကလေးတို့ ကုန်စုံဆိုင်မှာ ကြွက်သတ်ဆေးရောင်းတဲ့အကြောင်းလေ ”

“ အဲ့ဒီနေ့က ရဲစွမ်းနိုင်ဆိုတဲ့ချာတိတ်ကကော သူ့အမေသူ့ဘာမှမပြောဘူးလား ”

ကိုကျော်ဝေက သိချင်စိတ်ကဲပြီး ငထွားတို့တစ်တွေကို မေးလိုက်သည်။ ငထွားက လက်ကိုခါပြပြီး မျက်နှာကိုရှုံ့မဲ့ပြောသည်။

“ အလကားချာတိတ်ပါ ဆရာလေးရာ၊ ကိုယ့်ချစ်သူအိမ်ရှေ့မှာ ကိုယ့်မအေက ဒီလောက်နိုင်လိုမင်းတက်လုပ်နေတာကို သူက မသိချင်ယောင်ဆောင်ပြီး ကိုယ်ယောင်ဖျောက်နေတဲ့ကောင် ”

ယခင်ကတည်းကမှ အိမ်ထဲက အိမ်ပြင်ထွက်ခဲလှသော အေးအေးငြိမ်းခမျာ အခုတော့ အရပ်ထဲမှာမျက်နှာမဖော်ရဲရှာတော့။ စကားဝိုင်းမှာ အတွေးကိုယ်စီဖြင့်ပြန်လည်အေးစက်သွားသည်။ အဲ့ဒီအချိန်မှာပဲ အောင်မောင်းတစ်ယောက် မွေးနီနှင့်လုံးတို့ ခြံရံလျက် ဃိုင်နဲ့သောခြေလှမ်းများဖြင့် ဆိုက္ကားဂိတ်ဒီကိုလှမ်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



" အောင်မောင်းတစ်ယောက်လဲ ဒုက္ခပါပဲ၊ ဘာအလုပ်မှ မလုပ်တော့ဘဲ သေအောင်သောက်နေတော့မယ်ထင်တယ် "

ရွှေဂဲက ကရုဏာဒေါသောလေသံဖြင့် ဝေဖန်သလိုပြောသည်။ အောင်မောင်းက မည်သူ့ကိုမှ အမှုမထား၊ ကိုကျော်ဝေကို မျက်ရိပ်ပြပြီး အပြင်ကိုခေါ်ထုတ်သွားသည်။

" ဆရာလေးကိုကျော်ဝေ ခဏဗျာ "

ဆိုက္ကားဂိတ်နှင့် မါတ်တိုင်တစ်တိုင် အကွာအဝေးလောက် ရောက်သည်အထိ အောင်မောင်းကဘာမှ မပြောသေး၊ အနီးဝန်းကျင်မှာ လူရိပ်လူခြည်မရှိတာကို သတိထားကြည့်လိုက်ပြီးတော့မှ အထူးလျှို့ဝှက်သော လေသံဖြင့်ခပ်တိုးတိုးပြောသည်။

" ကိုကျော်ဝေ ခင်ဗျားချစ်သူ မိုးသီတာဝေး ကျုပ်အိမ်မှာ ရောက်နေတယ် "

အောင်မောင်းရဲ့ စကားကြောင့် ရုတ်ချည်းပင် ကိုကျော်ဝေခေါင်းနပန်းကြီးသွားသည်။ ကိုကျော်ဝေက အောင်မောင်းပုခုံးကို ခပ်ကြမ်းကြမ်းကိုင်လှုပ်ရင်းမေးလိုက်သည်။

" ဟော့ကောင် အောင်မောင်း ဝေးက မင်းအိမ်ကိုဘာကိစ္စ ရောက်နေရတာလဲ "

" တမျိုးမထင်ပါနဲ့ ဆရာလေးရယ်၊ ကျွန်တော့်ကြောင့် ချစ်သူနှစ်ယောက်ကွေကွင်း သွားရပြီးပြီလေ၊ နောက်ထပ် ချစ်သူတွေ မကွေကွင်းရအောင် ကျွန်တော်ကူညီတာပါ၊ ဟိုရောက်ရင် အကြောင်းစုံသိရမှာပေါ့ ဆရာလေး ကျွန်တော့်အိမ်ကို မဖြစ်မနေ သွားလိုက်ပါနော်၊ ကျွန်တော် အနူးအညွတ်တောင်းပန်နေတာပါ ဗျာ "

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဝေမှာ စိုးရိမ်စိတ်များမွန်ထူလာပြီး အောင်မောင်းအိမ်ရှိရာဆီကို ခြေလှမ်းကျဲကြီးများဖြင့် လှမ်းထွက်သွားလေတော့သည်။ အောင်မောင်း ဘာတွေလျှောက်လုပ်ထားတာလဲ၊ မိုးသီတာဝေးကကော ဘာကြောင့်အောင်မောင်းအိမ်လို အများအမြင်တိမ်းစောင်းသွားနိုင်သော နေရာကိုရွေးခြယ်ပြီး ရောက်သွားရတာလဲ၊ ကိုကျော်ဝေ ဘာကိုမှနားလည်လို့ မရနိုင်တော့၊ သူ့ဦးခေါင်းမှာ ကျက်ကျက်ဆူအောင် ပူပြင်းနေသည်။

အောင်မောင်းပိုင်ဆိုင်သော မြေစိုက်အိမ်ကျဉ်းကျဉ်းလေးမှာ တံခါးကိုစေ့ပိတ်ရုံပိတ်ထားသည်။ ကိုကျော်ဝေက တံခါးကိုအသာအယာတွန်းဖွင့် ဝင်လိုက်သည်နှင့် ဝါးကြမ်းခင်းလေးထက်မှာ ပုံ့ပုံ့ရို့ရို့ထိုင်နေသော မိုးသီတာဝေးမှာ တစ်ချက်ကလေး ဖျတ်ခနဲလန့်သွားသေးသည်။ ကိုကျော်ဝေမှန်းသိလိုက်တော့မှ အပြုံးရိပ်ရိပ်လေး မျက်နှာထက်မှာ ထင်ဟပ်လာသည်။ သို့သော် ခဏချင်းမှာပင် မိုးသီတာဝေးမျက်နှာလေးမှာ အုံ့မှိုင်းသွားပြန်သည်။

“ ဝေး မင်းဘာတွေလျှောက်လုပ်နေတာလဲ ”

ကိုကျော်ဝေ့ အသံက အေးစက်မာကျောနေသည်။ မိုးသီတာဝေးမှာ ချက်ချင်းပင် ငိုမလိုဖြစ်သွားသည်။

“ လျှောက်လုပ်နေတာ မဟုတ်ဘူး ကိုကို၊ ဝေးကို မေမေကဖွတ်အတင်း ယောက်ျားပေးစားဖို့ စီစဉ်နေပြီ ”

“ ယောက်ျားပေးစားတော့မယ် ဟုတ်လား၊ ဆိုင်းမဆင့်ဗုံမဆင့် ဘယ်သူနဲ့ပေးစားမှာတဲ့လဲ ”

“ ဒေါ်တင်တင်ကြီးသား ရဲစွမ်းနိုင်နဲ့၊ မနေ့ကညနေကပဲ ဒေါ်တင်တင်ကြီးနဲ့ လူကြီးတချို့ အိမ်ကိုစကားလာကြောင်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



သွားကြတယ် ”

ကိုကျော်ဝေ အံ့သြပါသည်။ သို့သော် မတုန်လှုပ်ပါ။ မိုးသီတာဝေးကို မကြည့်ဘဲ သက်ပြင်းခိုးချလိုက်၏။ မိုးသီတာဝေးက ကိုကျော်ဝေရဲ့ လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်လိုက်သည်။

“ ဝေးလေ ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး ”

ကိုကျော်ဝေ ဒုတိယအကြိမ်သက်ပြင်းချမိပြန်ပါသည်။ ပြီးတော့ ခေါင်းကိုသိသိသာသာကြီး ခါရမ်းလိုက်သည်။ ပိုးမျှင်တန်းအလိမ်းလိမ်း ဖုန်မှုန်အမှိုက်သရိုက်တွေ ရှုပ်ပွနေသော အိမ်ကလေးမှာ မိုးသီတာဝေးအတွက် ပိုကျဉ်းသထက်ကျဉ်းလာသလို ခံစားနေရသည်။

“ ဒီလို ကိစ္စမျိုးဆိုတာ လွယ်လွယ်ပေါ့ပေါ့လေး စိတ်လိုက်မာန်ပါ ဆုံးဖြတ်လို့မရဘူးဝေး ”

မိုးသီတာဝေး လုံးဝမျှော်လင့်မထားသော စကားလုံးများ လူကြီးဆန်ပြီး ရင့်ကျက်သည့် စကားသံတွေလို့ သူမမထင်မှတ်နိုင်။ စိမ်းကားတွေဝေသော လျှောက်လဲချက်များလို့သာ သူမမှတ်ထင်မိသည်။ မျက်ဝန်းထဲမှ ပြိုကျလုဆဲဆဲမျက်ရည်များကို သူမအတွင်းနှုတ်ခမ်းသားကို သွားဖွေးဖွေးလေးများဖြင့် ဖိကိုက်ထိန်းရင်း အက်ရှသောအသံဖြင့်ပြောမိသည်။

“ သူတို့က အမြန်ဆုံးစီစဉ်ကြလိမ့်မယ်ကိုကို၊ စဉ်းစားနေဖို့အချိန်မရတော့ဘူး ”

“ ခက်တယ် ဝေးရယ်၊ ဝေးအတွက် ကိုကိုဟာ ဘာမှအဆင့်သင့် မဖြစ်သေးတဲ့သူ၊ ဝေးအိမ်ကိုပြန်ပါ ”

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဝေရဲ့ စကားပင်မဆုံးလိုက်၊ မိုးသီတာဝေးက ဝါးကြမ်းခင်းလေးထက်မှ ဝုန်းကနဲထရပ်လိုက်ပြီး ကိုကျော်ဝေရဲ့ မျက်နှာကို စူးစူးဝါးဝါးတစ်ချက်ကြည့်လိုက်သည်။ ပြီးတော့ မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် ဖိကပ်ပြီးရှိုက်ကြီးတငင် ငိုချလိုက်သည်။ မပီသသော စကားသံများချန်ထားခဲ့ပြီး အိမ်ကလေးထဲမှ ပြေးထွက်သွားလေတော့သည်။

" ရှင်ဟာ သတ္တိမရှိတဲ့လူ၊ အချစ်အပေါ်မှာ တန်ဖိုးမထားတဲ့လူ၊ ချစ်သူတစ်ယောက်အပေါ် မငဲ့ကွက်တဲ့လူ မုန်းတယ်၊ ရှင့်ကို သိပ်မုန်းတယ် "

စွပ်စွဲထိုးနှက်ချက်စကားလုံးအပိုင်းအစများ၊ ချော်ရည်ပေါက်ကွဲ မီးတောင်၊ ဟင်းလင်းရင်ခွင်၊ အသံမဲ့တောင်းပန်တိုးလျှိုးဝေါဟာရများ၊ အားလုံးပြီးဆုံးသွားခဲ့လေပြီလား။ အားလုံးအသစ်စတင်တာလား။ မသိပါ၊ ကိုကျော်ဝေ ဘာဆိုဘာမှ မသိတော့ပါ။

" ဟင် . . . ဆရာလေး ကိုကျော်ဝေ၊ ဟိုကောင်မလေးကောဟင် "

အိမ်ဝင်းတံခါးဝမှာ အောင်မောင်းကို တွေ့လိုက်ရသည်။ ကိုကျော်ဝေက အေးစက်ထုံထိုင်းစွာပင် တိုးလျဖော့ညင်စွာဖြေသည်။

" သူ့ကို အိမ်ပြန်ခိုင်းလိုက်ပြီ အောင်မောင်း "

" ဟာဗျာ . . . ဘာဖြစ်လို့ပြန်လွှတ်လိုက်ရတာလဲဗျာ။ ဦးလေးဦးရန်ဝေးက သူ့မိန်းမကြီးထင်ရာ စွတ်စီစဉ်နေတာကို အားမရလို့ အခုလို ကျွန်တော့်ကို တိုးတိုးတိတ်တိတ် အကူညီတောင်းပြီး ထည့်လွှတ်လိုက်တာဗျ၊ အခုတော့ သွားပါပြီဗျာ၊ လုပ်ရက်ပါ

www.burmeseclassic.com

www.burmeseclassic.com



မေ့ ဆရာလေးကိုကျော်ဝေရယ် ”

ဘာတွေမှန်းမသိ၊ အောင်မောင်း စကားများကိုလဲ မကြားတစ်ချက် ကြားတစ်ချက်။ ခုနေမြေမြို့သွားလျှင်ကောင်းမည်။ ထူးပြီးရှောင်ပုန်းနေစရာမလိုသလို မျက်နှာပူစရာလဲ မလိုတော့ဘူးပေါ့၊ လက်တွေ့မှာတ မိုးကြိုးပစ်ခံလိုက်ရတာပါ။

*

www.burmeseclassic.com

www.burmeseclassic.com



အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆင့်ကာဆင့်ကာ သောက်ရင်း မည်သူ့ကိုမှ စကားမပြောပဲ ဖြစ်နေသောအောင်မောင်းကို အရက်ဆိုင်ရဲ့ ဂျိုးကြီးများက အံ့ဩထူးဆန်းစွာ ကြည့်ငေးနေကြသည်။ အရင်ကဆိုလျှင် အရက်လေး တစ်ခွက်ဝင်သည်နှင့်ပင် အောင်မောင်းက သူ့မိန်းမ မိပိုအကြောင်းကို လွမ်းသံနှော၍ပြီးပြောတတ်နေကျ၊ ကုန်ထမ်းသော၊ ရေစည်လှည်းတွန်းသော၊ ကျပန်းလုပ်ကိုင်စားတတ်ကြသော ကြမ်းကြမ်းတမ်းတမ်းလူများကြားမှာ အောင်မောင်းက အလွမ်းသီချင်းတွေ တစ်ပုဒ်ပြီး တစ်ပုဒ်ဆိုပြနေကြ။

အောင်မောင်းအသားအရေက ပင်ကိုယ်တပင် နီစပ်စပ်၊ မျက်လုံးမျက်ဖန်ကောင်းသည်။ နှာတံထင်းထင်း နှုတ်ခမ်းမွေးတိုနံ့နံ့၊ ယခင်ကတော့ မျက်နှာက အတန်အသင့်ကြည့်ကောင်းသလို၊ ခန္ဓာကိုယ်ကလဲ တောင့်တောင့်တင်းတင်း မိပိုဆုံးပါးသွားပြီး နောက်ပိုင်းကတည်းက အောင်မောင်းရဲ့ ခန္ဓာကိုယ်မှာ ပွယောင်းယောင်းဖြစ်လာသည်။ အရက်က လောင်ကျွမ်းလိုက်လာသည်မို့ တကိုယ်လုံးမီးလောင်ကွက်တွေလို မြင်မကောင်း၊ အောင်မောင်းရဲ့ ဆံပင်များမှာ မဖြီးမသင်တာကြာပြီဖြစ်၍ ရှုပ်ထွေးပွယောင်းနေသည်။

"ဦးရန်ဝေးက သူ့သမီးမိုးသီတာဝေးကို ချစ်တယ်၊ မိုးသီတာဝေးက ဆရာလေးကိုကျော်ဝေကို ချစ်တယ်၊ ဆရာလေးကိုကျော်ဝေကကော သူဘာကိုချစ်တာလဲ "

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်း အရက်တစ်ခွက်ကို မော့သောက်ရင်းစဉ်းစားသည်။ အဖြေကထွက်မလာ၊ အဖြေထွက်မလာ၍ နောက်တစ်ခွက်ထပ်ချလိုက်သည်။ နောက်မေးခွန်းတစ်ခု ထပ်ပေါ်လာသည်။

“ ဖိုးဆောင်းက သူ့ညီမလေး အေးအေးငြိမ်းကိုချစ်တယ်၊ အေးအေးငြိမ်းက ရဲစွမ်းနိုင်ကို ချစ်တယ်၊ ရဲစွမ်းနိုင်ကကော သူဘာကိုချစ်တာလဲ ”

နောက်မေးခွန်းအတွက် ထပ်သောက်သည်။ အဖြေကို စဉ်းစားမရ၍ ထပ်သောက်သည်။ အရက်ဆိုင်သိမ်းတော့မည်။ အောင်မောင်းတော်တော်မူးနေပြီ။ မိပိုစောင့်ကြိုမနေတော့မှန်းသိပါလျက်နှင့် အိမ်ကလေးဆီကို သူပြန်လာရဦးမည်။ ဂီယာထိုးမမှန် စီယာရင်ကိုင်မမှန်သောခြေလှမ်းများဖြင့် ကြာကန်ဘောင်အတိုင်း လျှောက်လာခဲ့သည်။ အပြင်မှာ လမင်းကြီးက ဝင်းဝင်းပပသာနေသည်။

“ ဟား . . . အခုမှသတိရတယ်၊ ဒီညဟာ တန်ဆောင်တိုင် လပြည့်ညပါလား ”

အောင်မောင်းမှာ တော်တော်မူးနေသည့်ကြားမှပင် အမှတ်ရလိုက်မိသေးသည်။ ယခင်ကဆိုလျှင် ဆိုက္ကားဂိတ်မှာ ငထွားတို့အုပ်စုနှင့် ဝိုင်းဖွဲ့သောက်ရင်း သားမေ့မယားမေ့ တဟေးဟေး တဟားဟား၊ ဈေးထဲလှည့်ပြီး အလှူခံရသမျှ သပွတ်ပေါင်းစုံကို ချက်ကြပြုတ်ကြ၊ စားကြသောက်ကြ။ တကယ့်ကို ပျော်စရာကြီး၊ ဒီည ဆိုက္ကားဂိတ်မှာ လူစုပြီးဝိုင်းဖွဲ့ ချက်ပြုတ်နေကြလောက်ပေပြီ။ သူကတော့ သွားချင်စိတ်မရှိ၊ ပျော်ချင်စိတ်လည်း ကုန်ခန်းနေတာကြာပြီ။ လမ်းမှာ ကလေးများတိုယ့်အစုနှင့်ကိုယ် သွားလာနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကလေးတချို့က အောင်မောင်းကိုနှုတ်ဆက်ကြ၏။ ကြာ
ကန်လမ်းအတိုင်း လျှောက်လာရင်း ကိုးတောင်ပြည့်စေတီလေးဆီ
က မီးများလင်းထိန်နေသည်ကို သပ္ပာယ်ကြည်ညိုစွာ ဖူးတွေ့လိုက်
ရသေးသည်။

" ဘုန်းကြီးကျောင်းမှာကော တစ်ညလုံးချက်ပြုတ်စားကြ
သောက်ကြ တရုန်းရုန်းနဲ့ ပျော်နေကြသလား "

လူက မူးလာတာနဲ့အမျှ အတွေးများက ကမောက်ကမ
မှုမမှန်တာကို ကိုယ့်ဖာသာပင်မသိတော့၊ အိမ်ကိုရောက်အောင်
ကိုယ့်ကိုယ်ကို မနည်းကိုရုန်းဆွဲပြီး ပြန်ခဲ့ရသည်။ အိမ်ထဲကိုရောက်
တာနှင့်ပင် ဝါးကြမ်းခင်းလေးထက်မှာ လဲကျအိပ်ပျော်သွားလေ
တော့သည်။

" အာ ဝု ဝူ ဝူး ဝူး "

ဘယ်အချိန် ဘယ်နာရီရယ်လို့တော့မသိ၊ အိမ်ရှေ့က ခွေး
အူသံတစ်ခု ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာပြီးနောက်
တစ်ရပ်ကွက်လုံးရှိခွေးများ ကြောက်မက်ဖွယ်ရာ ဆူညံစွာထွက်ပေါ်
လာသည်။ အမင်္ဂလာခွေးအူသံ၊ အောင်မောင်းရဲ့ အာရုံသိက ချက်
ချင်းနိုးလှန့်လိုက်သည့် အလားပင်၊ အိပ်ရာထက်မှလူးလဲထလိုက်
ပြီး ရေအိုးထဲမှ ရေတစ်ခွက်ကို ကမန်းကတန်းသောက်လိုက်သည်။

" ဗျင်း ဗျင်း ဗျင်း ဗျင်း "

အိမ်တံခါးကို လက်ဖြင့်ကုတ်ခြစ်သံ ခပ်ကြမ်းကြမ်းထွက်
လာ၏။ အိမ်တံခါးကို အောင်မောင်းချက်ချမထား၊ အိမ်ခါးက
ခဏဝင်အတွင်းမှာပင် ပွင့်ထွက်သွားသည်။ အိမ်ထဲကိုစူးစူးလက်
လက်မျက်လုံးအစုံဖြင့် မွှေးနီပြေးဝင်လာသည်။ အောင်မောင်း

www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်ကိုခြစ်ပြီး ဖယောင်းတိုင်ကို ထွန်းလိုက်သည်။ မွေးနီက အောင်မောင်း ခြေရင်းမှာ ပစ်လဲချလိုက်၏။ မွေးနီပါးစပ်က လျှာထွက်နေသည်။ ဝမ်းဗိုက်နှင့် ရင်အုံမှာ ဖားဖိုတစ်ခုလိုနိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ မွေးနီတော်တော်မောနေပုံရသည်။ အပြင်မှာခွေးများက အဆက်မပြတ်အူနေဆဲ။ ညနေခင်းက မွေးနီနှင့် မဲလုံးတို့ အောင်မောင်းနှင့်အတူ အရက်ဆိုင်ကိုလိုက်လာကြသေးသည်။ ဒါဆို မဲလုံးဘယ်မှာလဲ။ အောင်မောင်း အိမ်ထဲမှ ဝုန်းကနဲ ပြေးထွက်သွားသည်။

အရက်ဆိုင်ဘက်ဆီကို အောင်မောင်း ဦးတည်ပြေးသွားနေသည်။ ဘာကြောင့်မှန်းမသိ၊ စိတ်ကခိုင်းသည့်အတိုင်း ခြေထောက်တွေက ပြေးနေသည်။ အောင်မောင်းနှင့် မျက်နှာချင်းဆိုင်မှ ကလေးသုံးလေးယောက် ပြေးလာသည်။ အောင်မောင်းကိုမြင်သည်နှင့် သူတို့ခြေလှမ်းများတုံ့သွားသည်။ မောနေသည့်ကြားက ကြိုးစားပြီး အလုအယက်သတင်းပေးကြသည်။

“ မဲလုံးကို ဟိုဘက်ရပ်ကွက်က လူကြီးတွေသတ်စားမလို့တဲ့ ”

“ သူတို့ မဲလုံးလည်ပင်းကို ကြိုးချည်ပြီး သစ်ပင်မှာချည်ပြီးသတ်နေကြတယ် ”

“ အဲ့ဒါ ဦးအောင်မောင်းကို ပြေးပြီးလာပြောတာ၊ သူတို့ကြာကန်အနောက်ဘက်က လမ်းကြားထဲမှာ ”

အောင်မောင်းရင်ထဲမှာ၊ ဦးနှောက်ထဲမှာ ဒေါသများ ဟုန်းကနဲပွက်ဆူထသွားသည်။ နီးရာဝင်းထရံမှ နှစ်လက်မ သစ်သားတစ်ချောင်းကို ဖျောင်းကနဲဆွဲဖြုတ်လိုက်သည်။ ဘယ်ကဝင်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



မှန်း မသိသောခွန်အားများဖြင့် ပူနွေးသွားသည်။ လေထက်မြန်သော အလျှင်မျိုးဖြင့် ခွေးထက်မိုက်သော သူတွေရှိနိုင်မည့်နေရာကို အသိတရား အထိန်းအကွပ်မဲ့စွာပြေးသွားသည်။

အောင်မောင်းနောက်ကျသွားပါပြီ။ မဲလုံးကား လူမသူတော်များလက်ချက်ဖြင့် သွေးအိုင်ထဲမှာ မရှုမလှလဲကျ သေဆုံးနေလေပြီ။ မဲလုံးရဲ့ အသက်မဲ့နေသော ခန္ဓာကိုယ်ကိုတစ်ချက်ကြည့်လိုက်ပြီး အောင်မောင်းမျက်လုံးများ မီးဝင်းဝင်းတောက်သွားသည်။ လက်ထဲကတုတ်အရှိန်ပြင်းစွာ မြောက်တက်သွားသည်။ မျက်စိရှေ့မှာ မည်းမည်းမြင်သမျှကို တရစပ်လိုက်ရိုက်တော့သည်။ ကြောက်ကန်ကန်ပြီးရိုက်လိုက်သော တုတ်ချက်တစ်ချက်က အောင်မောင်းခေါင်းကို အရှိန်ပြင်းစွာထိမိသွားသည်။ သွေးများက အောင်မောင်းကိုယ်ပေါ်မှာ ရွှဲနစ်သွားသည်။

" ဟော့ကောင်တွေ မတရား မလုပ်နဲ့၊ ချက္ကာ ချပစ် ငါတို့ရပ်ကွက်ကိုလာကျယ်တဲ့ကောင်တွေ "

ငထွား၊ ရွှေဂဲ၊ ဖိုးဆောင်းနှင့်ကြက်ဖတို့ တုတ်တွေဓားတွေကိုယ်စီဖြင့် ပြေးဝင်လာကြသည်။ တဖက်ရပ်ကွက်မှ ခွေးသတ်သူများလဲ ကြောက်လန့်ပြီးထွက်ပြေးသွားကြသည်။ ရပ်ကွက်လူကြီးဦးသက်မောင်တို့ အဖွဲ့နှင့်အတူ ကိုကျော်ဝေနှင့်ဦးလူကလေးတို့ပါရောက်လာကြသည်။ ကိုယ့်ရပ်ကွက်သားကိုယ်ထိန်းကြ၊ အောင်မောင်းကို ဆေးခန်းပို့ရန်စီစဉ်ကြဖြင့် တန်ဆောင်တိုင်ညလေးမလှမပပြီးဆုံးသွားခဲ့ရပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ရဲစွမ်းနိုင်နှင့်မိုးသီတာဝေးတို့ ရပ်ကွက်ထဲမှာ တတွဲတွဲသွားလာနေသော သတင်းကို ငထွားက အော့နှလုံးနာစွာပြောသည်။

" မိန်းကလေးတွေရဲ့ အချစ်က ဘယ်လိုမှယုံချင်စရာမကောင်းပါဘူးကွာ၊ အခုဆီထမင်း အခုစာကလေးကြော်နဲ့ သူတို့မို့ တတ်လဲတတ်နိုင်ကြတယ် "

ငထွားစကားကို နားထောင်ရင်း ကြက်ဖကတွေးတွေးဆဆ စကားဆိုသည်။

" မိုးသီတာဝေးကိုချည်း အပြစ်တင်လို့တော့ မရဘူးကွ၊ ငါတို့ဆရာလေးကိုကျော်ဝေ တွေဝေတာ၊ မပြတ်သားတာကြောင့်လဲ အခုလိုဖြစ်ကုန်ရတာတွေပါတယ် "

ဖိုးဆောင်းက စကားဝိုင်းထဲဝင်မပါပဲ ထမင်းကိုသာငုံ့စားနေသည်။ ရွှေဂဲက ဖိုးဆောင်းနှင့်အတူ ဝါးကွပ်ပျစ်လေးပေါ်မှာ ထမင်းအတူစားနေရာမှ ဝင်ပြီးအသောဖောက်လိုက်သေးသည်။

" မင်းတို့ ဘာမှမသိအဲနဲ့ စွတ်ဝေဖန်မနေကြနဲ့ ကိုကျော်ဝေက သူ့ကိုယ်သူသိလို့ ကောင်မလေးကို မယူရဲတာဖြစ်မှာပေါ့ ဟဲ ဟဲ "

" ဟော့ကောင် မညစ်ပတ်နဲ့ ကိုကျော်ဝေတ ဘာသူ့ကိုယ်သူသိရမှာလဲ "

ရွှေဂဲစကားအဆုံးမှာ 'ဟဲ ဟဲ' ကပါနေတော့ ငထွားက

www.burmeseclassic.com

www.burmeseclassic.com



မယုံသင်္ကာမေးလိုက်သည်။ ရွှေဂဲက စပ်ဖြဲဖြဲမျက်နှာပေးဖြင့် သူ စကားသူလုံအောင်ကာသည်။

" ငါ ဆိုလိုတာက သူမိန်းမတစ်ယောက်ကို လုပ်မကျွေး နိုင်ဘူးဆိုတာကိုသိလို့ မယူရဲတာလို့ပြောတာပါကွာ "

" မင်းစကားပြောရင် မရှင်းမရှင်းသိပ်လုပ်တဲ့ကောင် "

ဖိုးဆောင်းက ထမင်းစကားတာကို ရပ်လိုက်ပြီး ပိုသော ထမင်းများကို ခွေးစာခွက်ထဲထည့်ပေးလိုက်သည်။ အဆင်သင့် အမြီးနှံ့ပြီး စောင့်ဆိုင်းနေသော မွေးနီက မြိန်ရည်ယှက်ရည်ပြောင် စင်အောင် စားလေသည်။ ဆိုက္ကားဂိတ်ဆီကို လူတစ်ယောက်အ လောတကောပြေးလာသည်။

" ဆိုက္ကားတစ်စင်းလောက် အမြန်လိုက်ခဲ့စမ်းပါ "

" အရေးတကြီး ဘာဖြစ်လာလို့လဲ ကိုကျောက်ခဲ "

" ကျွန်တော့် အဒေါ် ဒေါ်ဘုမ ခွေးကိုက်ခံရလို့ ဆေးခန်း သွားပြဖို့ "

" ဒေါ်ဘုမကို ဘယ်ခွေးက ကိုက်လွှတ်တာလဲ "

အရေးတကြီး ဆိုက္ကားလာခေါ်ပါတယ်ဆိုမှ ရွှေဂဲက လျှာ ရှည်နေသေးသည်။ ကျောက်ခဲဆိုသူက မကျေမချမ်းပြောသည်။

" အရေးကြီးပါတယ်ဆိုမှ မင်းတို့က စစ်လားမေးလားတွေ လုပ်နေပြန်ပြီ၊ ဘယ်ခွေးရှိရမှာလဲ ဒေါ်တင်တင်ကြီးအိမ်က ခွေး မပေါ့၊ ဒေါ်တင်တင်ကြီးဆီကို ငွေတိုးသွားချေးရင်း အကိုက်ခံခဲ့ တာ "

ကြက်ဖဆိုက္ကားပေါ်တက်ထိုင်ပြီး ကျောက်ခဲတို့ထွက်သွား ကြသည်။ ထွေးက ခွေးစာခွက်ကို လျှာဖြင့်လျက်နေသော မွေး

www.burmeseclassic.com

www.burmeseclassic.com



ကိုလူလိုသဘောထားပြီး လှမ်းပြောသည်။

" မွှေးနီရေ . . . မင်းမိန်းမကတော့ တော်တော်တရား လွန်နေပြီ "

" အင်း . . . ဟုတ်တယ်၊ တစ်နေ့ကလဲ ကိုပန်းအေးရဲ့ သမီးလေးကို ညဘက်မှာ ကိုက်လွှတ်လိုက်လို့ ကိုပန်းအေးက ခွေးဖြူမကို သတ်မယ်ဖြတ်မယ် တကဲကဲလုပ်နေသေးတယ် "

ငထွားနှင့် ဖိုးဆောင်းစကားပြောနေသည်ကို မွှေးနီက နား လည်သည့်အလား ခေါင်းလေးမော့ပြီး နားထောင်နေသည်။ ဦးလူ ကလေးထမင်းချိုင့်ကိုဆွဲရင်း ဆိုက္ကားဂိတ်ကိုရောက်လာသည်။

" ဘယ်လဲဗျ ဦးလေး ထမင်းချိုင့်ကြီးဆွဲလို့ပါလား "

" ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်သွားပို့ရင်း အောင်မောင်း သင်္ကန်းစည်းမယ့် ကိစ္စဘုန်းကြီးကိုသွားလျှောက်မလို့၊ ဘယ်သူ့ အလှည့်လဲ ငါ့ကိုလိုက်ပို့ဦး "

" ကျွန်တော်လိုက်ပို့ပေးမယ် ဦးလေး "

ငထွားဆိုက္ကားဖြင့် ဦးလူကလေးကို ဘုန်းကြီးကျောင်းလိုက် ပို့ပေးသည်။ အောင်မောင်းက တန်ဆောင်တိုင်ညက မဲလုံးသေရ သည့်ကိစ္စ၊ ရန်ပွဲဖြစ်ပွားရသည့် ကိစ္စတွေပြီးကတည်းက သင်္ကန်း ဝတ်ချင်သည်ဟု တွင်တွင်ပြောနေသည်။ အောင်မောင်းစကားကို သိပ်မယုံကြည်ကြ၍ စောင့်ကြည့်နေခဲ့ကြသည်မှာ တစ်လတင်းတင်း ပင် ပြည့်တော့မည်။ အမှန်တကယ်ပင် အောင်မောင်းအရက်လဲ လုံးဝမသောက်တော့။

" အင်း. . . အောင်မောင်းတောင် သင်္ကန်းဝတ်ဖြစ်တော့ မယ်၊ ဟော့ကောင် ဖိုးဆောင်းမင်းလဲ မိန်းမယူတော့ကွာ "

www.burmeseclassic.com

www.burmeseclassic.com



" ဘာဆိုင်လို့လဲဟ "

" ငါ့စိတ်ထဲမှာတော့ ဆိုင်သလိုလိုပဲ၊ ငါတို့ပတ်ဝန်းကျင်မှာ တော်တော်များများ ပြောင်းလဲကုန်ပြီ "

ရွှေဂဲက နောက်သလိုလို ပြောင်သလိုလို ပြောနေရာမှ မျက်နှာတည်သွားသည်။ ပြီးမှ သူ့စကားကိုဆက်သည်။

" ဆရာလေးကိုကျော်ဝေလဲ နယ်ကိုအပြောင်းကျသွားပြီ ကတည်းက ပေါ်တောင်မလာတော့ဘူးနော် "

" အေးကွာ ဆရာလေးကိုကျော်ဝေကို မကြာမကြာ သတိ ရမိတယ် "

" စုလေးနွယ်အိမ်ကို ဟို SURF ကားကြီးရောက်မလာ တော့တာလဲ တော်တော်ကြာသွားပြီ၊ မင်း သတိထားမိလား ဖိုး ဆောင်း "

ဖိုးဆောင်းက ခေါင်းကိုခပ်လေးလေးညိတ်ပြလိုက်သည်။ ရွှေဂဲမသိသေးသော သတင်းကိုဖိုးဆောင်းက မပြောချင်ပဲပြော ဖြစ်သွား၏။

" ငါကြားတာတော့၊ ကုမ္ပဏီပိုင်ရှင်ကြီးက နိုင်ငံခြား မိသားစုလိုက် အပြီးအပိုင်ထွက်သွားပြီဆိုလားပါပဲကွာ "

" ကောင်မလေးတော့ ဒုက္ခကို ငွေနဲ့ဝယ်ယူလိုက်ရတာ နော်၊ ရက်စက်လိုက်ကြတာ "

သူတို့နှစ်ယောက် ဘာစကားမှ ဆက်မပြောဖြစ်ကြတော့ မွေးနီလဲ အတန်အသင့် ဗိုက်ဝသွားဟန်တူသည်။ အမြီးကိုရမ်းရမ်း ဖြင့်ပြေးထွက်သွားတော့။

*

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာဆောင်းနေရောင်က တော်တော်နောက်ကျစွာ ရပ်ကွက်လေးပေါ် လင်းဖြာကျလာသည်။ မြူခြေသိပ်သည်းနေသေးသည်မို့ ရပ်ကွက်ရှုမျှော်ခင်းက ဝိုးတိုးဝါးတားနိုင်နေသေးသည်။ ဘာကန်လမ်းအတိုင်းနောက်ကို လှည့်ကြည့်လိုက်ရှေ့ကို အနည်းငယ်သွားလိုက်လုပ်နေသော ခွေးတစ်ကောင်နှင့် တောင်ဝှေးကို အားပြုပြီး တုံ့နှေးနှေးကြွလှမ်းနေသော ရဟန်းတစ်ပါးကို အလင်းရောင်ပါးပါးမှာ တွေ့မြင်ရပေမည်။

ထိုရဟန်းမှာ ရှင်အာစိန္ဒမည်သော ဦးဇင်းအောင်မောင်း ဖြစ်လေသည်။ ရှေ့မှသွားနေသော ခွေးရဲ့အမည်မှာ မွေးနီ။ အောင်မောင်းတစ်ယောက် သင်္ကန်းဝတ်ပြီး နောက်ပိုင်းမှာ ခေါင်းမှာထိခတ်ဖူးခဲ့သော ဒါဏ်ရာကြောင့် တစ်ကြောင်း၊ အနှစ်နှစ်အလလအရက်ခိုးရိုက်ခံခဲ့ရသော အဖြစ်ကြောင့်တစ်ကြောင်း ဦးဇင်းအောင်မောင်း မျက်လုံးအစုံမှာ တစစမှုန်ဝါးဝေ့သီလာခဲ့သည်။ ယခုဆိုလျှင် မျက်လုံးအစုံမှာ ကွယ်လုနီးနီးပင်။ တခြားသော သံဃာတော်များက ဂိလာနဒုက္ခဝေဒနာကို စာနာထောက်ထားပြီး ဦးဇင်းအောင်မောင်းကို ဆွမ်းခံမထွက်ရန်လျှောက်ထားကြပါသေးသည်။ ဦးဇင်းအောင်မောင်းက လက်မခံရပ်ကွက်လမ်းများက သူနှင့်နှင့်ခေါင်းများစွာ ကျွမ်းဝင်ပြီးဖြစ်သည်။ တောင်ဝှေးတစ်ချောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခွေးတစ်ကောင် အမှီသဟဲရှိသည်။ မိမိတာဝန် မိမိထမ်းလိုသည်။

" ဝုတ် ဝုတ် ဝုတ် "

ဖိုးဆောင်းတို့ အိမ်ရှေ့အရောက်မှာ မွေးနီက ဟောင်သံပေးသည်။ ဦးဇင်းအောင်မောင်းက မျက်လွှာကိုချပြီး ခြေအစုံရပ်လိုက်သည်။ မီးဖိုချောင်ထဲမှာ ထမင်းချက်နေသောဒေါ်တောက အေးအေးငြိမ်းကို လှမ်းနှိုးဆော်လိုက်လေသည်။

" ဦးဇင်းအောင်မောင်းကြွလာပြီ မြန်မြန်ဆွမ်းထွက်လောင်းပါဟဲ့ "

အေးအေးငြိမ်း ဆွမ်းထွက်လောင်းသည်။ မွေးနီက အေးအေးငြိမ်းခြေဖမိုးများကို လျှာဖြင့်လျက်သည်။ ဟောင်သံတစ်ချက်ပေးပြီး ရှေ့မှသွားသည်။ တောင်ဇေးကို အားပြုထောက်ရင်း ဦးဇင်းအောင်မောင်းကနောက်မှကြွသည်။ ရွှေဂဲတို့အိမ်၊ ကြက်ဖတို့အိမ်၊ ငထွားတို့အိမ်၊ ကိုပေါတို့အိမ်၊ ကိုကျော်စေတို့အိမ်၊ ဦးလူကလေးတို့အိမ်။ ထိုမျှသာဖြစ်သည်။ ဆွမ်းအမှုကိစ္စ လုံလောက်ရုံမျှမက ပိုလျှံပါသေးသည်။ ဆွမ်းစားချိန်ကို ကျော်လွန်သွားပြီးနောက်မှာ မွေးနီက ဦးဇင်းအောင်မောင်းခြေအစုံကို လျှာဖြင့်လျက်၊ ဦးနှိမ်ချပြီး ဘုန်းကြီးကျောင်းဝင်းထဲက ပြေးထွက်လာတော့သည်။

မွေးနီက ဘုန်းကြီးကျောင်းထဲကို ညခင်းဘုရားဝတ်တက်ချိန်ကျမှ ပြန်ဝင်လေ့ရှိသည်။ တစ်နေကုန် ဆိတ္တားဂိတ်မှာနေသည်။ ဒေါ်တင်တင်ကြီး အိမ်ရှေ့မှာရစ်သီရစ်သီ သွားလုပ်တတ်သည်။ ဆိတ္တားသမားများကလဲ မွေးနီကို အချစ်ခင်မပျက်ရှိမြဲ။

" ဒီည ၁၂နာရီကျော်ရင် နှစ်တစ်နှစ်ကူးသွားပြန်ပြီကွ"

ထိုစကားကို စတင်ပြောသူက ရန်ကုန်ကိုဖိုးလည်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



မြန်ရောက်နေသော ကျောင်းဆရာလေးကိုကျော်ဝေပင်ဖြစ်သည်။ ကိုကျော်ဝေရဲ့ စကားကိုနားထောင်ရင်း ဦးလူကလေးကရယ်သည်။

" ဘာလဲ . . . တစ်နှစ်ကူးသွားပြီဆိုတော့ မိန်းမယူဖို့ နီးစပ်လာတာကို ပြောမလို့လား၊ အခုတာဝန်ကျတဲ့မြို့မှာ တွေ့ထားပြီထင်တယ် "

" မဟုတ်ရချည်ပါဘူး ဦးလေးရယ်၊ ကျွန်တော့်လစာလေး မဖြစ်စလောက်နဲ့ ကိုယ့်မအေကိုယ်တောင်လုပ် မကျွေးနိုင်သေးဘူး၊ မိန်းမယူဖို့ ဆိုတာအဝေးကြီး "

" ဆရာလေးကိုကျော်ဝေလဲ အလည်ရောက်နေတုန်း ဒီည ကျွန်တော်တို့ ဟက်ပီးနယူးရီးယား အမှတ်တရဂိတ်မှာ တစ်ခုခုစုပြီး ချက်ပြုတ်စားကြသောက်ကြရအောင် "

ရွှေဂဲအဆိုပြုချက်ကို အားလုံးက တသဘောတည်းဝိုင်းဝန်းထောက်ခံကြသည်။ ဦးလူကလေးကတော့ စေဖန်သည့်လေသံဖြင့်ပြောသည်။

" ငါတို့မြန်မာလူမျိုးတွေက အဲ့ဒါခက်တာပဲ၊ ၁၂လရာသီမှာ ၁၂ပွဲရှိတာကိုတောင် အားမရနိုင်သေးဘူး ဘာလင်တိုင်းဒေးတဲ့ ဟက်ပီးနယူးရီးယားတဲ့ တကယ်တော့ အဲ့ဒါတွေက ခရစ်ယန်ဘာသာဝင်တွေနဲ့ ဆိုင်တဲ့ကိစ္စတွေ၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေက မဆီမဆိုင် "

" ဦးလေးတို့ကတော့ အသက်ကြီးသွားပြီကိုး၊ အပျော်အပါးဘယ်ရှာတော့မလဲ "

ဦးလူကလေးကို ဖိုးဆောင်းကအပီချည်လိုက်သည်။ ဖိုးဆောင်းစကားကိုလိုက်ပြီး ငထွားကနောက်၏။

www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို ဒီညစုပြီး ပျော်ပျော်ပါးပါး စားကြသောက်ကြမယ့် ကိစ္စမှာ ဦးလေးမပါဝင်တော့ဘူးပေါ့နော် "

" ဟော့ကောင် ထွား၊ မင်းက ငါ့ကိုဝိုင်းပယ်တဲ့သဘော လား "

ဦးလူကလေးက ဒေါနှင့်မောနှင့်ပြောတော့ အားလုံးက ဝိုင်းရယ်ကြသည်။ မွေးနီက ဆိုက္ကားဂိတ်ထဲဝင်လာပြီး ကိုကျော်ဝေ အနီးကပ်ကာ နှာခေါင်းကိုရှုံ့ပွရှုံ့ပွလုပ်ပြီး အနံ့ခံသည်။ ပြီးမှမှတ် မိပါသည်ဆိုသည့်သဘောဖြင့် ခြေထောက်ကိုခေါင်းဖြင့် တိုးဝှေ့နေ သည်။ ကိုကျော်ဝေက သဘောအကျကြီးကျသွား၏။

" ဟား ဟား ဟား မွေးနီ၊ မင်းတော်တော်ကို ပါးနပ်တဲ့ ကောင်ဘဲကိုး "

"မွေးနီက ပါးနပ်ရုံတင်ဘယ်ကမလဲ၊ တော်တော်လည်ပြီး လိမ္မာတဲ့ကောင်ဗျ အခုသူ ဘုန်းကြီးကျောင်းက စားသောက်ပြီးပြန် လာတာဖြစ်မယ် "

" ဦးဇင်းအောင်မောင်း မနက်ပိုင်းဆွမ်းခံထွက်ချိန်ဆိုရင် သူက ရှေ့ကနေ ဖိုးသူတော်အလုပ်ကို လိုက်လုပ်ပေးတယ်လေ "

" ဟဲ ဟဲ မနက်ပိုင်း ဖိုးသူတော် ညပိုင်းခွေးဖြူမရဲ့ ကိုယ် ရံတော် ဆိုတာလဲထည့်ပြောဦးလေ "

မွေးနီနှင့်ပတ်သက်၍ တစ်ယောက်တစ်ခွန်း ဝိုင်းချီးမွမ်း ခန်းဖွင့်ကြသည်။ မွေးနီကလဲ သူ့အကြောင်းပြောနေသည်ကို သိ သည့်အလား တအီအီဖြင့် အကုန်လုံးရဲ့ ခြေထောက်များကိုခေါင်း ဖြင့်လိုက်ခွေ့နေသည်။

" မွေးနီအကြောင်းပြောမှ သတိရတယ်၊ မနက်လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်မှာ ကျောက်ခဲနဲ့ ကိုပန်းအောင်တို့ ဒီညခွေးဖြူမကို အဆိပ်တုံးပစ်ပြီး သတ်ဖို့တိုင်ပင်နေတာကြားခဲ့တယ်၊ ငါတောင် မလုပ်ဖို့ တားခဲ့သေးတယ် ”

ကိုကျော်ဝေက သူကြားခဲ့သောသတင်းကို အမှတ်မထင် ပြောလိုက်သည်။ ထိုစဉ်ဦးရန်ဝေး ခွေးကျောင်းထွက်လာရင်း ဆိုက္ကားဂိတ်ထဲ ဝင်လာသည်မို့ စကားလမ်းကြောင်းက ပြောင်းသွားသည်။ ဦးရန်ဝေးကိုကြည့်ရသည်မှာ ဒေါသတွေ မာန်မာနတွေ တော်တော်လျှော့ချထားပုံရသည်။

“ မောင်ကျော်ဝေ ဘယ်တုန်းကပြန်ရောက်လာတာလဲ”

“ မနေ့ကပဲ ဦးလေး၊ ဦးလေးနေကောင်းတယ်နော် ”

“ အေးကွာ ကောင်းပါတယ် ”

မွှေးနီကို တယ်ရီယာခွေးလေးနှစ်ကောင်က အမျိုးမျိုးစနေကြသည်။ မွှေးနီကရန်မမူ၊ ကွေ့ပတ်ရှောင်ပေးနေသည်။ မွှေးနီနှင့်ပတ်သက်ပြီး ဦးရန်ဝေးရှေ့မှာ ဦးလူကလေးက တမင်ဂုဏ်ယူပြီးပြောလိုက်သည်။

“ ကြည့်စမ်းဗျာ. . . မွှေးနီဆိုတဲ့ကောင်က ဘယ်လောက်များသည်းခံတတ်လိုက်သလဲလို့ ”

ဦးလူကလေး ထင်သလို ဦးရန်ဝေးက ဒေါသဖြစ်မသွား၊ လေသံအေးအေးလေးဖြင့် သံဝေဂဆန်ဆန်ပြောရင်း ထွက်သွားသည်။

“ အေးဗျာ ကျုပ်တို့တတွေဟာ တိရစ္ဆာန်တွေကိုကြည့်ပြီး တော့လဲ ကိုယ့်ကိုယ်ကို ဆင်ခြင်စဉ်းစားသင့်တယ် ”

ဦးရန်ဝေးပြောင်းလဲသွားသည်ကို သတိထားလိုက်မိကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွှေဂဲက အမိအရနောက်လိုက်သေးသည်။

" ဦးရန်ဝေး အခုလိုပြောင်းလဲသွားတာ သူ့သမီးကို ကိုကျော်ဝေ မယူတာကြောင့်ဖြစ်မယ်ထင်တယ် "

" တော်ပါတော့ . . . ရွှေဂဲရာ ပြီးခဲ့တဲ့အဟောင်းတွေ အသစ်ပြန် မခံစားပါရစေနဲ့တော့ "

ကိုကျော်ဝေက လေးပစ်နွမ်းလျစွာပြောရင်းနေရာမှ ထရပ်လိုက်သည်။ ဖိုးဆောင်းက ဟက်ပီးနယူးရီးယားည ပျော်ရွှင်ပွဲအတွက် သတိထပ်ပေးလိုက်သည်။

" ကိုကျော်ဝေ ဒီည ဒီမှာစုပျော်ကြမယ်နော် "

" အေးပါကွာ ငါလာခဲ့ပါ့မယ် "

ကိုကျော်ဝေနှင့် ဦးလူကလေးတို့ ထပြန်သွားကြသည်။ ကြက်ဖနှင့် ငထွားက ကျားထိုးရန်မြေကြီးကို တုတ်ဖြင့်ခြစ်ပြီး ကျားကွက်ဆွဲနေကြလေပြီ။ ဘယ်သူတွေ ဘယ်လိုပြောင်းလဲစေ သူတို့ဆိုက္ကားဂိတ်ကလေးကတော့ အပြောင်းအလဲသိပ်မရှိလှပါ။

*

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းနေဝင်ပြီးကတည်းက ဆိုက္ကားဂိတ်လေးမှာ ချက်ပြုတ်ကြရန် စီစဉ်နေကြသည်။ ဦးလူကလေးက သူ့ကုန်စုံဆိုင်မှ ငါးသလောက်ဗူးများ ကြက်ဥများယူလာသည်။ ရန်ပုံငွေ ၅၀၀စီခွဲပြီး ရွှေဂဲက ဘီအီးအရက်၅လုံးနှင့် လစ်ပိုဗူး၁၀ဗူးဝယ်လာသည်။ ကြက်ဖနှင့် ဖိုးဆောင်းတို့က ဆန်သွားဝယ်သည်။ ငထွားကကြက်တစ်ကောင်ဆွဲလာသည်။

ချက်ကြပြုတ်ကြ၊ ထင်ရာတွေ လွတ်လွတ်လပ်လပ် လျှောက်ပြောကြနှင့် တဝါးဝါးတဟားဟား ပျော်ရွှင်နေကြသည်။ ရွှေဂဲက အရက်ပုလင်းတစ်လုံးကို စဖွင့်ပြီး လစ်ပိုအချိုရည်ဖြင့် ရောစပ်လိုက်၏။

" သောက်တာတော့ ထိန်းသောက်ကြနော် တော်ကြာ နှစ်သစ်ကို မကြိုဆိုလိုက်ရပဲ မူးပြီးအိပ်ပျော်ကုန်ကြဦးမယ် "

" ဒါက လွယ်ပါတယ် ဦးလေးရာ၊ ဦးလေးက လုံးဝမသောက်တဲ့သူပဲ နှစ်သစ်ရောက်ခါနီးဆယ်မိနစ်အလိုမှာ အားလုံးကို နိုးအောင်လိုက်နှိုးပေါ့ "

ရွှေဂဲက ပြောပြောဆိုဆိုဖြင့်ပင် အရက်တစ်ခွက်ငှဲ့ပြီး သောက်ချလိုက်သည်။ ကျန်သူများကလဲ အားကျမခံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်စီငှဲ့ပြီးသောက်လိုက်ကြသည်။

ည ၇နာရီခွဲ ၈နာရီခန့်မှာ ထမင်း၊ ဟင်းများကျက်သည်။ စကားတပြောပြောနှင့် သောက်ထားကြသည်မို့ တော်တော်လေး အရှိန်ရနေကြပြီ။ ကိုကျော်ဝေက ငှက်ပျော်ရွက်တစ်ရွက်ကို စင်ကြယ်အောင်သုတ်ပြီး ထမင်းနှင့် ဟင်းများပုံသည်။ ဦးလူကလေးကပါ ငှက်ပျော်ရွက်ပေါ် ထမင်းဟင်းများပုံသည်။

" ငါတို့တော့ ဗိုက်ဆာပြီ စားနှင့်တော့မယ် "

" ဦးလေးတို့ဆာရင် စားနှင့်ကြလေ၊ ကျွန်တော်တို့တော့ ဆက်သောက်ဦးမယ် "

ရွှေဂဲတို့အုပ်စုက ဆက်သောက်ကြရင်း ရယ်စရာမောစရာ များပြော၍ တဝါးဝါးတဟားဟားရယ်နေကြသည်။ ဦးလူကလေးနှင့် ကိုကျော်ဝေတို့ကတော့ စားကောင်းကောင်းနှင့် အပြည့်အသိပ်စားနေကြသည်။ စားသောက်ပြီးသည်နှင့် ဦးလူကလေးက သတိတရပြောသည်။

" ဒီညမျိုးမှာ မွေးနီကိုလဲ စိတ်ကျွေးသင့်တယ်ကွ "

" မွေးနီက ဖိတ်ကျွေးလဲ လာစားမှာမဟုတ်ဘူး ဦးလေးရဲ့ ဒီအချိန်ဆို အဲ့ဒီကောင်ခွေးဖြူမအနား ရောက်နေပြီး ချစ်ပွဲဝင်နေမှာ သေချာတယ် ဟား ဟား ဟား ထမင်းမေ့ဟင်းမေ့နေမှာပေါ့ဗျာ "

ငထွား၏ ခပ်သောသောစကားကိုနားထောင်ရင်း ကိုကျော်ဝေ မနက်ခင်းက လက်ဘက်ရည်ဆိုင်မှာ ကျောက်ခဲ့နှင့်ကိုပန်းအောင်တို့ တိုင်ပင်နေသော စကားများကိုပြန်ကြားယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဒီညတော့ ငါသမီးကို ကိုက်တဲ့ခွေးဖြူမ အသေပဲ၊ အဆိပ်တုံးပစ်ပြီးတော့ကို သတ်မယ် "

" ကောင်းတယ် အဲ့ဒီခွေးဖြူမ အကိုက်ခံရတဲ့သူတွေ မနည်း တော့ဘူး သေမှအေးမှာ "

ကိုကျော်ဝေဖြုန်းကနဲ ထရပ်လိုက်သည်။ ကိုကျော်ဝေကို အံ့ဩတကြီးဝိုင်းကြည့်ကြရင်း နားမလည်စွာ ဝိုင်းမေးကြသည်။

" ဘာဖြစ်လို့လဲ ကိုကျော်ဝေ "

" ဒီညခွေးဖြူမကို အဆိပ်တုံးပစ်ပြီး သတ်ကြလိမ့်မယ် "

" ဟာ ဒါဆို မွှေးနီ "

အားလုံးတိုင်ပင်ထားသည့်အလား ဒေါ်တင်တင်ကြီးတို့ လမ်းဆီကို ပြေးသွားကြသည်။ လမ်းထဲကို ချိုးဝင်လိုက်ကြသည် နှင့် ဦးရန်ဝေးနှင့် ဒေါ်မြနှစ်ကို ပက်ပင်းတွေ့လိုက်ကြရသည်။ ဦးရန်ဝေးက ရေးကြီးသုတ်ပျာ ပြေးလာသော သူတို့အုပ်စုကိုဆီးမေးသည်။

" ဟာ . . ဒီမှာ မင်းတို့ ဘာဖြစ်လာကြတာလဲ "

" မွှေးနီ မွှေးနီကို တွေ့မိသလားဦးလေး "

" အခုတင်ပဲ ပြောလာကြတာ မွှေးနီကိုလိမ္မာတယ်လို့ထင် မိပါတယ်၊ ခွေးဖြူမကို ကိုက်လွှတ်ပြီး ခွေးဖြူမစားမယ့်အစာကို လုစားပြေးသွားတယ်လေ "

" ဟာ ဒုက္ခပဲ၊ ဘယ်ဘက်ကို ပြေးသွားတာလဲ "

" အဲ့ဒီဘက်ကိုပဲ "

ဦးရန်ဝေးကိုပင် နှုတ်မဆက်ကြတော့ပဲ ဦးရန်ဝေးညွှန်ပြသည့် ကြာကန်သွားရာလမ်းဘက်ကို သူတို့အုပ်စုပြေးလိုက်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

" တကတည်းတော် လမ်းဘေးချွေးကိုများ အရေးလုပ်နေလိုက်ကြတာ "

ဒေါ်မြနှစ်ရဲ့ အပြစ်တင်သံက နောက်မှာကျန်နေခဲ့သည်။ ဖိုးဆောင်းတို့ အိမ်ရှေ့မရောက်ခင်မှာ မွှေးနီကို သူတို့လှမ်းမြင်လိုက်ကြသည်။

" ဟာ . . . ဟိုမှာ မွှေးနီ "

" မွှေးနီ "

ဦးလူကလေးက အက်ကွဲရှတသော အသံဖြင့်လှမ်းအော်သည်။ မွှေးနီက တစ်ချက်လှည့်ကြည့်ပြီး ဆက်ပြေးသည်။ သူတို့အုပ်စုကလဲ နောက်မှဆက်လိုက်ကသည်။ အော်သံ ပြေးသံများကြောင့် ရပ်ကွက်ထဲက လူတချို့ကလဲ ဘာမသိဘာမသိဖြင့် ထွက်လိုက်လာကြသည်။

ကြာကန်းလမ်းကိုပတ်၍ ဘုန်းကြီးကျောင်းဆီကို ဦးတည်ကာ မွှေးနီပြေးနေသည်။ ပြေးနေသော မွှေးနီခြေလှမ်းများက တစတစလေးလံလာသည်။ ပြေးရင်း ပြေးရင်း ခြေလှမ်းများယိုင်နဲ့လာကာ မွှေးနီမှာ ဘိုင်းကနဲပစ်လဲကျသွားလေတော့သည်။ မွှေးနီပါးစပ်ထဲက အမြှုပ်ဖွေးဖွေးများမြင်မကောင်းအောင် ထွက်ကျလာသည်။ မွှေးနီအနီးမှာ သူတို့အားလုံး ထိုင်ချလိုက်ကြသည်။ မွှေးနီမှာ တအီအီအော်မြည်ရင်း တဖြည်းဖြည်းငြိမ်သက်သွားလေတော့သည်။ မွှေးနီ သေဆုံးသွားလေပြီ။

" မွှေးနီ မွှေးနီ မွှေးနီ "

မွှေးနီသေဆုံးသွားသည်ကို မယုံကြည်နိုင်ဘဲလို သူတို့အား

www.burmeseclassic.com

www.burmeseclassic.com



လုံးက ဝိုင်းခေါ်ရင်းလှုပ်နှိုးကြည့်နေမိကြသည်။ မွှေးနီကား ပကတိ ငြိမ်သက် အေးစက်နေရှာပြီ။

" ဟာ ဟိုမှာ ဦးဇင်းအောင်မောင်းကြွလာတယ် "

ဘုန်းကြီးကျောင်းဝင်းအတွင်းမှ တောင်ဝှေးကိုအားပြုရင်း ဦးဇင်းအောင်မောင်း တုံ့နှေးလေးလံစွာထွက်လာသည်။ ဦးလူက လေးက ဦးဇင်းအောင်မောင်းကို သွားရောက်တွဲခေါ်လာသည်။

" မွှေးနီသေသွားရှာပြီ ဦးဇင်းအောင်မောင်း "

" အင်း အနိစ္စတရားပဲလေ မမြဲဘူးပေါ့၊ ဒါထက် မွှေးနီ ဘာဖြစ်လို့သေသွားရတာလဲ "

ဦးဇင်းအောင်မောင်းက သံယောဇဉ်မကင်းသော အသံ ဖြင့်မေးသည်။ ရွှေဂဲက ဝမ်းနည်းကြေကွဲစွာ လျှောက်တင်လိုက် သည်။ ရပ်ကွက်ထဲက လူများကလဲ စိတ်ဝင်တစားနားထောင်နေ ကြ၏။

" ခွေးဖြူမဆီကို ညစဉ်မွှေးနီကသွားနေကျ ဘုရား၊ ဒီည ခွေးဖြူမစားမယ့် အစာကိုမွှေးနီလုစားတယ် "

" ဟေ ... မွှေးနီက ကျောင်းမှာအဝအတင်းစားလို့ရ တာပဲ၊ ဘာလို့များ သူတပါးအစာကို လုစားရတာပါလိမ့် "

ဦးဇင်းအောင်မောင်းက မွှေးနီအကြောင်းကိုအသိဆုံး၊ တစ်ခါမှ သူတပါးအစာကိုလုမစားတတ်ပါပဲ၊ အခုညမှ မွှေးနီ ဘယ်လိုဖြစ်သွားသည်ကို နားမလည်နိုင်အောင်ဖြစ်သွားသည်။ ကြက်ဖက သူနားလည်သလို ဆက်လျှောက်သည်။

" ခွေးဖြူမစားမယ့် အစာထဲမှာ အဆိပ်ပါတာကို မွှေးနီ သိနေပုံရတယ် ဘုရား၊ သူ့ခွေးဖြူမ စားမိရင်သေမှာစိုးလို့ သူက

www.burmeseclassic.com

www.burmeseclassic.com



စားလိုက်တာပဲ ဖြစ်မှာပါဘုရား ”

“ ဩော် ဩော် အဆိပ်မှန်းသိပါလျက်နဲ့ တဏှာအဝိဇ္ဇာကြောင့် စားတာကိုး၊ အင်းပေါ့လေ သတ္တဝါတစ်ခု ကံဟစ်ခု၊ သဗ္ဗေသဒ္ဒါ ကမ္မသကာပေါ့ ”

ဦးဇင်းအောင်မောင်းက တောင်ဝှေးလေးကိုထောက်ရင်း ဘုန်းကြီးကျောင်းဆီကို ပြန်လည်ထွက်ခွာသွားလေသည်။ မွှေးနီကို ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးက တစ်ယောက်တမျိုးထင်မြင်ချက်တွေပေးကြသည်။ လူအုပ်ကြီးထဲမှ ရှိုက်သံလေးတစ်သံထွက်ပေါ်လာသည်။ ပြီးတော့ တိုးတိမ်အက်ရှသော စကားလေးတစ်ခွန်း။

‘ မွှေးနီရဲ့ရင်ထဲမှာမှ အချစ်စစ်ဆိုတာရှိနေသေးတယ် ’ တဲ့။

နေခြည်ယျာ

www.burmeseclassic.com